uab
Connect. Create. Change.
uab
နှစ်ပတ်လည် အစီရင်ခံစာ
၂၀၂၂
သင်နှင့် ယူအေဘီ
အမြဲအတူတူ
အားမာန်နှင့်ချီ
အနာဂတ်ဆီ

ကျွန်ပ်တို့၏ နှစ်ပတ်လည်အစီရင်ခံစာအကြောင်း

ဤနှစ်ပတ်လည်အစီရင်ခံစာသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အချိန်ကာလများအတွင်း ယူအေဘီဘာဏ်၏ ငွေရေးကြေးရေးဆိုင်ရာစွမ်းဆောင်ရည်များအပြင် ငွေရေးကြေးရေးနှင့်မနှီးနွယ်သည့် စွမ်းဆောင်ရည်များကိုပါ အဓိကထား တင်ပြထားခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် တစ်ဆယ့်ရှစ်လတာကာလများအတွင်း ကျွန်ပ်တို့နှင့်ပတ်သက်ဆက်နွယ်သူများ၏ အဓိကဖွံ့ဖြိုး တိုးတက်မှုများ၊စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စွန့်ဦးဦးခြေလှမ်းများ၊ဈေးကွက်စိန်ခေါ်မှုများနှင့် စီးပွားရေးဆိုင်ရာ ဖြေရှင်းချက်များ၊ ကျွန်ပ်တို့လုပ်ငန်းအောင်မြင်မှုများ၊ ရေတို-ရေရှည် ဦးတည်ချက်နှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများအားလုံးကို ဖော်ပြထားရှိပါသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် လာမည့်နှစ်အတွက် ဘဏ္ဍာရေးအခြေအနေနှင့် စွမ်းဆောင်ရည်များအပေါ် ခန့်မှန်းသိမြင်မှုနှင့် အနာဂတ်မျှော်မှန်းချက်များကိုလည်း ပြည့်စုံစွာ တင်ပြထားရှိပါသည်။

ကျွန်ပ်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများသည် သီးခြားလွတ်လပ်စွာ စာရင်းစစ်ဆေးထားပြီးဖြစ်သည့်အပြင်ကျွန်ပ်တို့ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်ရည်များကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြထားပါသည်။ သီးခြားရည်ညွှန်းဖော်ပြ ထားခြင်းမရှိလျှင် ဤအစီရင်ခံစာပါ အချက်အလက်များအားလုံးသည် ကုမ္ပဏီအုပ်စုနှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများနှင့်သက်ဆိုင်သည့် အချက်အလက်များသာ ဖြစ်ပါသည်။

အစီရင်ခံစာရေးသားပြုစုရာ၌ ပြည်တွင်းနှင့် နိုင်ငံတကာအရ ဖြစ်သောလိုအပ်ချက်များ၊ အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များ၊ လမ်းညွှန်ချက်များနှင့် ကောင်းမွန်သောအလေ့အထားများနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိပါသည်။

ယူအေဘီဘာဏ်အုပ်စု၏ နှစ်ပတ်လည်အစီရင်ခံစာ
အား အောက်ပါလင့်ခ်တွင် ရယူနိုင်ပါပြီ
http://www.uab.com.mm/investors/annual-report-2022

နှစ်ပတ်လည်အစီရင်ခံစာ

၂၀၂၂

မာတိကာ



၀၁ | ဥက္ကဋ္ဌ၏ အမှာစကား

၀၂ | ယူအေဘီဘဏ်အပေါ်ခြုံငုံ သုံးသပ်ချက်

- ကျွန်ုပ်တို့အကြောင်း
- ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များအကြောင်း
- ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပုံစံ

၀၃ | ၂၀၂၂ ခုနှစ်အတွက် အဓိကကျသော အထူးအလေးပေးဖော်ပြချက်များ

- ဘဏ္ဍာရေးဆိုင်ရာ အထူးအလေးပေးဖော်ပြချက် များ
- စီးပွားရေးဆိုင်ရာ အထူးအလေးပေးဖော်ပြချက်များ
- ဆုရရှိမြင့်မားရခြင်းများနှင့် အသိအမှတ်ပြုခံရခြင်းများ
- ကိုဗစ် - ၁၉ ဆိုင်ရာတုံ့ပြန်ဆောင်ရွက်မှုများ

၀၄ | CEO ၏ အမှာစကား

၀၅ | ခေါင်းဆောင်မှု

- ဒါရိုက်တာအဖွဲ့
- ဒါရိုက်တာအဖွဲ့ဝင်များ၏ ကိုယ်ရေးအကျဉ်း
- စီမံခန့်ခွဲမှုကော်မတီ
- စီမံခန့်ခွဲမှုကော်မတီဝင်များ၏ ကိုယ်ရေးအကျဉ်း

၀၆ | စီမံအုပ်ချုပ်မှု

- ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအပေါ်ခြုံငုံသုံးသပ်ထုတ်ပြန်ချက်
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့်လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

၀၇ | လူသားအရင်းနှီးဆိုင်ရာအစီရင်ခံစာ

၀၈ | ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာထုတ်ပြန်ကြေညာချက်

၀၉ | ကော်ပိုရိတ်ဆိုင်ရာသတင်းအချက်အလက်

၁၀ | ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ

- ဒါရိုက်တာများ၏အစီရင်ခံစာ
- သီးခြားလွတ်လပ်သောစာရင်းစစ်၏ အစီရင်ခံစာ
- ဘဏ္ဍာရေးအခြေအနေရှင်းတမ်း
- ဝင်ငွေရှင်းတမ်း
- အစုရှယ်ယာပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း
- ငွေသားစီးဆင်းမှုရှင်းတမ်း
- ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများ

ဥက္ကဋ္ဌ၏ အမှာစကား

လေးစားချစ်ခင်ရပါသော ပတ်သက်ဆက်နွယ်သူများခင်ဗျာ

ယူအေဘီဘဏ်၏ ဥက္ကဋ္ဌအဖြစ် ပထမဆုံးအကြိမ် ထုတ်ပြန်ကြေညာချက်အား ဟောပြောပန်ကြားခွင့်ရသည့်အတွက် အလွန်ပင်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံထိပ်တန်းဘဏ်တစ်ခုအဖြစ် ထွန်းသစ်လာစေရန် အခြေခံအုတ်မြစ်ကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်သည့် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဘဏ်အား ယခုကဲ့သို့ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့သည်မှာလည်း အခါအခွင့်သင့်လှ၊ မဂ်လာရှိလှ၍ ဝမ်းမြောက်ဝိတိ ဖြစ်မိပါတယ်။

ဘဏ်စတင်တည်ထောင်ချိန်မှစ၍ စိတ်ရောကိုယ်ပါ ဦးစီးဦးဆောင်ပြု လမ်းညွှန်ဆောင်ရွက်ပေးခဲ့သည့် ဥက္ကဋ္ဌ ဦးနေအောင်အား အထူးပင်ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ဤနေရာမှပြောကြားလိုပါတယ်။

ကောင်းမွန်သော ဂုဏ်သတင်းများနှင့် အတူဆက်လက်ဦးဆောင်ခွင့်ရသည့် အလျောက် အပေါင်းလက္ခဏာဆောင်သည့် ရလဒ်ကောင်းများအား ဖော်ဆောင်နိုင်ခဲ့ကြသည့် ယခင်အမှုဆောင်များ၏ ခေါင်းဆောင်မှုများအားလည်းကောင်း၊ ကုမ္ပဏီအုပ်စုတစ်စုလုံး၏ကြိုးပမ်းအားထုတ်မှုများအားလည်းကောင်း ကြားသိမြင်တွေ့ရ၍ အင်မတန် ဝိတိသောမနဿ ဖြစ်ရပါတယ်။

တာဝန်ထမ်းဆောင်ရသည့် ပထမဆုံးနှစ်အတွင်း ပို၍စိတ်လှုပ်ရှားဖွယ် ကောင်းသည်မှာ ယူအေဘီဘဏ်၏ ဦးတည်ချက်အသစ်ဖြစ်သည့်အပြင် မြန်မာနိုင်ငံထိပ်တန်း ဘဏ်တစ်ခုဖြစ်လာစေရေးအား မျှော်မှန်းလျက် အဖွဲ့အစည်း၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်၍ အသင့်ရှိနေမှု (growth and future-proof) တို့အား အရှိန်အဟုန်မြင့်အားကောင်းစေရန် ချမှတ်ထားခြင်းဖြစ်သည့် #ယူအေဘီဝန်ထမ်းများ (#uabians) ဝိုင်းဝန်းကူညီအားဖြည့်ပေးထားသော **"Mid-Term Strategic Roadmap uab 2025"** တွင် အုတ်တစ်ချက် သဲတစ်ပွင့်အဖြစ် ပါဝင်ခွင့်ရခြင်းပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌ၏အမှာစကား

"သုံးနှစ်ဆက်တိုက် - Euromoney ကချီးမြှင့်တဲ့ မြန်မာနိုင်ငံ၏အကောင်းဆုံးဘဏ် - ယူအေဘီဘဏ်"

ဆိုတဲ့ နှုတ်ခွန်းဆက်စကားထက် ပိုမိုဂုဏ်ယူဖွယ်ကောင်းသည့်ကိစ္စရပ် မရှိနိုင်တော့ပါ။ ယခုကဲ့သို့ နောက်ထပ်တစ်ဖန် အောင်မြင်မှုများဆောင်ကြဉ်းပေးနိုင်ခဲ့ကြသည့် uabian များအားလုံးအတွက် ဝမ်းမြောက်ကြောင်းပြောကြားလိုပါတယ်။ ယူအေဘီ၏နှစ်ထောင်းအားရဖွယ် အောင်မြင်မှုများ၊ စိတ်လှုပ်ရှားဖွယ်ခရီးလမ်းနှင့် မော်ကွန်းသစ်များရေးထိုးနိုင်မည့် မျှော်မှန်းချက်များတွင်တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လုပ်ကိုင်ခွင့်ရသည့်အတွက် အလွန်ပင်ဝမ်းသာဂုဏ်ယူနေမိပါတယ်။

တန်ဖိုးများဖန်တီးခြင်း (Value Creation)

New Normal ပုံစံသစ်ကို ဦးတည်လုပ်ကိုင်ရမည့်အခြေအနေတွင် ယခင်အမှားများမှ သုံးသပ်လေ့လာခဲ့သည်များကို အားသာချက်အဖြစ် ပြန်လည်အသုံးချပြီး အားကောင်းကောင်းဖြင့် ပြန်လည်ဦးမော့စေရေး၊ ကြံ့ကြံ့ခံနိုင်စွမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးများ အတွက် ထပ်မံကြိုးစား ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီအုပ်စုအနေဖြင့် ကပ်ရောဂါဆိုးဖြစ်ပွားနေသည့် ကာလအတွင်းမှာပင် ၂၀၂၂ ဘဏ္ဍာနှစ်အတွက် အသားတင် အမြတ်အဖြစ် မြန်မာကျပ်ငွေ ၂၀ ဘီလီယံ (ယခင်နှစ်ထက် ၁၂၄ ၇ ပိုမိုသည်အထိ) ရရှိခဲ့ပါတယ်။

ကပ်ရောဂါဆိုးဖြစ်ပွားနေသည့် အချိန်တွင်ရရှိခဲ့သည့် အတွေ့အကြုံများဖြင့် မိမိတို့ ကုမ္ပဏီအုပ်စုသည်သုံးစွဲသူများ၊ ဝန်ထမ်းများနှင့် လူမှုအဖွဲ့အစည်းများအတွက်အဓိကဦးစားပေး၍အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ၫင်းတို့၏ အကျိုးအမြတ်ရရှိမှုအား စိတ်အားထက်သန်စွာ တန်ဖိုးထားဆောင်ရွက်ပေးသည့် အလျောက်ၫင်းတို့ထံမှ ယုံကြည်အားကိုးမှုရရှိသည့်အပြင် ဘဝတိုးတက်ရေးနှင့် အခွင့်အလမ်းရရှိရေးတို့ကိုပါ အဓိကအာရုံစိုက်လုပ်ဆောင်လျက်ရှိပါတယ်။ သူတို့နှင့်အမြဲအတူရှိ၍ လိုအပ်ချက်များကို နားလည်သဘောပေါက်ပြီး ဘဏ္ဍာရေးနှင့် ၎င်းတို့လျှောက်လှမ်းနေသည့်လမ်းကြောင်းမှ သွေဖည်သွားခြင်းမရှိရန် အမြဲတစေဂရုစိုက်ဆောင်ရွက်လျက်ရှိပါတယ်။

ဆုံးရှုံးနိုင်ခြေနှင့် စီမံအုပ်ချုပ်မှု (Risk and Governance)

ပြည်သူ့ဘဏ္ဍာ ထိန်းသိမ်းစောင့်ရှောက်ရသူအနေဖြင့် ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်မှုမူဘောင်အား ခိုင်မာအောင် အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ နေ့စဉ်လုပ်ငန်းဆောင်တာများအား လုပ်ဆောင်ရာတွင် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရေးကို အဓိကဦးစားထားဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်တာများ လုပ်ကိုင်ရာတွင်လည်း အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျင့်သုံးလုပ်ဆောင်နိုင်ရန် အမြဲတစေကြိုးပမ်းအား ထုတ်လျက်ရှိပါတယ်။

ယခုလက်ရှိအချိန်အထိ စီမံအုပ်ချုပ်မှုအပိုင်းတွင် ထိရောက်သောနည်းလမ်းများဖြင့် စီမံအုပ်ချုပ်လျက်ရှိပါတယ်။ ဝန်ထမ်းများလိုက်နာကျင့်သုံးရမည့် အခြေခံကျင့်ဝတ်များမှစ၍ ဒါရိုက်တာအဖွဲ့နှင့် ကော်မတီ အဖွဲ့များအတွက်ဖွဲ့စည်းပုံ၊ ဆုံးဖြတ်ချက်ချရာတွင်တာဝန်ယူ၊ တာဝန်ခံမှုအစရှိသည်တို့အပြင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering and Counter Financing of Terrorism – AML /CFT) ဆိုင်ရာလိုက်နာကျင့်သုံးမှုနှင့် ဘဏ်လုပ်ငန်းစဉ်များ လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု မရှိအောင်တတ်နိုင်သမျှ ကျင့်သုံးသွားရန်တို့ကို အသေးစိတ်မှစ၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းလုပ်ကိုင်ရာတွင် နည်းလမ်းမကျသော လုပ်ငန်းစဉ်များနှင့် အားနည်းသော လုပ်ငန်းတွင်းထိန်းချုပ်မှုများကြောင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ဆုံးရှုံးနစ်နာမှုမရှိစေရန်အတွက် လုပ်ငန်းတွင်းသင်တန်းများ၊ ဆုံးရှုံးမှုများအား ကြိုတင်ကာကွယ်နိုင်စေရန် အတွေ့အကြုံဝေမျှခြင်းများ စသည်တို့အား uabians များထံ နည်းလမ်းပေါင်းစုံဖြင့် သင်ကြားပို့ချပေးလျက်ရှိပါတယ်။

ရေရှည်တည်တံ့ဖွံ့ဖြိုးစေခြင်းနှင့် စဉ်ဆက်မပြတ်သောစီးပွားရေးလုပ်ငန်း (Sustainability and Sustainable Business)

ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်း လူသားမျိုးနွယ်များနှင့် ကမ္ဘာတစ်ဝှမ်းလုံးအတွက် အထိခိုက်မခံဖြစ်နေသည့် အချိန်တွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုရှိအောင် ဆောင်ရွက်နိုင်ရေးသည် ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ အကျိုးအမြတ်ရရှိနိုင်ရန် ဆောင်ရွက်နိုင်ရေးနှင့် ထပ်တူထပ်မျှ အရေးကြီးသည့် အချက်ဖြစ်ပါတယ်။

ဤကမ္ဘာကြီးတွင် ဗီဒီယိုင်းနေထိုင်သူအနေဖြင့် ကမ္ဘာကြီး ရေရှည်တည်တံ့မှုရှိအောင် တစ်ဦးတစ်ယောက်ခြင်းအနေဖြင့် သော်လည်းကောင်း၊ အုပ်စု အဖွဲ့အစည်းအနေဖြင့် သော်လည်းကောင်း အဘက်ဘက်မှ ကူညီလုပ်ဆောင်သွားရမည်မှာ တာဝန်တစ်ရပ်ပင်ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် ထိခိုက်ခံစားရသူများအား ကူညီထောက်ပံ့သည့်အနေဖြင့် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်သူများအား PPE နှင့် လိုအပ်သည့်ပစ္စည်းများ၊ ငွေကြေး အထောက်အပံ့များ၊ ပစ္စည်းအထောက်အပံ့များ (ဥပမာ-အစားအသောက်) စသည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကာကွယ်ဆေးထိုးနိုင်ရန် စီစဉ်ပေးခြင်း၊ ပညာသင် ထောက်ပံ့ကြေးများပေးအပ်ခြင်း စသည်တို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်ုပ်တို့အနေဖြင့် ရေရှည်ရပ်တည်ရှင်သန်နိုင်ရေးအပြင် ကြံ့ကြံ့ခံနိုင်သည့် အနာဂတ်တစ်ခု ဖြစ်လာနိုင်ရန်အတွက် အားလုံးအတူတကွ လက်တွဲဆောင်ရွက်သွားရမည်ဟု အထူးပင်ယုံကြည်မိပါတယ်။

ထို့အပြင် uab 2025 plan စီမံချက်အားဦးစားပေးဆောင်ရွက်နိုင်ရန် ပိုမိုကောင်းမွန်သည့် အုပ်ချုပ်မှု၊ အာရုံစူးစိုက်နိုင်ရန်နှင့် တာဝန်ခံမှုရရှိရန်အတွက် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ခေါင်းဆောင်မှုအဖွဲ့ဝင်များတွင် အပြောင်းအလဲများ လုပ်ဆောင်ခဲ့ပါတယ်။

မိမိအနေဖြင့် ခေါင်းဆောင်အသစ်များ၏ လေးစားဂုဏ်ယူဖွယ်ရာ ခေါင်းဆောင်နိုင်စွမ်းများဖြင့် လုပ်ငန်းပိုမိုတိုးတက်အောင် လမ်းညွှန်ဆောင်ရွက်သွားမည်ဟု အထူးပင်ယုံကြည်မိပါတယ်။

နောက်ဆုံးအနေဖြင့် မိမိအား ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၏ လိုက်လဲ့စွာကြိုဆိုမှုအား ကျေးဇူးတင်ရှိပါတယ်။ ယူအေဘီနှင့် ယခုအချိန်မှစတင်၍ အလုပ်စတင်သည် ဖြစ်သည့်အတွက် uabians များနှင့် နီးနီးကပ်ကပ် အတူလက်တွဲလုပ်ဆောင်သွားရမည်ကို အထူးပင်မျှော်လင့်မိပါတယ်။

ရှေ့ဆက်ဆောင်ရွက်ရမည့် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့် အနာဂတ် ရည်မှန်းချက်အား ဦးတည်လုပ်ဆောင်ရာတွင် အကောင်းမြင်မှုများဖြင့် ကျွန်ုပ်တို့၏ စံနှုန်းများဖြစ်သည့် Leading Change, Humanising Banking ဖြင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဦးနေအေး
ဥက္ကဋ္ဌ

ယူအေဘီဘဏ်သည် မြန်မာနိုင်ငံ၏ထိပ်တန်းဘဏ်များအနက် တစ်ခုဖြစ်ပါသည်။

ယူအေဘီဘဏ်သည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများစွာအနက် ငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းများနှင့် ပတ်သက်လျှင် "အကောင်းဆုံးဘဏ်" "အကောင်းဆုံးစီမံအုပ်ချုပ်မှု" "အကောင်းဆုံးစီမံခန့်ခွဲမှုအဖွဲ့" စသည်ဖြင့် အသိအမှတ်ပြုဆုတံဆိပ်များစွာ ဆွတ်ခူးထားသည့်အပြင် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကဏ္ဍအတွက် ဦးဆောင်နိုင်သူ ကုမ္ပဏီတစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုခံရပါသည်။ ကျွန်ပ်တို့အနေဖြင့် ဘဏ်လုပ်ငန်းအပြင်သုံးစွဲသူများ၊ ဝန်ထမ်းများနှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းအား ရေရှည်ရပ်တည်နိုင်ရန်အတွက် အမိကထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယူအေဘီဘဏ်အား ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း (၅၅) မြို့နယ်၌ ဘဏ်ခွဲပေါင်း (၈၄) ခုဖြင့် ကျယ်ပြန့်သော ကွန်ရက်တစ်ခုသဖွယ် သုံးစွဲသူများအား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

တိုးတက်ပြောင်းလဲမှုကို ရှေ့ရှုသော
လူမှု အကျိုးပြုဘဏ်

ကျွန်ပ်တို့အကြောင်း

ကျွန်ပ်တို့၏ ရည်ရွယ်ချက်သည် ပိုမိုကောင်းမွန်သော
မြန်မာနိုင်ငံဆီသို့ ဦးတည်သွားရန်၊ လူထုအကျိုးပြု ဘဏ်လုပ်ငန်းကို လုပ်ဆောင်ရန်၊ ပြည်သူများနှင့်
ဆက်သွယ်ဆောင်ရွက်ရန်၊ အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန်နှင့် ပိုမိုကောင်းမွန်သော
ဘဝများဆီသို့ ပြောင်းလဲပေးရန် ဖြစ်ပါသည်။

- ကျွန်ပ်တို့သည် ဘဏ္ဍာရေးဝန်ဆောင်မှု အပြောင်းအလဲများ ဦးဆောင်ပြီး ခိုင်မာသောအခြေခံမူများနှင့် ကောင်းမွန်သော အုပ်ချုပ်မှုအပေါ်တွင် တည်ဆောက်ထားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။
- ကျွန်ပ်တို့သည် ဘဏ်လုပ်ငန်းကို နလုံးသားဖြင့် ဝန်ဆောင်မှုပေးပြီး ကျွန်ပ်တို့နေထိုင်နေသည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိ ပြည်သူလူထုကိုပါ ဂရုစိုက်မှုပြုသည်။
- ကျွန်ပ်တို့သည် ပြည်သူလူထုနှင့် ချိတ်ဆက်၍ ရပ်ရွာစိတ်ဓာတ်ဖြင့် ခိုင်မာသောဆက်ဆံရေးကို တည်ဆောက်ပါသည်။
- ကျွန်ပ်တို့သည် ဝန်ထမ်းများနှင့် သုံးစွဲသူများအတွက် ကောင်းမွန်သောအနာဂတ်နှင့် အခွင့်အလမ်းများကို ဖန်တီးပေးပါသည်။
- ကျွန်ပ်တို့သည် ပတ်ဝန်းကျင်ရှိ လူမှုအဖွဲ့အစည်းကို စွမ်းရည်မြှင့်တင်ပေးမည့် အပြောင်းအလဲဖြစ်သည့်အပြင် ကျွန်ပ်တို့နှင့်ထိစပ်နေသူများ၏ ဘဝကို ကြွယ်ဝချမ်းသာစေမည်ဖြစ်သည်။

RESILIENT AND STRONG GROWTH

TOTAL LOAN	PROFIT AFTER TAX*	TOTAL DEPOSITS
1.0 TRIL	20.4 BIL	1.4 TRIL

THE BEST AMONGST THE INDUSTRY

COST TO INCOME RATIO*	RETURN ON EQUITY*	NPL RATIO
30.6%	16.8%	8.7%

SOLID KEY PERFORMANCE INDICATORS

COST OF FUNDS*	CAPITAL ADEQUACY RATIO	CASA RATIO
~6.0%	11.6%	68.6%

Annualised based on 6 months reporting period from Oct 2021 to to Mar 2022

uab သည် သူ၏လက်အောက်ခံကုမ္ပဏီဖြစ်သည့် uab securities နှင့် အတူလက်တွဲပြီး၊ နယ်ပယ်ကဏ္ဍစုံမှ အမျိုးမျိုးသော သုံးစွဲသူများ အားလုံးထံသို့ အလုံးစုံလွှမ်းခြုံသည့် end-to-end စနစ် ငွေရေးကြေးရေးထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် ဖြေရှင်းနည်းများဖြင့် ကမ်းလှမ်းပံ့ပိုးပေးလျက်ရှိပါသည်။

(၁) လက်လီနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ (SME) အတွက် ဘဏ်ဝန်ဆောင်မှုများ (Retail & SME Banking)

လက်လီဘဏ်လုပ်ငန်းတွင် သုံးစွဲသူများ၏ ငွေရေးကြေးရေးဆိုင်ရာ ပန်းတိုင်များနှင့်မျှော်မှန်းချက်များ ပြည့်မီနိုင်ရေးအတွက်လိုအပ်သည့် ဖြေရှင်းချက်များနှင့်နည်းလမ်းများအား ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ကျွန်ပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများတွင် ဘဏ်အပ်ငွေ၊ secured and unsecured ချေးငွေ၊ အာမခံ၊ ဥစ္စာဓန ရင်းနှီးမြှုပ်နှံမှုများနှင့် ငွေသားကိုင်ဆောင် အသုံးပြုရန်မလိုသည့် ကတ်များနှင့် wallets များ စသည်တို့ ပါဝင်ပါသည်။ SME Banking သုံးစွဲမှုများ အတွက် ပံ့ပိုးကူညီရန်အတွက် ကုန်သွယ်မှုငွေကြေးဆိုင်ရာ ဖြေရှင်းချက်များအား ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ သုံးစွဲသူများ အနေဖြင့် ကျွန်ပ်တို့၏ဝန်ဆောင်မှုများအား ဘဏ်ခွဲများ၊ ATM စက်များနှင့် အွန်လိုင်းနှင့် မိုဘိုင်းဘဏ်လုပ်ငန်းများမှ တစ်ဆင့်ဆောင်ရွက်နိုင်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျွန်ပ်တို့၏ ငွေကြေးဆိုင်ရာနည်းပညာ (Fint-ech) လုပ်ငန်းအနေဖြင့် Sai Sai Pay နှင့် uabpay အမှတ်တံဆိပ်များအား ကျွန်ပ်တို့၏ ဒစ်ဂျစ်တယ် အက်ပလီကေးရှင်းများ အဖြစ်စတင် မိတ်ဆက်ခဲ့ပါသည်။ ဒစ်ဂျစ်တယ် စီးပွားရေးသည် ကျွန်ပ်တို့၏ လက်လီရောင်းဝယ်ရေးနှင့် SME ကဏ္ဍချဲ့ထွင်ရေးများ တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာမည် ဖြစ်ပါသည်။

(၂) ကော်ပိုရိတ်ဘဏ်လုပ်ငန်း (Corporate Banking)

Corporate Banking လုပ်ငန်းသည် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လိုအပ်သည့် လုပ်ငန်းဖြေရှင်းချက်များ စသည်တို့ကို ပြည့်ပြည့်စုံစုံ ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ကော်ပိုရိတ်လုပ်ငန်းများအနေဖြင့် ယေဘုယျအနေဖြင့် ရှုပ်ထွေးသော လုပ်ငန်း လိုအပ်ချက်များရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ပ်တို့ကော်ပိုရိတ်လုပ်ငန်းအနေဖြင့် ရေရှည် personalised ဆက်ဆံရေးရှိနိုင်ရန်အတွက် မည်သို့မည်ပုံ လုပ်ဆောင်ရမည်မှာ အဓိကသော့ချက်ဖြစ်ပါသည်။ သုံးစွဲသူများအနေဖြင့် ၎င်းတို့၏လုပ်ငန်းလိုအပ်ချက်အလိုက် လိုအပ်သည့် ဝန်ဆောင်မှုများပံ့ပိုး ကူညီနိုင်ရန်အတွက် သီးသန့်မန်နေဂျာများ ခန့်အပ်တာဝန်ပေးထားပါသည်။

လုပ်ငန်းလုပ်ဆောင်ရန်လိုအပ်သည့်အရင်းအနှီးများ၊ လုပ်ငန်းလိုအပ်ချက် ချေးငွေ၊ ငွေတိုက်စီမံခန့်ခွဲမှုနှင့် နိုင်ငံတကာ ကုန်သွယ်မှုဘဏ္ဍာရေး စသည်တို့ကို ပံ့ပိုးကူညီထောက်ပံ့ ပေးလျက်ရှိပါသည်။

(၃) ငွေတိုက်ဦးစီးဌာန နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ (Treasury & Financial Institutions)

Treasury ဌာနအနေဖြင့် သုံးစွဲသူများအား forex, hedging နှင့် cross currency swap စသည့် ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ဘဏ်အချင်းချင်း ချေးငွေ ရယူခြင်းအတွက် အခြားသော ဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး အစိုးရငွေတိုက်စာချုပ်များနှင့် ငွေတိုက်လက်မှတ်များတွင် ရင်းနှီးမြှုပ်နှံသည့် ကိစ္စရပ်များ လုပ်ဆောင်ပေးလျက်ရှိပါသည်။

Treasury ဌာနအနေဖြင့် ဘဏ်၏ ငွေဖြစ်လွယ်မှုများအား စောင့်ကြည့်ပြီး လိုအပ်သည်များအား ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဘဏ်၏ အရင်းအနှီးများနှင့် ရန်ပုံငွေများအား ထိရောက်စွာ အသုံးပြုနိုင်ရေး အတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

Financial Institutions (FI) ဌာနအနေဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အခြားသော အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ကောင်းမွန်စွာရှိစေရန်အတွက် ထိန်းသိမ်းလုပ်ဆောင် လျက်ရှိပါသည်။ ၎င်းအဖွဲ့အစည်းများတွင် အခြားဘဏ်များအပြင် အသေးစားငွေကြေးကုမ္ပဏီများ၊ အာမခံကုမ္ပဏီများ၊ စတော့ရှယ်ယာ လုပ်ငန်းလုပ်ကိုင်သူများနှင့် NGO များပါဝင်ပါသည်။ ၎င်းအဖွဲ့အစည်းများ အတွက် FI ဌာန အနေဖြင့် ငွေသားစီမံခန့်ခွဲမှုများ၊ ရန်ပုံငွေလွှဲပြောင်းမှုများ နှင့် လိုအပ်သည့် ဘဏ္ဍာရေးအကူအညီ အထောက်အပံ့များအား ပံ့ပိုးကူညီထောက်ပံ့ပေးလျက်ရှိပါသည်။

(၄) ငွေလွှဲပြောင်းပေးပို့ခြင်းဆိုင်ရာဘဏ်လုပ်ငန်း (Transaction Banking)

Transaction Banking ဌာနအနေဖြင့် SME နှင့် Corporate လုပ်ငန်းများအတွက် သွင်းကုန်၊ ပို့ကုန်နှင့် နိုင်ငံတကာငွေလွှဲကိစ္စရပ်များတွင် ၎င်းတို့၏ ကုန်သွယ်မှုဘဏ္ဍာရေး လိုအပ်ချက်များ အားကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းများအတွက် ငွေလွှဲစာတမ်း (Letter of Credit) စနစ်ဖြင့်ငွေပေးချေခြင်းများ၊ Documentary Collection စနစ်ဖြင့် ငွေကောက်ခံခြင်းများနှင့် SWIFT စနစ်ဖြင့်ပေးချေမှု ဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်လီ လုပ်ငန်းများအတွက် ငွေသွင်း ငွေထုတ်ကိစ္စရပ်များ၊ ငွေပေးချေမှု ကိစ္စရပ်များနှင့် Western Union နှင့် RIA Money Transfers များတဆင့် လုပ်သားများအတွက် လွယ်ကူ လျင်မြန်သည့်ငွေလွှဲမှုများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၅) ဘဏ်မှတဆင့်အာမခံဝန်ဆောင်မှုပေးခြင်းလုပ်ငန်း (Bancassurance)

Manulife အာမခံလုပ်ငန်းနှင့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ထားသည့် Bancassurance ဌာနသည် မြန်မာပြည်သူပြည်သားများ အတွက်ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်းများ အပြင် ၎င်းတို့အနေဖြင့် မိမိကိုယ်မိမိ အကာအကွယ်ပြုနိုင်ရန်နှင့် ကလေးများ၏ ပညာရေးအနာဂတ်အတွက် ရေရှည်အထောက်အပံ့ ဖြစ်စေရန် ကူညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိအချိန်တွင် ရရှိနိုင်သည့် အာမခံဝန်ဆောင်မှုများမှာ

- Manulife Protector
- Education Life
- Credit Life Protector စသည်တို့ဖြစ်ပါသည်။

ကျွန်ပ်တို့အနေဖြင့် သုံးစွဲသူများအား ထုတ်ကုန်အသစ်များဖြင့် မိတ်ဆက်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

uab securities သည် uab ဘဏ်၏ လက်အောက်ခံကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ လုပ်ငန်းလိုင်စင်ချထားပေးသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်လုပ်ငန်းများအနက် အစောဆုံး ပေါ်ပေါက်ခဲ့သည့်လုပ်ငန်း တစ်ခုဖြစ်ပါသည်။ uab securities သည် လက်လီနှင့် အလယ်အလတ်ဈေးကွက်၊ ကော်ပိုရိတ်နှင့် အဖွဲ့အစည်းဆိုင်ရာ ငွေအပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်း ထုတ်ကုန်များနှင့် ဖြေရှင်းနည်းများကို အောက်ပါအတိုင်း အပြည့်အဝ ပံ့ပိုးပေးထားပါသည်။

Securities Trading

Securities Trading သည် ရန်ကုန်စတော့အိတ်ချိန်းတွင်ရှယ်ယာရောင်းဝယ်မှုကို ပြုလုပ်ပေးပါသည်။ uab securities သည် ရန်ကုန်စတော့အိတ်ချိန်း၏ တရားဝင်ကုန်သွယ် ရေးမိတ်ဖက်ဖြစ်ပါ သည်။

Securities Trading သည် မြန်မာနိုင်ငံတော်အစိုးရ၏ ငွေတိုက်စာချုပ်ရောင်းဝယ်ခြင်းနှင့် မြန်မာနိုင်ငံရှိ စာရင်းဝင်ခြင်းမရှိ သေးသည့် အများပိုင်ကုမ္ပဏီများ၏ ရှယ်ယာရောင်း ဝယ်ခြင်းများကို ဝန်ဆောင်မှု ပေးပါသည်။

ရင်းနှီးမြှုပ်နှံမှုဘဏ်လုပ်ငန်း

ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းသည် အောက်ဖော်ပြပါ အကြံပေး ဝန်ဆောင်မှုများကို ပြုလုပ်ပေးလျက်ရှိပါသည်။

- Mergers and Acquisition "M&A"
- ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ခြင်း ရှယ်ယာပါဝင်မှုကို အများပြည်သူတို့ကမ်းလှမ်းခြင်း (IPO)။ စတော့ရှယ်ယာများ ထည့်ဝင်ခြင်းနှင့် ရောင်းဝယ်ခြင်းစသည့် အကြံပေးဝန်းဆောင်မှုများ (Placement and rights issue)
- စီးပွားရေးဆိုင်ရာ လုပ်ငန်းတန်ဖိုး သတ်မှတ်ပေးခြင်း (Business Valuation)
- စီးပွားရေးလုပ်ငန်းနှင့် ကြွေးမြီလည်ပတ်မှုဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်း (Corporate and Debt Restructuring)
- ကြွေးမြီဆိုင်ရာ ငွေကြေးဖြေရှင်းချက်များ (Debt Financing Solutions)

ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအမျိုးမျိုး ဖြန့်ကျက်လုပ်ကိုင်ခြင်း

uab securities သည် ပေါင်းစည်းဆက်သွယ်ရေး (Connectivity) နှင့် အားသာချက်စွမ်းရည် (Strength) တို့အပေါ် အရင်းအနှီးပြု၍ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဆန်းစစ်ကာဆောင်ရွက်ဆဲ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိနေသည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှု အသစ်များကိုမိတ် ဆက်ပေးလျက်ရှိပါ သည်။

Securities Trading ကဏ္ဍတွင် uab securities အနေဖြင့် ထုတ်ကုန်အသစ်ဖြစ်သည့် မြန်မာနိုင်ငံတော် "Myanmar Govern-ment Treasury Retail Bond" အား ဈေးကွက်အသွင်းသို့ မိတ်ဆက်ခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကုမ္ပဏီအနေဖြင့် ဝင်ငွေလမ်းကြောင်း အသစ်အနေဖြင့် ထပ်တိုးဆောင်ရွက်ပေးခြင်းကြောင့် အကျိုးကျေးဇူးနှစ်ဆ ရရှိမည်ဖြစ်သည့် အပြင်ရင်းနှီးမြှုပ်နှံရာတွင်လည်း အများပြည် သူအနေဖြင့် လွတ်လပ်စွာရင်းနှီးမြှုပ်နှံနိုင်သည်ဖြစ်ပါသည်။

uab securities အနေဖြင့် ဝင်ငွေရနိုင်မည့် လုပ်ငန်းများအား အဘက်ဘက်မှနေ၍ ရရှိနိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိပါသည်။

Best Investment Bank Myanmar 2022

Our Mission

- We strive to provide best-in-class advice and pride ourselves in offering thoughtful advice, tailored to the financial objectives of our clients
- We strive to provide execution excellence on the most complex transactions in order to help our clients grow
- We maintain a steadfast commitment to building long term relation with the client

Our Business Model

We Deploy Our Capital Optimally

- Financial Strength
- Robust Relationship
- Branding
- Physical Network
- Valued People
- Strategic Capital
- Intellectual Capital

Through Our Strategy and Focus Areas

OUR PURPOSE

"Lead the way towards a better Myanmar, humanising banking, connecting people, creating opportunities and changing llives"

OUR BUSINESS PILLARS

- **Retail & SME Banking**
- **Wholesale Banking**
  (Corporate Banking, Treasury & Financial Institutions, Transaction Banking)
- **Investment Banking**
  (uab securities)
- **Banca Assurance**

OUR FOCUS AREA

And Business Activities

- Lending of Loans and Financing
- Deposit Taking
- Treasury & Trading
- Investment Banking & Securities Trading
- Insurance

To Create Sustainable Value To Our Stakeholders

- Shareholders
- Employees
- Regulators
- Customers
- Business Partners
- Society

WE CREATE VALUE

Five-Year Group Financial Summary

Operating Income
(MMK'mil)



Profit After Tax
(MMK'mil)



Customer Loan
(MMK'bil)



Customer Deposit
(MMK'bil)



Return on Equity
(%)



Return on Assets
(%)



Please refer to the detailed source numbers of the graphs in the next page

uab Bank Group	2018	2019	2020	2021	2022
Key Income Statement Items (MMK'mil)					
Operating Income	36,294	48,739	54,696	72,451	92,384
Operating Expense	25,258	24,625	28,234	27,165	28,298
Operating Profit [N1]	11,036	24,115	26,461	45,286	64,086
Profit After Tax	7,407	14,630	15,589	9,112	20,426
Key Balance Sheet Items (MMK'mil)					
Customer Loan	663,065	746,133	820,522	920,857	1,046,399
Customer Deposit	909,565	1,008,372	1,118,886	1,191,507	1,445,279
Total Asset	1,055,895	1,198,126	1,466,457	1,650,503	1,901,872
Shareholders' Equity	75,504	92,121	107,834	116,173	127,129
Key Financial Indicators (%)					
Cost to Income Ratio (CIR)	69.6%	50.5%	51.6%	37.5%	30.6%
Gross Non-performing Loan Ratio (NPL)	4.7%	4.9%	5.5%	8.6%	8.6%
Nett Non-performing Loan Ratio (NPL)	3.0%	2.9%	2.9%	2.6%	1.4%
Loan Loss Coverage (LLC)	38.3%	42.7%	47.4%	70.2%	83.3%
Return on Average Equity (ROAE)	12.3%	17.5%	15.6%	8.1%	16.8%
Return on Average Assets (ROAA)	0.7%	0.9%	0.8%	0.4%	0.8%
Capital Adequacy Ratio (CAR)					
Tier 1 CAR	7.3%	8.3%	9.2%	9.1%	10.4%
Total CAR	8.5%	9.6%	10.5%	10.3%	11.6%
Liquidity Ratio	23.6%	26.1%	31.4%	31.1%	37.8%

Key Income Statement Items - annualised based on 6 months reporting period from Oct 2021 to to Mar 2022

Key Financial Indicators - CIR, ROAE and ROAA, based on annualised 6 months reporting period from Oct 2021 to Mar 2022

[N1] Operating Profit before LLP

Business Highlights

23rd January 2021

1st Virtual Career Day

June 2021

10 years long service award

1st July 2021

11th Annual General Meeting

25th & 26th September 2021

Business Plan with Management Session

30th October ~ 2nd November 2021

Business Plan presentation to BODs



18th October 2021

Thadinguyt Garawa

5th November 2021

uabians Town Hall

25th & 27th November 2021

New Joiner Orientation

20th December 2021

Top Performer Awarding Ceremony

25th & 26th January 2022

Director Training and Orientation

8th March 2022

100 Days Graduation Ceremony with Manulife

10th March 2022

Strategic Partnership with Citizen Pay

15th March 2022

Strategic Partnership with True Money

Business Highlights

16th – 19th March 2022

Managers Conference 2022



26th March 2022

Walk-in Interview

4th April 2022

Welcoming New BODs and Introduction with uabians

6th April 2022

Customer Appreciation Dinner
(Corporate Banking)

20th May 2022

Networking Event
(Treasury & Financial Institutions)

22nd June 2022

A Morning Session on Carrers and
improving Business English

3rd May 2022

Strategic Partnership with Modus Operandi

16th June 2022

Customer Appreciation Dinner
(Transaction Banking)

1st July 2022

Merchants Appreciation Event
(Merchants Acquiring)

ကျွန်ပ်တို့ချစ်ခင်ရပါသော

ဥက္ကဋ္ဌကြီးအား နှုတ်ဆက်ခွဲခွာခြင်း

ဥက္ကဋ္ဌကြီး ဦးနေအောင်၏ လုပ်ငန်းအတွက် ပေးဆပ်လုပ်ဆောင်မှုများက uab ဘဏ်၏ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းဆောင်တာများ၊ အနာဂတ်အောင်မြင်မှုများအတွက် ကောင်းမွန်သော အထောက်အပံ့များအနေဖြင့် အမြဲတစေပါဝင်သွားမည်မှာ ဇကန်မုချပင် ဖြစ်ပါသည်။

ဦးနေအောင်သည် အမြော်အမြင်ရှိသော ခေါင်းဆောင်တစ်ဦးဖြစ်ပြီး uab ဘဏ်၏ အုတ်မြစ်ကောင်းတစ်ခုဖြစ်သည့်အပြင် ခေါင်းဆောင်ကောင်းတစ်ဦးနှင့် uabians များ၏ မိတ်ဆွေကောင်းတစ်ဦးလည်းဖြစ်ပါသည်။

သူ၏ ဆုံးဖြတ်ချက်ချနိုင်စွမ်းနှင့် ကတိကဝတ်ပြုနိုင်မှုများသည် ဘဏ်လိုက်မှုမရှိဘဲ လုပ်ငန်းတွင်းဖြစ်စေ၊ လုပ်ငန်းပြင်ပတွင်ဖြစ်စေ၊ လေးစားလိုက်နာကျင့်သုံးဖွယ်ရာများပင် ဖြစ်ပါသည်။

ဦးနေအောင်၏ ပုံပိုးကူညီမှုနှင့် အသွင်ပြောင်းလုပ်ဆောင်ရာတွင် အုတ်မြစ်ချ လမ်းညွှန်ဆောင်ရွက်ပေးမှုများကြောင့် ယခုလက်ရှိ uab ဘဏ်သည် ခိုင်မာပြီး မြန်မာနိုင်ငံ၏ထိပ်တန်းဘဏ်တစ်ခုအဖြစ် လျှောက်လှမ်းလာသည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် uabians အနေဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် ထက်မြက်မှု၊ ပညာရှင်ဆန်စွာလုပ်ငန်းလုပ်ဆောင်နိုင်မှု၊ လုပ်ငန်းအောင်မြင်မှုရရှိအောင် ဦးစီးဦးဆောင်နိုင်မှုများအား လက်ကိုင်ထား၍ ပတ်သက်ဆက်နွယ်သူများအားလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေသော စံတန်ဖိုးများအဖြစ် အမြဲနမူနာယူလုပ်ကိုင်သွားမည်ဖြစ်ပါသည်။

Awards & Accolades

EUROMONEY AWARDS FOR EXCELLENCE 2022 MYANMAR BEST BANK

"Best Bank in Myanmar 2022"

by EUROMONEY

THE ASIAMONEY AWARDS

"Best Bank Awards 2022"

by ASIAMONEY

Awards & Accolades

Banking Brand of the Year Myanmar 2022
Global Banking and Finance Awards

Best Retail Bank Myanmar 2022
Retail Banker International
Asia Trailblazer Summit and Awards

Best Investment Bank Myanmar 2021~2022
Global Banking and Finance Awards

Best Investment Banking CEO Myanmar 2021~2022
Global Banking and Finance Awards

Best Retail Bank Myanmar 2022
Global Banking and Finance Awards

Best Bank Award 2021
Global Finance

Banking CEO of the Year Myanmar 2021~2022
Global Banking and Finance Awards

Banking CFO of the Year Myanmar 2022
Global Banking and Finance Awards

- **Best Bank Myanmar**
  World Business Outlook Awards 2021
- **Best Bank In Myanmar 2021~2022**
  Global Business Review Magazine Award
- **Best Transaction Bank**
  Cash Management ~ Myanmar 2021
  International Finance
- **Best Retail Bank in Myanmar**
  Retail Banker International
- **Best Leadership Transformation**
  AmCHAM Singapore Awards
- **CSR Excellence**
  AmCHAM Singapore Awards
- **Best CSR Bank Myanmar**
  Finance Derivative Awards & Global Business Magazine Award
- **Mid-sized Domestic Retail Bank of the Year**
  Myanmar Asian Banking & Finance Awards

NAVIGATING COVID-19

ကိုဗစ် - ၁၉ ဆိုင်ရာတုံ့ပြန်ဆောင်ရွက်မှုများ

ကမ္ဘာ့တစ်ဝှမ်းတွင် ကိုဗစ် - ၁၉ကပ်ရောဂါဖြစ်ပွားမှုကြောင့် လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် ကျွန်ုပ်တို့ဖန်တီးတည်ဆောက် ထားရှိမှုများ အားလုံးအတွက်အခက်အခဲများစွာရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ထိုအခက်အခဲများသည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် လည်းကောင်း၊ ရေရှည် တည်တံ့ဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေရာတွင်လည်းကောင်း၊ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။

ကျွန်ုပ်တို့၏အဓိက ဦးစားပေးသည်မှာ ရှယ်ယာရှင်များ၊ ဝန်ထမ်းများ၊ သုံးစွဲသူများ၊ ပံ့ပိုးကူညီပေးသူများ၊ ကြီးကြပ်ကွပ်ကဲသူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ လူမှုပတ်ဝန်းကျင်များစသည့် မိမိတို့နှင့် ပတ်သက်ဆက်နွယ်သူများနှင့် အမြဲတစေ ထိတွေ့ဆက်သွယ်နိုင်ရေးဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ပတ်သက်ဆက်နွယ်သူများ ကြုံတွေ့နေရသည့် ကိုဗစ် - ၁၉ ကပ်ရောဂါဆိုင်ရာ အခက်အခဲများနှင့် ကိစ္စရပ်များအား နားလည်သဘောပေါက်ပြီး ပြန်လည်ထူထောင်ရေး ကဏ္ဍအတွက် တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ကြိုးစားလျက်ရှိပါသည်။

သုံးစွဲသူများ

ကျွန်ုပ်တို့အနေဖြင့် ပေးအပ်ထားသည့် ကတိကဝတ်အတိုင်း သုံးစွဲသူများသည် ၎င်းတို့၏ ဘဏ္ဍာရေးနှင့် ပတ်သက်သည့် ကိစ္စရပ် များနှင့် ဝန်ဆောင်မှုများအား လွယ်လင့်တကူ လုံခြုံစိတ်ချစွာ သုံးစွဲနိုင်ရန် အတွက် အမြဲမပြတ် လုပ်ဆောင်လျက်ရှိပါသည်။

- ထိခိုက်ဆုံးရှုံးမှုရှိသည့် သုံးစွဲသူများအား ကူညီပံ့ပိုးသည့်အနေဖြင့် ငွေပေးချေမှုအစီအစဉ်အား ရွှေ့ဆိုင်းပေးခြင်း၊ ပြန်လည်ညှိနှိုင်းဆွေးနွေးပေးခြင်း စသဖြင့် ဘဏ္ဍာရေးရှေ့ထောင့် ဘက်မှနေ၍ အကူအညီ ပေးအပ်ခဲ့ပါသည်။
- သုံးစွဲသူများအနေဖြင့် ဘဏ်သို့ လူကိုယ်တိုင် လာရောက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား ဒစ်ဂျစ်တယ်နည်း လမ်းဖြင့် အသုံးပြုနိုင်ရန် စီစဉ်ဆောင် ရွက်ပေးခြင်းများစသည့် နည်းလမ်းများအပြင် ငွေကြေးဆိုင်ရာ အကူအညီ နည်းလမ်းများစွာကို လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။
- သုံးစွဲသူများ အနေဖြင့် နေ့စဉ် ဘဏ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် လွယ်လင့်တကူအသင်ပြေ ချောမွေ့စေရန် အလုံးစုံဒစ်ဂျစ်တယ်အခြေပြု ငွေရေးကြေးရေးဆိုင်ရာ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများအား ထိရောက်စွာ အသုံးချခြင်းနှင့် မြှင့်တင်ခြင်းများအား ပြုလုပ် ဆောင်ရွက် ခဲ့ပါသည်။
- အချို့သောဘဏ်ခွဲများအား ခေတ္တခဏပိတ်ထား၍ သော်လည်းကောင်း၊ ဘဏ်ဝန်ဆောင်မှု ပေးချိန်အားလျော့ချ၍ သော်လည်းကောင်းပြုလုပ်ပြီး ပုံမှန်ပိုးသတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအား လုပ်ဆောင်ခဲ့ပါ သည်။
- ရောဂါပြန့်ပွားရေးအား ကာကွယ်တားဆီးနိုင်ရန်အတွက် သုံးစွဲသူများ ဘဏ်ခွဲများသို့ လာရောက်သည့်အချိန်၌ သုံးစွဲသူများစောင့်ဆိုင်းရန်နေရာများတွင် social distancing အစီအမံများထားရှိခြင်း၊ ကောင်တာများတွင် နာခေါင်းစည်းနှင့် ပလပ်စတစ် အကာအရံကဲ့သို့ ကာကွယ်ရေး ပစ္စည်းများထားရှိခြင်းစသည့် စံသတ်မှတ်ချက်များ အတိုင်းလိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် လူအများတန်းစီခြင်းအားစနစ်ကျစေရန်လည်း အွန်လိုင်းဘဏ်ခွဲချိန်းဆိုမှု စနစ်တစ်ရပ် (online branch appointment system) အား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ကြီးကြပ်ကွပ်ကဲသူများ

ကြီးကြပ်ကွပ်ကဲမှု အဖွဲ့အနေဖြင့် လျော့ပေါ့ သက်သာခွင့်များအား ဆုံးဖြတ်ရာတွင် -

- ဘဏ်ချေးငွေရယူလိုသူများ၏ လိုအပ်ချက်ပမာဏပေါ်မူတည်၍ စဉ်းစားဆုံးဖြတ်ရာတွင် ၎င်းတို့၏ ပြန်လည်ပေးဆပ်နိုင်စွမ်း၊ ဆုံးရှုံးနိုင်ခြေပမာဏ၊ R&R Applications နှင့် အပေါင်ပစ္စည်းလိုအပ်ချက်များအား အကဲဖြတ်ကာ ဘဏ်ချေးငွေရယူလိုသူအတွက် အမြန်ဆုံးနှင့် အဆင်ပြေနိုင်ဆုံးဆုံးဖြတ်ချက်ရရှိနိုင်ရန် လမ်းညွှန်ချက်အသစ်များအား ချမှတ်ပေးထားပါသည်။
- အဘက်ဘက်မှ ကြုံကြုံခံနိုင်စွမ်းရှိစေရေးအတွက် လုပ်ငန်းနယ်ပယ်တွင်း ရှုတ်ခြည်းပြောင်းလဲမှုများအား တုံ့ပြန်သည့်အနေဖြင့် သီးခြား stress test တွက်ချက်မှုများနှင့် simulation analysis ဆောင်ရွက်မှုများအား ဆက်လက်ပြုလုပ်ပါသည်။
- အရင်းအနှီးနှင့် ငွေဖြစ်လွယ်မှု အင်အားအခြေအနေကို အဓိကထားပြီး အရင်းအနှီးနှင့် ငွေဖြစ်လွယ်မှု သက်သာခွင့်များကို ဘဏ်လုပ်ငန်း ကဏ္ဍအတွက် အရင်းအနှီးနှင့် ငွေဖြစ်လွယ်မှု သက်သာခွင့်များကို ကြားခံဆောင်ရွက်ပေးပြီးငွေဖြစ်လွယ်မှု လွှမ်းခြုံမှုအဆင့်များကိုလျော့ချပေးခြင်း၊ စည်းမျဉ်းစည်းကမ်းများကိုအတတ်နိုင်ဆုံးလျော့ချပေးခဲ့ပါသည်။

ဝန်ထမ်းများ

ကျွန်ုပ်တို့၏ဝန်ထမ်းများ ကျန်းမာရေးနှင့် လူမှုဖူလုံရေးကို အဓိကဦးစားပေးထားရှိသည့် Business Continuity Planကို စတင်လုပ်ဆောင်နေပြီဖြစ်ပါသည်။

- ကျွန်ုပ်တို့၏ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သုံးစွဲသူများနှင့် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းများ၏ ဘေးကင်းလုံခြုံမှုကို အဓိကထားပြီး ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။
- ရုံးပြင်ပမှ အလုပ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် အစီအစဉ်များ၊ အလုပ်မူဝါဒများနှင့် နည်းပညာများအား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။
- ဘဏ်ခွဲများမှ ဝန်ဆောင်မှုပေးနေသည့် ဘဏ်ဝန်ဆောင်မှု ကိစ္စရပ်များအား အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဘဏ်လုပ်ငန်းချိန် လျော့ချခြင်းနှင့် ဝန်ထမ်းအင်အား တိုးချဲ့ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။
- Physical distancing ပြုလုပ်ခြင်း၊ တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများ အသုံးပြုခြင်း စသည်တို့ကို မဖြစ်မနေလိုက်နာရန် စည်းကမ်းထုတ်ပြန်ထားရှိခြင်း၊ ကျန်းမာရေးအခြေအနေများအား စောင့်ကြည့် စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။
- ၂၄/၇ အရေးပေါ်အခြေအနေ စီမံခန့်ခွဲနိုင်ရေး ကော်မတီအားဖွဲ့စည်းခဲ့ပြီး ကျွန်ုပ်တို့နှင့် သက်ဆိုင်သည့် ပတ်သက်ဆက်နွယ်သူများအတွက် လိုအပ်သည့် အကူအညီ၊ အကြံဉာဏ်နှင့်အသိပေးချက်များအား ပြုလုပ်ပေးလျက်ရှိပါသည်။
- ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အလုပ်လုပ်ဆောင်နိုင်စွမ်းရည် စသည်တို့က မြှင့်တင်ပေးနိုင်ရန် အတွက် သင်ကြားပို့ချမှုများအား virtual ပို့ချသင်ကြားပေးလျက် ရှိပါသည်။

လူမှုအသိုင်းအဝိုင်း

ကျွန်ုပ်တို့ အနေဖြင့်မိမိတို့နေထိုင်ရာ လူမှုပတ်ဝန်းကျင်အားယခုအချိန်ကဲ့သို့ အကူအညီလိုအပ်နေသည့် အချိန်တွင်တတ်စွမ်းသလောက်ပြန်လည် ကူညီဖေးမရမည် ဖြစ်သည့်အလျောက် ကူညီထောက်ပံ့မှုများအား တတ်နိုင်သည့် ဘက်မှလုပ်ဆောင်ပေးလျက်ရှိပါသည်။

- တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ရောဂါစစ်ဆေးသည့် test kits များနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်များကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေနိုင်ရန်အတွက် လိုအပ်သည်များကို ကူညီပေးလျက်ရှိပါသည်။
- ကျွန်ုပ်တို့၏ uab ဖောင်ဒေးရှင်းများတဆင့် လိုအပ်ချက်ရှိပြီး ထိခိုက်ခံစားခဲ့ရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ငွေကြေး အကူအညီ နှင့် အခြားသော လှူဒါန်းမှုများ ပြုလုပ်ပေးခဲ့ပါသည်။

ထောက်ပံ့သူများ

ပြည်တွင်းနေထိုင်သူများနှင့် စီးပွားရေးလုပ်ငန်းများ၏အခက်အခဲများကို နားလည်သဘောပေါက်ထားရှိပါသည်။

- ကျွန်ုပ်တို့အား ထောက်ပံ့ကူညီပေးသူများ၏ ငွေကြေး အခက်အခဲများအား တဖက်တလမ်းမှ လျော့ချပေးနိုင်ရန် အတွက် ငွေပေးချေမှုများအား လုပ်ဆောင်ပေးလျက်ရှိပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ကူညီထောက်ပံ့ပေးသူ များလုပ်ဆောင်ပေးလျက်ရှိပါသည်။

အစုရှယ်ယာရှင်များ

ကျွန်ုပ်တို့အနေဖြင့် ထူထောင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် ရေတို - ရေရှည် လုပ်ငန်းစဉ်များအား ရှယ်ယာရှင်များထံသို့ အမြဲတစေပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြခဲ့ပါသည်။

- နှစ်ပတ်လည် အစီရင်ခံစာနှင့် စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ထုတ်ဝေဖြန့်ချိတင်ပြခြင်း။
- နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား physical distancing နှင့် ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အတွက် virtual နည်းလမ်းဖြင့် ကျင်းပခဲ့ပါသည်။

CEO ၏ အမှာစကား

သာလွန်ထူးခြားသည့် အောင်မြင်မှုများဖြင့် သမိုင်းသစ်ဖော်ဆောင်ခြင်း

Euromoney ~ မြန်မာ့အကောင်းဆုံးဘဏ်
Asiamoney ~ မြန်မာ့အကောင်းဆုံးဘဏ်
Global Finance ~ မြန်မာ့အကောင်းဆုံးဘဏ်
Retail Bankers International ~ မြန်မာ့အကောင်းဆုံးဘဏ်
Global Banking and Finance ~ မြန်မာ့အကောင်းဆုံးဘဏ် နှင့်
အခြားသော ဆုများစွာ

uabians များအားလုံး... သင်တို့ဟာ မယုံကြည်နိုင်လောက်အောင် စွမ်းဆောင်နိုင်ကြသူတွေပါ။ သင်တို့ဟာ အတူတကွ ကျော်လွှားနိုင်ကြသူတွေပါ။

CEO ၏ အမှာစကား

"uab သည် ဘဏ်တစ်ခုထဲအနေဖြင့် မဟုတ်ဘဲ အမှတ်တံဆိပ်တစ်ခုအနေဖြင့် တည်ရှိသွားမှာ ဖြစ်ပါတယ်။ ငွေကြေးဆိုင်ရာ ကိုယ်စားပြုများနှင့်ပက်သက်လာလျှင် မြင်ယောင်လာမည့် အမှတ်တံဆိပ်တစ်ခု၊ လူမှုဘဝနှင့် ပက်သက်လာလျှင် မြင်ယောင်လာမည့် အမှတ်တံဆိပ်တစ်ခု၊ အထူးသီးသန့်ဖြစ်ခြင်း (exclusiveness)၊ ပိုင်းခြားသိမြင်ခြင်း (differentiation) နှင့် အခြားသောကိုယ်စားပြု အသီးသီးတွင် မြင်ယောင်လာစေမည့် အမှတ် တံဆိပ်တစ်ခုအဖြစ်တည်ရှိပါလိမ့်မယ်။

ကျွန်ုပ်တို့နေ့စဉ်ဘဝမှာ Google သည် အမြဲတမ်းအသုံးပြုနေရသည့် browser ဖြစ်နေသကဲ့သို့ ကျွန်ုပ်တို့ လိုချင်သည့်အရာမှန်သမျှအား ဆောင်ယူလာနိုင်မယ့်အမှတ်တံဆိပ်တစ်ခုအဖြစ် uab ဟာတည်ရှိလာပါလိမ့်မယ်။"

ခိုင်မာသည့်ဘဏ္ဍာရေးအခြေအနေအားဖော်ဆောင်ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် လုပ်ငန်းယာယီပိတ်သိမ်းခြင်း၊ လျော့ချခြင်း၊ အပြီးတိုင် ပိတ်သိမ်းရခြင်းများအား ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်ုပ်တို့အနေဖြင့်လည်း စီးပွားရေးရိုက်ခတ်မှုများနှင့်ကြုံတွေ့, ခဲ့ရသည့်ကြားမှာပင် ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ခိုင်မာပြီး ရေရှည်ခံနိုင်ရည်ရှိသည့် ရလဒ်ကောင်းများဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

လုပ်ငန်းလည်ပတ်ရာတွင် ရရှိလာသည့်အမြတ်အစွန်းသည် 28% yoy on run rate – closing on to the MMK 100 bil mark အထိ ရရှိခဲ့ပါသည်။ ထို့သို့ရရှိလာခြင်းမှာ မတူညီသည့် စီးပွားရေးလုပ်ငန်းများအား ပေါင်းစည်းလည်ပတ်ခြင်းမှ ရရှိလာခြင်းပင်ဖြစ်ပါတယ်။

အသုံးပြုမှုများကြောင့် ဝင်ငွေတိုးပွားလာသည့်အပြင် ဘဏ်ခွဲများတွင် သုံးစွဲသူများအား ဝန်ဆောင်မှုပေးရာတွင် ကုန်ကျစရိတ်များလည်း လျော့နည်းလာပါတယ်။

ထိုကဲ့သို့ ဝင်ငွေတိုးပွားလာခြင်းများအပြင် စနစ်ကျသော ကုန်ကျစရိတ်စီမံခန့်ခွဲမှုများကြောင့် မိမိတို့သည် cost to income ration အား ၃၁% အထိ (လုပ်ငန်းလည်ပတ်လာသည့် အချိန်အတွင်းအနည်းဆုံး) လျော့ချနိုင်ခဲ့ပါတယ်။ ထိုကဲ့သို့သော ကုန်ကျစရိတ် စီမံခန့်ခွဲမှုများနှင့် ဝင်ငွေရရှိလာမှုများကြောင့် ရေရှည်ခိုင်မာသည့် ပြန်လည်ပေးအပ်နိုင်စွမ်းများကိုလည်းပြုလုပ်နိုင်ခဲ့ပါတယ်။

ရလဒ်အနေဖြင့် တစ်နှစ်တာကာလအတွက် အခွန်ပေးဆောင်ပြီးနောက် အမြတ်အစွန်းအနေဖြင့် ကျပ် ၂၀ ဘီလီယံ အထိ ရရှိခဲ့ပါသည်။ ထိုကဲ့သို့ ရရှိမှုသည် uab အတွက် ပထမဆုံး အကြိမ်ပင်ဖြစ်ပါတယ်။

ထို့ပြင် ကျွန်ုပ်တို့၏ ရေရှည်စီမံကိန်းဖြစ်သည့် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းနှင့် ဘဏ်ကတ်စနစ်များ အသုံးပြုခြင်းများသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပါတယ်။ လွန်ခဲ့သည့် နှစ်နှစ်တာကာလ အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်း အသုံးပြုခြင်းမှာ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပါတယ်။ ထိုကဲ့သို့ အံ့အားသင့်ဖွယ်ရာပင် ဖြစ်ပါတယ်။

ထို့ပြင် မိမိတို့ဘဏ်လုပ်ငန်း၏ စုစုပေါင်း ချေးငွေနှင့် ဘဏ္ဍာငွေသည် မြန်မာကျပ်ငွေ ၁.၁ ထရီလီယံ (၁၄%) ထိ တိုးတက်ခဲ့ပါသည်။ လုပ်ငန်းတူအုပ်စုတစ်ခုလုံး တိုးတက်မှုထက် ၂% တိုးတက်လာခြင်းဖြစ်ပါတယ်။ မိမိတို့၏ သုံးစွဲသူများထံမှ ဘဏ်အပ်ငွေအနေဖြင့် မြန်မာကျပ်ငွေ ၁.၅ ထရီလီယံ (၂၀%) ထိ တိုးတက်လာခဲ့ပါသည်။ အလုံးစုံခြုံငုံ သုံးသပ်မှုအနေဖြင့် လျော့ကျနေသည့်အချိန်တွင် မိမိတို့သည် CASA မှ ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက် လာခြင်းဖြစ်ပါတယ်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း တည်ဆောက်ထားရှိမှု ပုံစံသည် လုံ့လဝီရိယဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် လာမည့်နှစ်များတွင် ပိုမိုကောင်းမွန်သည့် ဘဏ္ဍာရေး ရလဒ်ကောင်းများ ရရှိသွားမည်မှ ဇကန်မှုချပင် ဖြစ်သည်ဟု uab မှ ယုံကြည်ထားရှိပါတယ်။

ဦးဆောင်ပြောင်းလဲမှုနှင့် အရှိန်အဟုန်မြှင့်တင်မှု

မိမိတို့အနေဖြင့် စိန်ခေါ်မှုကာလတစ်ခုကို ကျော်ဖြတ်ခဲ့ရသော်ငြား မိမိတို့၏ သုံးစွဲသူများအနေဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းစဉ်များအား လုပ်ဆောင်ရာတွင် ၎င်းတို့၏ လိုအပ်ချက် အလုံးစုံကို ဖြည့်တင်းပေးနိုင်ရန်အတွက် နှင့် အလုံးစုံလွှမ်းခြုံနိုင်သည့် အခြေအနေတစ်ခု တည်ဆောက်နိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့အနေဖြင့် အားထုတ်မှု နှင့် ကြိုးစားမှုများအား မှန်ကန်သောစိတ်ရင်းဖြင့် လုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုအချိန်တွင် ရလဒ်ကောင်းများ တစ်ခုပြီးတစ်ခု ရရှိလာပြီဖြစ်ပါတယ်။

လုပ်ငန်းပိုင်းဆိုင်ရာတွင်လည်း မိမိတို့အနေဖြင့် မဟာဗျူဟာအသစ်များအား ချမှတ်လုပ်ဆောင်လျက်ရှိပါတယ်။ Manulife နှင့် နှစ်ဦးသဘောတူ လုပ်ငန်းလုပ်ဆောင်ရန် သဘောတူညီမှု တစ်ရပ်လုပ်ဆောင်ပြီးနောက် ရင်းနှီးမြှုပ်နှံမှုနှင့် အာမခံလုပ်ငန်းပိုင်းများတွင် ဖြန့်ကျက်လွှမ်းခြုံ လုပ်ကိုင်လျက်ရှိပါတယ်။ ထိုသို့လုပ်ဆောင်ရန် အတွက် uab တွင် "Banca" ဆိုသော လုပ်ငန်းဌာနအနေဖြင့် အများပြည်သူအနေနှင့် ဈေးကွက်ထဲတွင် အသိအမှတ်ပြုခံရပြီး အောင်မြင်နေသည့် ဘဏ်အာမခံလုပ်ငန်းတစ်ခုအဖြစ်ရပ်တည်လျက်ရှိပါတယ်။

မိမိတို့အနေဖြင့် ဒစ်ဂျစ်တယ် နှင့် ထိတွေ့ရန်မလိုအပ်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများအား တိုးချဲ့လုပ်ဆောင်ရာတွင် wallet ဝန်ဆောင်မှုများနှင့် အေးဂျင့်ဝန်ဆောင်မှုများအပြင် Personlised Visa Prepaid Card ဝန်ဆောင်မှုများနှင့် လက်ရှိရှိပြီးသား ဝန်ဆောင်မှုများ လုပ်ငန်းများအား (အွန်လိုင်းမှ ဘဏ်အကောင့်ဖွင့်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း) စသည်တို့အား ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက် လုပ်ဆောင်ပေးလျက်ရှိပါတယ်။

ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများအပြင် Tealive နှင့် PTB Go တို့ဖြင့် အကျိုးတူပူးပေါင်း၍ ဘဏ်ခွဲအချို့အား "Banking by The Way " ဟူသော မိမိတို့၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ တိုးချဲ့ ပုံစံသစ်အားရှေ့ပြေးအနေဖြင့် စတင်လုပ်ဆောင်နေခြင်းမှ bubble tea, ကော်ဖီနှင့် ကိတ်မုန့် အစရှိသည်တို့ကို သုံးဆောင်ရင်း၊ သက်ဆိုင်ရာ Relationship Managers များထံမှ ဘဏ်လုပ်ငန်းထုတ်ကုန်အသစ်များအကြောင်း ရှင်းပြခြင်းအား နားထောင်ရင်း လုပ်ငန်းဆောင်တာ ကိုစွမ်းဆောင်ရည်ကို အခြားဝန်ထမ်းများမှ ကူညီလုပ်ဆောင်ပေးရင်း လုပ်ဆောင်နိုင်ပြီဖြစ်ပါတယ်။

ယခုအစီအစဉ်သည် "Greater Experiences" အစီအစဉ်များ၏ ရှေ့ပြေး အစီအစဉ်တစ်ခုသာ ဖြစ်ပါတယ်။ အများပြည်သူအား ထပ်မံမိတ်ဆက်ပေးရန် အစီအစဉ်ကောင်းများစွာ ကျန်ရှိနေသေးသည်ဖြစ်ပါသည်။ နောက်ဆုံး မဟုတ်သေးသည့် နောက်ထပ် အစီအစဉ်တစ်ခုဖြစ်သည့် ကျွန်ုပ်တို့၏ uab Flagship Store သည် အများပြည်သူအသုံးပြုနိုင်ရန် စတင်ဝန်ဆောင်မှုပေးအပ်နေပြီဖြစ်ပါတယ်။ ခေတ်မီဆန်းသစ်သည့် ဒီဇိုင်း၊ အရည်အချင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေပျူဂှာခြင်းနှင့် ခေတ်မီနည်းပညာများဖြင့် သုံးစွဲသူများအား ဝန်ဆောင်မှု ပေးနေခြင်းနှင့် ခေတ်မီနည်းပညာများဖြင့် သုံးစွဲသူများ

CEO ၏ အမှာစကား

အား ဝန်ဆောင်မှုပေးနေခြင်း စသည်တို့ဖြင့် ဤဘဏ်ခွဲသို့ဝင်ရောက်လိုက်လျှင် ရန်ကုန်မြို့၏ အချက်အချာကျ ဘဏ်ခွဲမှကမ္ဘာ့ အဆင့်မီ ဘဏ်လုပ်ငန်းများ တည်ရှိရာလန်ဒန်သို့မဟုတ် နယူးယောက်သို့ ရောက်ရှိသွားသည်ဟု ထင်မှတ်ရအောင် စီစဉ်ဆောင်ရွက်ထားပါသည်။

စောင့်ရှောက်ကူညီဖေးမမှု

လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း စီးပွားရေးဆိုင်ရာ အခြေအနေတို့နှင့် လိုက်လျောညီထွေစွာ လုပ်ဆောင်ခဲ့ပြီးနောက် ကျွန်ုပ်တို့အနေဖြင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် အလုပ်လုပ်ကိုင်နိုင်မှု စွမ်းရည်တို့အား အဓိကအလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ကပ်ရောဂါနှင့် ၎င်းနှင့် ဆက်စပ်ပက်သက်သည့် ကိစ္စရပ်များကြောင့် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများမဖြစ် ပေါ်စေရန် အလေးထားဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းဆောင်တာများ ရှေ့ဆက်လုပ်ဆောင်နိုင်ရန်အတွက် လူတိုင်းချိတ်ဆက်မှု၊ ထိတွေ့ဆက်နွယ်မှု နှင့် လိုက်လျောညီထွေမှုရှိစေရန် အဓိကထားလျက်ရှိပါတယ်။ ဦးစားပေးအချက်ဖြစ်သည့် မိမိတို့၏ဝန်ထမ်းများ COVID-19 ရောဂါကူးစက်မှုမှ ကင်းဝေးစေရန်အတွက်နှင့် ဝန်ထမ်းများနှင့် သုံးစွဲသူများ ဘေးကင်းလုံခြုံစိတ်ချနိုင်ရန်အတွက် လုပ်ငန်းလုပ်ဆောင်ရာတွင် remote work အနေဖြင့် လုပ်ဆောင်နိုင်ရန်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေလုပ်ငန်းခွင် တာဝန်ထမ်းဆောင်ရမည့်သူများအား လိုအပ်သည့် အကာအကွယ် ပစ္စည်းများဖြစ်သည့် Face Masks များ၊ Face Shields

များနှင့် လက်သန့်စင်ဆေးရည်များ၊ လက်အိတ်များ၊ ပိုးသတ်ဆေးရည်များအား ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေး ထိုးနှံခြင်းသည်အဓိက လိုအပ်သည်ကို နားလည်သဘောပေါက်သည်နှင့်အညီ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပြီး အစောဆုံးကာကွယ်ဆေးထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်သည့် အလုပ်ရှင်များထဲမှ တစ်ဦးအနေဖြင့် မိသားစုများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ခက်ခဲသည့်အချိန်ကာလများအား အတူဖြတ်ကျော် လုပ်ဆောင်လာခဲ့သည့် သူများအား COVID-19 ကပ်ရောဂါဆိုး ကာလအတွင်း အလေးထားဂရုစိုက်ရမည်မှာအရေးပါသည့်ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ သို့သော်ငြား ၎င်းတို့၏ရေရှည်အကျိုးဖြစ် ထွန်းစေရန်အတွက် တစ်ဦးချင်းစီ လုပ်ငန်းစွမ်းဆောင်ရည်နှင့် အမြဲတစေတိုးတက် ပြောင်းလဲနေသည့် ဘဏ်လုပ်ငန်းများကို နားလည်သဘောပေါက် လုပ်ဆောင်နိုင်ရန် ကူညီထောက်ပံ့မှုများကို လုပ်ဆောင်ပေးရန် ပိုမိုလိုအပ်ပါတယ်။

ယခုလက်ရှိ အချိန်တွင်ဝန်ထမ်းများအား သင်ယူလေ့လာမှုအထောက်အကူဖြစ်စေရန်အတွက် သင်ကြားပို့ချမှုများအား နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ပေးလျက်ရှိပါတယ်။ uab ၏ Facebook Learning & Community မှ လည်းကောင်း၊ လုပ်ငန်းခွင်တွင်းသင်ကြားပို့ချပေးမှုများ၊ ဝန်ထမ်းသစ်များအတွက် လမ်းညွှန်မှုများနှင့် သင်ကြားပို့ချချက်များ၊ Townhalls နှင့် အခြား နည်းလမ်းများစွာဖြင့် သင်ကြားပို့ချပေးလျက်ရှိပါတယ်။

ဝန်ထမ်းများသည် မိမိတို့အတွက် အရေးပါဆုံးဖြစ်ပြီး ကျွန်ုပ်တို့အဖွဲ့.အစည်းအတွက် ရေရှည်တန်းမှလုပ်ကိုင်ပေးနေသူများဖြစ်ပြီးအဖွဲ့အစည်းအောင်မြင်မှုနှင့် ရေရှည်တိုးတက်မှုအတွက် အရေးပါအရာရောက်သူများဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့သည် ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးခြင်းသာမက ရေရှည်အသက်မွေးဝမ်းကြောင်းအတွက် ဆောင်ရွက်ပေးရမည်ဟု နားလည်သဘောပေါက် ယုံကြည်ထားရှိပါတယ်။ တစ်နည်းဆိုရလျှင် uab နှင့် uab ဝန်ထမ်းများသည် အတူတကွ ဖွံ့ဖြိုးတိုးတက်သွားမည်ဟု ယုံကြည် ထားရှိပါတယ်။

> “အသွင်ကူးပြောင်းခြင်းဆို ဖြစ်ရပ်တစ်ခုတင်မဟုတ်ဘဲ ခရီးလမ်းကြောင်းတစ်ခု ဖြစ်ပါတယ် မနေ့ကထက် ဒီနေ့ ပိုမိုတိုးတက်ကောင်းမွန်တဲ့ အခြေအနေတစ်ခုဖြစ်အောင် အဖွဲ့အစည်းတစ်ခုအနေနဲ့စဉ်ဆက်မပြတ် လုပ်ဆောင်နေရမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။”

ကျွန်ုပ်တို့၏ အသွင်ပြောင်းရေးခရီးစဉ်

၂၀၁၇ ခုနှစ်မှ စတင်လာခဲ့သည့် ကျွန်ုပ်တို့၏ အသွင်ကူးပြောင်းရေးခရီးစဉ် စတင်လာပြီးနောက် ယခုနှစ်ပိုင်းတွင် သိသာထင်ရှားသည့် ပြောင်းလဲရေးလုပ်ငန်းစဉ်များအား တွေ့ရှိလာရမည်ဖြစ်ပါတယ်။

ထိုကဲ့သို့သော ပြောင်းလဲမှုများတွင် uab အနေဖြင့် ပိုမိုကောင်းမွန်ပြီး အားကောင်းလာသည့် Corporate Governance, စွမ်းဆောင်ရည်မြှင့်မားသည့် လုပ်ဆောင်မှုများ၊ ပိုမိုရှုပ်ထွေးပြီး နည်းစနစ်ကျသည့် လုပ်ငန်းလည်ပတ်မှု ပုံစံအား တုံ့ပြန်နိုင်စွမ်း၊ မမျှော်လင့်ထားသည့် ကိစ္စရပ်များအား ရင်ဆိုင် ဖြေရှင်းနိုင်စွမ်း၊ အပြောင်းအလဲအား လက်ခံနိုင်စွမ်းနှင့် အခြားသော ကိစ္စရပ်များစွာကို တွေ့မြင်ရမည် ဖြစ်ပါတယ်။

ယခုနှစ်အပိုင်းအခြားတွင် uab အနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး ရင့်ကျက်ပြောင်းလဲ တိုးတက်လာသည့် ပုံရိပ်တစ်ခုအဖြစ်ပြောင်းလဲလာသည်ကို တွေ့ရှိရပါတယ်။ ထိုကဲ့သို့သော ပြောင်းလဲမှုသည် အများပြည်သူ၏ဘဏ္ဍာနှင့်ယုံကြည်မှုအားထိန်းသိမ်းစောင့်ရှောက်ရသည့် ဘဏ်လုပ်ငန်းအတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။

ရှေ့တွင် ပြောခဲ့သည့်အတိုင်း မိမိတို့ uab နှင့် uabians (uab ဝန်ထမ်းများ) အနေဖြင့် ဆက်လက်တိုးတက် ပြောင်းလဲမှုများပြုလုပ်သွားမည်ဖြစ်ပြီးမိမိတို့နှင့် ပတ်သက်ဆက်နွယ် သူများနှင့်မြန်မာပြည်သူပြည်သားများ၏ အကျိုးအတွက် အကောင်းဆုံးလုပ်ဆောင်သွားမည်ဟု ကတိပေးပြောကြားလိုပါတယ်။

ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

ကပ်ရောဂါနှင့် ပတ်သက်ဆက်နွယ်သည့် ကိစ္စရပ်များဖြစ်ပေါ်လျက်ရှိနေသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မျက်ခြေမပြတ်စောင့်ကြည့်လျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံထက်ဝက်ခန့် အနေဖြင့် ကပ်ရောဂါဆိုးမှ ကာကွယ်တားဆီးထိန်းချုပ် နိုင်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက်များမကြာမီ စီးပွားရေးလုပ်ငန်းများ အနေဖြင့်လည်းပြန်လည်စတင်လာတော့ မည်ဟုခန့်မှန်းရပါတယ်။

စီးပွားရေးဆုတ်ယုတ်မှု၊ ငွေကြေးဖောင်းပွမှု၊ စီးပွားရေးနောင့်နှေးကြန့်ကြာမှု၊ ငွေကြေးကျံ့မှု၊ ပထဝီနိုင်ငံရေး အခြေအနေတင်းမာမှုများ၊ Covid ကပ်ရောဂါလိုင်းအသစ်များ ပေါ်ပေါက်လာမှု၊ အသစ်ပေါ်လာသည့် ကပ်ရောဂါများ၊ စသည်တို့ကြောင့် မတူညီသော နိုင်ငံများ အနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် အနှောက်အယှက်များ နှင့် ကြုံတွေ့ခဲ့ရပါတယ်။

ပိုမိုပြင်းထန်လာမည့် အခက်အခဲအတားအဆီးများအားကြိုတင်မှန်းဆထားရှိပြီး ကျွန်ုပ်တို့အနေဖြင့် သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကထားဆောင်ရွက်ပြီး ပိုမိုအင်အားတောင့်တင်းပြီး ယုံကြည်ခိုင်နိုင်မည့် နည်းပညာများကို ဖြည့်ဆည်းအားဖြည့်ကူညီထောက်ပံ့သွားမည်ဖြစ်ပါတယ်။

CEO ၏အမှာစကား

ထို့အပြင် ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ ဘဏ္ဍာရေးလက်ကျန်ရှင်းတမ်းအား ပိုမိုအားကောင်းလာအောင် ပြုလုပ်သွားမည်ဖြစ်ပြီး သုံးစွဲသူများ၏ ကြွေးမြီများနှင့် ပတ်သက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ငွေဖြစ်လွယ်မည့် ကြားခံအရာများအား ထိန်းသိမ်းထားရှိခြင်းနှင့် ဝင်ငွေတိုးတက်လာသည်နှင့်အမျှ တိုးတက်လာသည့် ကုန်ကျစရိတ်များနှင့် လုပ်ငန်းလုပ်ဆောင်နိုင်စွမ်းရည်တို့အား တိုးမြှင့်နိုင်ရန် ဦးစားပေးလုပ် ဆောင်သွားမည် ဖြစ်ပါတယ်။

တစ်ချိန်တည်းတွင် ကျွန်ုပ်တို့အနေဖြင့် ရေရှည်တည်တံ့နိုင်မည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ရှယ်ယာရှင်များအနေဖြင့် ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းစေရေးနှင့်ယခုလက်ရှိနှင့် အနာဂတ်တွင် ပတ်သက်ဆက်နွယ်လာမည့်သူများအတွက် အပြုသဘောဆောင်သည့် အကျိုးကိစ္စရပ်များ ဖြစ်ထွန်းလာစေရန်အတွက် ဖန်တီးဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ဦးနေအောင်အား ကျေးဇူးတင်စကားပြောလိုသော်ငြားလုံလောက်သည့် စကားလုံးရှာမတွေ့နိုင်ပါ။ သင့်အနေဖြင့် ကျွန်ုပ်တို့အား ရှေ့ဆောင်လမ်းပြအနေဖြင့် ပိုမိုကောင်းမွန်သည့် လမ်းကြောင်းပေါ်သို့ရောက်အောင် လမ်းညွှန်ပြသပေးခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါတယ်။

ကျွန်ုပ်တို့အပေါ် သင့်၏ ယုံကြည်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။ ဥက္ကဋ္ဌကြီး၏ လမ်းညွှန်ချက်များနှင့်ယူဆချက်များအတိုင်း မြန်မာပြည်သူပြည်သားများအတွက် အကောင်းဆုံးသော အရာများကို ပေးအပ်သွားမည် ဖြစ်ပါသည်။ သင့်၏လမ်းညွှန်မှုများဖြင့် ကျွန်ုပ်တို့အနေဖြင့် ယခုထက်ပိုမိုမြင့်မားသည့် နေရာသို့ရောက်ရှိရန်ကြိုးစားသွားမည်ဖြစ်ပါတယ်။

ထို့အပြင် ကျွန်ုပ်တို့အနေဖြင့် အသစ်ခန့်အပ်ခြင်းခံရသည့် ဥက္ကဋ္ဌကြီး ဦးနေအေးအား ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုလိုပါတယ်။ အသစ်ခန့်အပ်လိုက်သည့် အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင့်သွင် နှင့် ဦးဝင်းထိန်မင်းတို့ အားလည်း လှိုက်လှဲစွာကြိုဆိုပါတယ်။ ၎င်းတို့ အနေဖြင့်ဘုတ်အဖွဲ့ တွင်အလုပ်အမှုဆောင်မဟုတ်သည့် အဖွဲ့ဝင်များအနေဖြင့် အဖွဲ့အစည်း အုပ်ချုပ်မှုတွင် ၎င်းတို့၏ ကဏ္ဍအသီးသီးရှိ အတွေ့အကြုံများဖြင့် မိမိတို့အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းများ နှင့် လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီအင်အားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ထို့နောက် ကျွန်ုပ်တို့အနေဖြင့် ယခုကဲ့သို့ ခက်ခဲနေသည့်ကာလ အတွင်း ဘုတ်အဖွဲ့ဝင်များ၏ လမ်းညွှန်မှုများနှင့် အကြံဉာဏ်များအတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်ုပ်တို့၏ စီနီယာ ခေါင်းဆောင်အဖွဲ့အားလည်း အဖွဲ့အစည်း ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များတွင် အားကြိုးမာန်တက် ပါဝင်လုပ်ကိုင်ပေးသည့်အတွက် ဤနေရာမှနေ၍အသိအမှတ်ပြုကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်ုပ်တို့အား ယုံယုံကြည်ကြည်ဖြင့် ကူညီပေးခဲ့ကြသည့် ပတ်သက်ဆက်နွယ်သူများဖြစ်ကြပါသော သုံးစွဲသူများ၊ ထောက်ပံ့ပေးသူများ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် အထူးသဖြင့် ကျွန်ုပ်တို့၏ uab ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါတယ်။

ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်တိုင်းသည် တစ်ဦးတစ်ယောက်ချင်းစီအတွက် တန်ဖိုးရှိသည့်ကိစ္စရပ်များအား ဖန်တီးပေးသွားမည်ဟူသော ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ကတိကဝတ် ဖြစ်သည့် Leading Change Humanising Banking အတိုင်း လုပ်ဆောင်လျက်ရှိပါတယ်။

Christopher Loh
MD & CEO

uab
Connect. Create. Change.

ဒါရိုက်တာအဖွဲ့ဝင်များ

ဦးနေအား
ဥက္ကဋ္ဌ

ဦးဝင်းထိန်မင်း
အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ

ဦးတင့်သွင်
အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ

ဦးသန်းဝင်းဆွေ
အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ

ဦးသန့်ဇင်
အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ

Christopher Loh
ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်

ဒါရိုက်တာအဖွဲ့ဝင်များ၏ ကိုယ်ရေးအကျဉ်း

ဦးနေအေး

ဥက္ကဋ္ဌ

ခန့်အပ်သည့်ရက်စွဲ ။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်
အသက် ။ ၆၆ နှစ်

ဦးနေအေးသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် ဒုဥက္ကဋ္ဌ အဖြစ် ၂၀၁၇ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် မှ ၂၀၁၆ ခုနှစ် အထိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအား စတင်အကောင် အထည်ဖော်ခဲ့ပြီး၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် မှ ၂၀၁၉ ခုနှစ် အထိ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ဘဏ်၏ အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ကိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်မှ ယခုအချိန်အထိ ဗဟိုဘဏ် အငြိမ်းစားဝန်ထမ်းများ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်မှချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်အား ၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်း စိမ်ထူးချွန်ဆု (ပထမဆင့်) အား ၂၀၀၉ ခုနှစ်တွင် လည်းကောင်း လက်ခံရရှိခဲ့ပါသည်။

Accounting နှင့် Regulatory Experience အပိုင်းများတွင် အတွေ့အကြုံများစွာရှိသူ တစ်ဦးဖြစ်သည့်အတွက် စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ၏ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

ပညာအရည်အချင်း

- Bachelor of Economic (Eco) in 1979, Institute of Economics (Yangon)
- Master of Philosophy (Eco) in 1996, Institute of Economics (Yangon)
- Master of Arts (Eco), 1999
- Completed Director Certification Program (DCP) in 2022

တာဝန်ထမ်းဆောင်လျက်ရှိသော ယူအေဘီဘဏ်၏ ဘုတ်အဖွဲ့ကော်မတီများ

- စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ - Board Audit Committee (ဥက္ကဋ္ဌ)
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဘုတ်အဖွဲ့ကော်မတီ - Board Risk Committee (အဖွဲ့ဝင်)
- အမည်စာရင်းတင်သွင်းခြင်းနှင့်လစာချီးမြှင့်ရေးဘုတ်အဖွဲ့ကော်မတီ - Board Nomination & Remuneration Committee (အဖွဲ့ဝင်)

ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ပြီးသည့် သက်တမ်း

- ၈လ

ဦးတင့်သွင်

အလုပ်အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သည့် ဒါရိုက်တာ

ခန့်အပ်သည့်ရက်စွဲ ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်
အသက် ။ ၆၃ နှစ်

ဦးတင့်သွင်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနများတွင် နှစ်ရှည်တွင် တာဝန်ထမ်းဆောင်လာသူဖြစ်သဖြင့် ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းတွင် အတွေ့အကြုံများစွာရှိသူ တစ်ဦးဖြစ်ပြီး ဒါရိုက်တာအဖွဲ့တွင် အကြံပေးမှုများစွာကိုလည်း လုပ်ဆောင်ပေးလျက်ရှိပါသည်။

၁၉၉၄ ခုနှစ် မှ ၂၀၁၂ ခုနှစ်အထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကုန်သွယ်မှုအပိုင်းတွင် ပြည်တွင်းပြည်ပနိုင်ငံများနှင့် ကူးလူးဆက်ဆံရာတွင် အဓိကတာဝန်ယူဆောင်ရွက်ခဲ့ပြီး Chief Trade Negotiator နှင့် Ministry Counsellor for WTO Affairs in Geneva, Switzerland အဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် မှ ၂၀၁၈ ခုနှစ်အထိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကဏ္ဍအလိုက် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင် အဓိကထား ဆောင်ရွက်ခဲ့ပါသည်။

ယူအေဘီဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ မှစတင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ပညာအရည်အချင်း

- Bachelor of Social Science
- Diploma in International Trade Policy
- Diploma in International Trade Law, World Trade Organisation Training, Geneva, Switzerland
- Master of Business Administration from Ramkhamhaeng University BKK
- Completed Director Certification Program (DCP) in 2022

တာဝန်ထမ်းဆောင်လျက်ရှိသော ယူအေဘီဘဏ်၏ ဘုတ်အဖွဲ့ကော်မတီများ

- အမည်စာရင်းတင်သွင်းခြင်းနှင့်လစာချီးမြှင့်ရေးဘုတ်အဖွဲ့ကော်မတီ - Board Nomination & Remuneration Committee (ဥက္ကဋ္ဌ)
- ကြွေးမြီစီစစ်ရေးဘုတ်အဖွဲ့ကော်မတီ - Board Credit Committee (အဖွဲ့ဝင်)
- စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ - Board Audit Committee (အဖွဲ့ဝင်)

ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ပြီးသည့် သက်တမ်း

- ၈လ

ဒါရိုက်တာအဖွဲ့ဝင်များ၏ ကိုယ်ရေးအကျဉ်း

ဦးဝင်းထိန်မင်း

အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ

ခန့်အပ်သည့်ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်
အသက် ။ ၅၂နှစ်

ဦးဝင်းထိန်မင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ၂၆နှစ်ကျော်ကြာဆယ်စုနှစ် ၃ စုနီးပါးတိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးဖြင့် နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့ပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးများနှင့်ပတ်သက်သည့် ကော်မတီများနှင့် စီမံကိန်းများတွင်လည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် Banking Sector Financial Reporting Standards Implementation Committee နှင့် IFRS Translation Review Committee တို့တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ မြန်မာခရက်ဒစ်ပြုရှိ (Myanmar Credit Bureau) ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၂၀၁၂ခုနှစ်တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန် ထမ်းကောင်းတံဆိပ်အား အပ်နှင်းခြင်းခံခဲ့ရပါသည်။

၂၀၂၂ခုနှစ်တွင်ယူအေဘီဘဏ်လီမိတက်အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာနှင့် ဘုတ်အဖွဲ့ဝင်အဖြစ်ခန့်အပ် ခြင်းခံရပါသည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု နှင့်ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အတွေ့အကြုံများစွာရှိသူ တစ်ဦးဖြစ်သည့်အလျောက်ဆုံးရှုံးနိုင်ခြေဘုတ်အဖွဲ့.ကော်မတီ (Board Risk Committee – BRC) ၏ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် ဘဏ်လုပ်ငန်း လည်ပတ်ဆောင်ရွက်မှု ကဏ္ဍရပ်များ၌ တဖက်ကမ်းခပ် ကျွမ်းကျင်ပိုင်နိုင်သူတစ်ဦးပင်ဖြစ်ပါသည်။

ပညာအရည်အချင်း

- Bachelor of Commerce (Honours), University of Yangon
- Master of Development Studies, Yangon University of Economics

တာဝန်ထမ်းဆောင်လျက်ရှိသော ယူအေဘီဘဏ်၏ ဘုတ်အဖွဲ့.ကော်မတီများ

- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဘုတ်အဖွဲ့.ကော်မတီ - Board Risk Committee (ဥက္ကဋ္ဌ)
- စာရင်းစစ်ဘုတ်အဖွဲ့.ကော်မတီ - Board Audit Committee (အဖွဲ့ဝင်)

ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ပြီးသည့် သက်တမ်း

- ၃လ

ဦးသန်းဝင်းဆွေ

အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ

ခန့်အပ်သည့်ရက်စွဲ ။ ၂၀၁၀ ခုနှစ်၊ ဇွန်လ ၁၄ ရက်
အသက် ။ ၅၆နှစ်

ဦးသန်းဝင်းဆွေသည် ယူအေဘီဘဏ် စတင်တည်ထောင်သည့် ၂၀၁၀ ပြည့်နှစ်၊ ဇွန်လမှစ၍ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ အထိ ယူအေဘီဘဏ်၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံရသည်။

သူ၏ဦးဆောင်မှုအောက်တွင် International Finance Awards မှ ချီးမြှင့်သော ၂၀၁၅ ခုနှစ်အတွက် The Best Trade Finance Bank Myanmar 2015, Global Banking and Finance Awards မှ ချီးမြှင့်သော Fatest Growing Private Bank Myanamr 2014 နှင့် အာရှဖွံ့ဖြိုးရေးဘဏ် - Trade and Finance Program မှ ချီးမြှင့်သော 50 years ADB TFP Award စသဖြင့် ဆုများစွာအားဆွတ်ခူးရရှိခဲ့ပါသည်။

ဦးသန်းဝင်းဆွေသည် ငွေရေးကြေးရေး၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ ဆောက်လုပ်ရေး၊ အိမ်ခြံမြေကဏ္ဍစွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ၂၄ နှစ်ခန့် အတွေ့အကြုံရှိသူဖြစ်သည်။ ဘဏ်လုပ်ငန်းအပါအဝင်အခြားသောနယ်ပယ်များစွာတွင် အတွေ့အကြုံများရင့်သန်သူ တစ်ဦးဖြစ်ပါသည်။

ပညာအရည်အချင်း

- Bachelor of Commerce, Yangon Institute of Economics
- Postgradute Diploma in Management and Administration, Yangon Institute of Economics
- Post Graduate Diploma in Economics, Yangon Institute of Economics
- Directors Certification Program (DCP), Thai Institute of Directors Association
- Directors Certification Program (MIoD)

တာဝန်ထမ်းဆောင်လျက်ရှိသော ယူအေဘီဘဏ်၏ ဘုတ်အဖွဲ့.ကော်မတီများ

- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဘုတ်အဖွဲ့.ကော်မတီ - Board Risk Committee (ဥက္ကဋ္ဌ)
- အကြံပေးနှင့်မဟာဗျူဟာဘုတ်အဖွဲ့.ကော်မတီ - Board Advisory & Strategy Committee (အဖွဲ့ဝင်)
- ကြွေးမြီစိစစ်ရေးဘုတ်အဖွဲ့.ကော်မတီ - Board Credit Committee (အဖွဲ့ဝင်)
- စာရင်းစစ်ဘုတ်အဖွဲ့.ကော်မတီ - Board Audit Committee (အဖွဲ့ဝင်)
- အမည်စာရင်းတင်သွင်းခြင်းနှင့်လစာချီးမြှင့်ရေးဘုတ်အဖွဲ့.ကော်မတီ - Board Nomination & Remuneration Committee (အဖွဲ့ဝင်)

ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ပြီးသည့် သက်တမ်း

- ၁၂လ

ဒါရိုက်တာအဖွဲ့ဝင်များ၏ ကိုယ်ရေးအကျဉ်း

ဦးသန့်ဇင်

အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ

ခန့်အပ်သည့်ရက်စွဲ ။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်
အသက် ။ ၄၈ နှစ်

ဦးသန့်ဇင်သည် အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာအဖြစ် ယူအေဘီဘဏ်တွင် ၂၀၁၇ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ယူအေဘီဘဏ်၏ Chief Operation Officer အဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သူ၏ ဦးဆောင်မှုအောက်တွင် Asia Banking and Finance Awards မှ ချီးမြှင့်ထားသော Myanmar Domestic Technology and Operations Bank of the Year 2016 ဆုအပြင် အခြားသော နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့အစည်းများစွာမှ ငွေရေးကြေးရေး ဝန်ဆောင်မှုဆိုင်ရာ ဆုများစွာကိုလည်း ရရှိခဲ့သည်။

ဦးသန့်ဇင်သည် လက်ရှိတွင် ကုန်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတို့၏ စီးပွားရေးလုပ်ငန်းများစွာတွင် ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးနယ်ပယ်အသီးသီးမှ ခေါင်းဆောင်များနှင့် ရင်းနှီးခင်မင်ပြီး ကောင်းမွန်သော ဆက်ဆံရေးရှိသူတစ်ဦးလည်းဖြစ်ပါသည်။

အလုပ်အမှုဆောင်မဟုတ်သည့်ဒါရိုက်တာတစ်ဦးအနေဖြင့်ဆုံးရှုံးနိုင်ခြေ(risk profile) နှင့် ဆုံးရှုံးနိုင်ခြေရလဒ် (risk return portfolio) အချက်အလက်များကို နှစ်ဆယ့်နှစ်နှစ်ကာလ စက်မှုလုပ်ငန်း နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖြင့် လမ်းညွှန်ပြီးအရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ပညာအရည်အချင်း

- B.Sc (Physics), University of Yangon
- Master of Business Administration, Yangon Institute of Economics
- Diploma in Business Law (DBL), University of Yangon
- Diploma in International Law (DIL), University of Yangon
- Diploma in International Relation (DIR), University of Yangon
- Diploma in Global English, University of Yangon
- Directors Certification Program (DCP)
- Directors Certification Program (MloD)

တာဝန်ထမ်းဆောင်လျက်ရှိသော ယူအေဘီဘဏ်၏ ဘုတ်အဖွဲ့ကော်မတီများ

- ကြွေးပြီစိစစ်ရေးဘုတ်အဖွဲ့ကော်မတီ - Board Credit Committee (ဥက္ကဋ္ဌ)
- အကြံပေးနှင့်မဟာဗျူဟာဘုတ်အဖွဲ့ကော်မတီ - Board Advisory & Strategy Committee (အဖွဲ့ဝင်)
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဘုတ်အဖွဲ့ကော်မတီ - Board Risk Committee (အဖွဲ့ဝင်)

ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ပြီးသည့် သက်တမ်း

- ၅နှစ်

Christopher Loh

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်

ခန့်အပ်သည့်ရက်စွဲ ။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်
အသက် ။ ၄၆ နှစ်

Mr. Christopher Loh သည် ယူအေဘီဘဏ်တွင်ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ခန့်အပ်ခြင်းခံရပါသည်။ ယူအေဘီဘဏ်တွင် တာဝန်မထမ်းဆောင်မီ Group Chief Strategy Officer, Chief Executive of International Business နှင့် Deputy Group Chief Risk Officer စသည့် အကြီးတန်း အလုပ်အမှုဆောင်ရာထူးများစွာဖြင့် RHB Banking Group တွင် လုပ်ကိုင်ခဲ့ပါသည်။

အာရှ၊ ပစိဖိတ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံများရှိ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး အဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်ခဲ့ပြီး၊ Global Management Consulting Firm တွင်လည်း ပါတနာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။ ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Financial Firm ကြီးတစ်ခုတွင် Managing Director တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲသည့် အောင်မြင်သော လုပ်ထုံးလုပ်နည်းများကို ချမှတ်ရာ၌ကူညီဆောင်ရွက်ခဲ့ပါသည်။

စက်ာပူနိုင်ငံရှိ ထိပ်တန်းအာမခံကုမ္ပဏီ လုပ်ငန်းနယ်ပယ်တွင်လည်း နှစ်ရှည်အလုပ်လုပ်ကိုင်ခဲ့ပြီး နည်းပညာနှင့် မီဒီယာပိုင်းတွင်လည်း လုပ်ကိုင်ခဲ့ပါသည်။

ယူအေဘီဘဏ်သည် ၎င်း၏ဦးဆောင်မှုအောက်တွင် မြန်မာပြည်၏ ထိပ်တန်းဘဏ်တစ်ခုအဖြစ် လူသားအကျိုးပြုသော ဘဏ်အဖြစ်လည်း ရပ်တည်နေပါသည်။ ယူအေဘီဘဏ်သည် ၂၀၁၉ ခုနှစ်မှစ၍ ၃နှစ် ဆက်တိုက် မြန်မာ့အကောင်းဆုံးဘဏ်အဖြစ် Euromoney မှ ဆုချီးမြှင့်ခြင်း ခံရပါသည်။ ထို့အပြင် Asiamoney မှ ချီးမြှင့်သည့် Best Bank in Myanmar အားလည်းကောင်း၊ Global Finance Retail Banker International နှင့် Global Banking & Finance တို့မှ ဆုချီးမြှင့်သည့် အခြားသောဆုများစွာကို ရရှိခဲ့ပါသည်။

အမှုဆောင်အရာရှိချုပ်၏ ဦးဆောင်မှုဖြင့် ယူအေဘီဘဏ်၏ အသွင်သစ်ဖြင့်ပုံရိပ် ပြောင်းလဲခြင်း (rebranding) ကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး၊ သိသာထင်ရှားသောပြောင်းလဲမှု အနေဖြင့် ယူအေဘီဘဏ်၏ ရုံးချုပ်အား ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာဖြစ်သည့် တိုင်းမ်စ်စီးတီးသို့ ပြောင်းရွှေ့ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အကောင်းဆုံး CEO အဖြစ် Global Banking & Finance၊ International Business Magazine နှင့် Business Worldwide စသော နိုင်ငံတကာသတင်းကဏ္ဍများတွင် ဖော်ပြခြင်းခံရပါသည်။

ပညာအရည်အချင်း

- B.Eng (Hons) in Electrical & Electronic Engineering, Nanyang Technological University in Singapore
- NSEAD Senior Leadership Programme alumnus

တာဝန်ထမ်းဆောင်လျက်ရှိသော ယူအေဘီဘဏ်၏ ဘုတ်အဖွဲ့ကော်မတီများ

- အကြံပေးနှင့်မဟာဗျူဟာဘုတ်အဖွဲ့ကော်မတီ - Board Advisory & Strategy Committee (အဖွဲ့ဝင်)
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဘုတ်အဖွဲ့ကော်မတီ - Board Risk Committee (အဖွဲ့ဝင်)

ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ပြီးသည့် သက်တမ်း

- ၅နှစ်

ဦးဆောင်သူများအဖွဲ့

Christopher Loh
Managing Director & Chief Executive Officer

ဒေါ်ကျော့ကေနိုင်
Deputy CEO, uab bank
CEO, uab securities

ဦးဌေးကျော်နိုင်
Head of Operations

Leong Yang Yang
Head of Finance

George Koshy
Head of Human Resources

ဒေါ်ယဉ်မင်းအေး
Head of Fintech and Digital

ဦးရွှေမောင်ဦး
Head of Technology

ဒေါ်သန္တာထိုက်
Head of Corporate Banking

Mahesh Bhandari
Head of Credit & Risk Management

ဦးနေဝင်းမောင်
Head of Internal Audit

စီမံခန့်ခွဲမှုကော်မတီ

Christopher Loh

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- B.Eng (Hons) in Electrical & Electronic Engineering, Nanyang Technological University in Singapore
- INSEAD Senior Leadership Programme alumnus

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- ၂၀၁၇ ခုနှစ်၊ စက်တင်ဘာတွင် ယူအေဘီဘဏ်၏ Managing Director & Chief Executive Officer အဖြစ် ခန့်အပ်ခြင်းခံရပါသည်။
- ယူအေဘီဘဏ်တွင် တာဝန်ထမ်းဆောင်ခြင်းမတိုင်မီ RHB Banking Group တွင် Group Chief Strategy Officer, Chief Executive of International Business နှင့် Deputy Group Chief Risk Officer စသော အကြီးတန်းအမှုဆောင်ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။
- ထို့ပြင် အာရှ၊ ပစိဖိတ်ဒေသ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံ စသည့် ကမ္ဘာ့နိုင်ငံများရှိ ပြည်တွင်း၊ ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းများတွင် စီးပွားရေးနှင့် risk capacities ဆိုင်ရာကဏ္ဍများတွင် ပြောင်းလဲမှုများစွာကို အောင်မြင်စွာလုပ်ဆောင်ခဲ့သည့် Global Management Consulting Firm တွင်လည်း ပါတနာတစ်ဦးအဖြစ်တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။
- UK နိုင်ငံရှိ Financial Firm အကြီးတစ်ခုတွင် Managing Director တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ပြီး ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲသည့်အောင်မြင်သော လုပ်ထုံးလုပ်နည်းများကို ဦးဆောင်ဆောင်ရွက်ပြီးနောက် အာရှတိုက်ဘက်တွင် ပြန်လည်အလုပ်လုပ် ကိုင်ခဲ့ပါသည်။
- စင်္ကာပူနိုင်ငံရှိ ထိပ်တန်းအာမခံလုပ်ငန်း နယ်ပယ်တွင်လည်း နှစ်ရှည်အလုပ်လုပ်ကိုင်ခဲ့ပြီး နည်းပညာနှင့် မီဒီယာပိုင်းတွင်လည်းလုပ်ကိုင်ခဲ့ပါသည်။
- ယူအေဘီဘဏ်သည် သူ၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်၏ ထိပ်တန်းဘဏ်တစ်ခုအဖြစ် လူသားအကျိုးပြုသော ဘဏ်အဖြစ်လည်း ရပ်တည်နေပါသည်။
- ယူအေဘီဘဏ်သည် ၂၀၁၉ ခုနှစ်မှစ၍ ၃ နှစ်ဆက်တိုက် မြန်မာ့အကောင်းဆုံးဘဏ်အဖြစ် Euromoneyမှ ဆုချီးမြှင့်ခံရပါသည်။ ထို့အပြင် Asiamoney မှ ချီးမြှင့်သည့် Best Bank in Myanmar အားလည်းကောင်း၊ Global Finance Retail Banker International နှင့် Global Banking & Finance တို့မှ ဆုချီးမြှင့်သည့် အခြားသောဆုများစွာကိုရရှိခဲ့ပါသည်။
- CEO ၏ ဦးဆောင်မှုဖြင့် ယူအေဘီဘဏ်အသွင်သစ်ဖြင့်ပုံရိပ်ပြောင်းလဲခြင်း (rebranding) ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး၊ အဓိကထင်ရှားသော ပြောင်းလဲမှုအနေဖြင့်ယူအေဘီဘဏ်ရုံးချုပ်အား ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာဖြစ်သည့် တိုင်းမ်စ်စီးတီး သို့ ပြောင်းရွှေ့ခဲ့ပါသည်။
- မြန်မာနိုင်ငံ၏ အကောင်းဆုံး CEO အဖြစ် Global Banking & Finance၊ International Business Magazine ESifh Business Worldwide စသော နိုင်ငံတကာသတင်းကဏ္ဍများတွင် အသိအမှတ်ပြုဖော်ပြခြင်းခံရပါသည်။

ဒေါ်ကျော့ကေခိုင်

ဒုတိယအမှုဆောင်အရာရှိချုပ်၊ ယူအေဘီဘဏ်လီမိတက်

အမှုဆောင်အရာရှိချုပ်၊ ယူအေဘီငွေချေးသက်သေခံလက်မှတ်လီမိတက်

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Business Administration (Finance), University of Portsmouth, United Kingdom
- Master in Banking and Finance, Yangon University
- Certified member of MIoD – completed Director Certification Program (DCP)

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- ဒေါ်ကျော့ကေခိုင်သည် ယူအေဘီဘဏ် စတင်တည်ထောင်သည့် ၂၀၁၀ ခုနှစ် မှစတင်၍ Deputy Chief Operation Officer (COO) အဖြစ်လည်းကောင်း၊ Chief Business Officer (CBO) အဖြစ်လည်းကောင်း၊ အစရှိသည့် အကြီးတန်းအမှုဆောင်ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ် မှစ၍ ယူအေဘီဘဏ်၏ ဒုတိယအမှုဆောင် အရာရှိချုပ် (Deputy CEO) အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။
- သူမသည် ယူအေဘီဘဏ်၏ လက်အောက်ခံဖြစ်သော ယူအေဘီငွေချေးသက်သေခံလက်မှတ်လီမိတက် (uab secur-ities) ၏ အမှုဆောင်အရာရှိချုပ်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်လုပ်ငန်းများကို အဓိကထား စီမံခန့်ခွဲလျက်ရှိပါသည်။
- သူမသည် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာလုံးကို ကျွမ်းကျင်စွာ ပြောဆိုဆက်ဆံနိုင်ပြီး ရှုပ်ထွေးသောပြဿနာများကို မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် ကျွမ်းကျင်ပိုင်နိုင်စွာဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်း မြင့်မားပါသည်။
- ထို့ပြင် သူမသည် ညှိနှိုင်းလုပ်ဆောင်မှုများ ပြုရာတွင်လည်း အလွန်လိမ္မာပါးနပ်ပြီး အစုရှယ်ယာရှင်များနှင့် ပြောဆိုဆက်ဆံရာတွင်လည်း နှစ်ဦးနှစ်ဘက်သဘောတူညီ ချက်များရရှိအောင် သိမ်းသွင်းစည်းရုံးနိုင်စွမ်းရှိသူလည်းဖြစ်ပါသည်။
- ဒေါ်ကျော့ကေခိုင်သည် မြန်မာခရက်ဒစ်ပြုရှိ (Myanmar Credit Bureau) ၏ ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး Myanmar Economic Forum ၏ တွဲဖက်ဥက္ကဋ္ဌလည်းဖြစ်ပါသည်။

စီမံခန့်ခွဲမှုကော်မတီ

George Koshy
Head of Human Resources

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Bachelor of Commerce, University of Melbourne, Australia
- Master of Business Administration (with distinction), University of Stirling United Kingdom
- Associate with the Asian Institute of Chartered Bankers

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- Mr. George သည် အာရှ၊ အာဖရိကနှင့် ဥရောပရှိ နိုင်ငံများတွင် Strategy, Credit, Retail နှင့် Corporate Business and Banking Operation အစရှိသော ဘဏ်လုပ်ငန်းနယ်ပယ် အစုံတွင် ၃၅ နှစ်ကျော် အတွေ့အကြုံရှိ သူ ဖြစ်သည်။
- သူ၏ ဘဏ်လုပ်ငန်းအတွေ့အကြုံအစသည် မလေးရှားနိုင်ငံရှိ Southern Bank တွင် ၁၄ နှစ်မျှ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး သူ သည် ချေးငွေကဏ္ဍ (Credit)၊ ဘဏ်ခွဲစီမံခန့်ခွဲမှု (Branch Management)၊ ကုန်သွယ်မှုချေးငွေလုပ်ငန်း (Trade Finan-ce) အစရှိသည့်နယ်ပယ်များတွင် မိမိ၏လုပ်ငန်းပိုင်း ဆိုင်ရာ အတွေ့အကြုံများအတွက် အခြေခံအုတ်မြစ်ကောင်းများ စိုက်ထူ ခဲ့ပါသည်။
- ထို့နောက် ICB Banking Group တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိ ဘဏ်များစီမံခန့်ခွဲမှုကို ၁၅ နှစ်ကြာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါ သည်။ သူ၏ ICB ၌ တာဝန်ထမ်းဆောင် နေစဉ်ကာလအတွင်း နိုင်ငံပေါင်း ၁၂ နိုင်ငံရှိ ဘဏ်များ၏ဒါရိုက်တာအဖွဲ့ဝင် အဖြစ် လည်း လုပ်ဆောင်ခဲ့သည်။
- Mr. George သည်ယူအေဘီဘဏ်တွင် ၂၀၁၃ ခုနှစ်တွင် Head of Wholesale and Retail Banking အဖြစ်စတင်တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် Head of Strategy အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် Head of Risk and Compliance အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါပြီး ၂၀၂၁ ခုနှစ်မှစ၍ Head of Human Resources အဖြစ် စတင်ထမ်းဆောင်ခဲ့ပါသည်။

Mahesh Bhandari
Head of Credit & Risk Management

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Bachelor of Laws Degree, Tribhuvan University, Nepal
- MBA (Finance), Pakhara University, Nepal

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- Mr. Mahesh သည် နိုင်ငံတကာ ဘဏ်များ၌ Treasury၊ International Relationship နှင့် International Trade Business စသော ကဏ္ဍများတွင် လုပ်သက် ၂၄ နှစ်ကျော်လုပ် ကိုင်ခဲ့သော အတွေ့အကြုံရှိသူလည်း ဖြစ်ပါသည်။
- သူသည် Trade Finance Career ကို နီပေါနိုင်ငံရှိ Himalayan Bank တွင် စတင်ခဲ့ပြီး Banking Operations၊ International Banking နှင့် Trade Finance စသည့်ကဏ္ဍရပ်များ၌ စတင် အုတ်မြစ်ချခဲ့ပါသည်။
- ထို့အပြင် Cambodia နိုင်ငံရှိ ABA Bank တွင် Chief Trade Finance and Remittance Officer (CTRO) အဖြစ် Operations၊ Trade Finance နှင့် International Relations ပိုင်းများတွင် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

Leong Yang Yang
Head of Finance

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Certified Accountant, CPA Australia
- Bachelor of Business (Accounting & Finance), Charles Sturt University

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- Ms. Yang Yang သည် Group Strategic PLL and Balance Sheet၊ Retail Finance၊ Corporate Support Services နှင့် Treasury စသည့် ဘဏ်လုပ်ငန်းနယ်ပယ်အစုံတွင် ၁၂ နှစ် ကျော် အတွေ့အကြုံရှိသူ ဖြစ်သည်။
- သူမသည် audit firms လေးခု အနက်တစ်ခုဖြစ်သည့် KPMG တွင် သူမ၏လုပ်ငန်းခွင်အတွေ့အကြုံအားအစပြုခဲ့ပြီး နိုင်ငံပေါင်း စုံကော်ပိုရေးရှင်းများ (Multinational Corporations – MNCs) များဖြစ်သည့် IBM နှင့် Lafarage စသည့် လုပ်ငန်း များနှင့်အတူ စီးပွားရေးပါတနာ အနေဖြင့်လက်တွဲ၍ planning၊ financial analysis နှင့် budgeting နယ်ပယ်များတွင်လုပ် ကိုင်ခဲ့ပါသည်။
- CIMB၊ Ambank နှင့် RHB Bank စသည့် မလေးရှားဘဏ်များ တွင်လည်း လုပ်ကိုင်ခဲ့ပါသည်။
- ၂၀၁၇ ခုနှစ်တွင် ယူအေဘီဘဏ်၌ Head of Legal & Secretariat အဖြစ် စတင်တာဝန် ထမ်းဆောင်ခဲ့ပြီး CEO ရုံးခန်း၌ အုပ်ချုပ်ရေးနှင့် အထူးပရောဂျက်များအား ဦးဆောင် ဆောင်ရွက်ခဲ့ပါသည်။
- သူ၏ ဦးဆောင်မှုဖြင့် ယူအေဘီဘဏ်သည် မြန်မာနိုင်ငံ၏ ထိပ်တန်းဘဏ်တစ်ခုအဖြစ် ကဏ္ဍပေါင်းစုံမှ အသိအမှတ်ပြုခြင်း ခံရပြီး နစ်ပတ်လည် အစီရင်ခံစာအား ၃ နှစ်ဆက်တိုက် ထုတ်ပြန် နိုင်သည့် တစ်ခုထဲသောဘဏ်ဖြစ်ပါသည်။
- ယခုလက်ရှိအချိန်တွင် Head of Finance အနေဖြင့် ဘဏ်၏ Accounting and Finance ကဏ္ဍများတွင် ဦးဆောင် ဆောင် ရွက်လျက်ရှိပါသည်။

ဒေါ်သန္တာထိုက်
Head of Corporate Banking

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Bachelor of English, Yangon East University
- Master of Business Administration, Yangon University of Economics
- Certificate of Documentary Credit Specialist (CDCS), London Institute of Banking & Finance

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- ဒေါ်သန္တာထိုက်သည် ယူအေဘီဘဏ်တွင် ၂၀၁၄ ခုနှစ်၌ Deputy Head of Trade Finance အဖြစ် စတင်တာဝန်ထမ်း ဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် Head of Trade Finance အဖြစ် စတင်တာဝန်ထမ်းဆောင် ခဲ့ပါသည်။
- သူမသည် ယူအေဘီဘဏ်၏ Trade Finance ကဏ္ဍဖွံ့ ဖြိုးတိုးတက်လာမှု၏ အဓိကပဲ့ကိုင်ရှင်ဖြစ်ပြီး ၂၀၁၉ ခုနှစ် တွင် Corporate Banking ဌာန၏ အကြီးအကဲအဖြစ် ပိုမိုကြီးမား သည့်လုပ်ငန်းတာဝန်ကို လုပ်ဆောင်ရန် ခန့်အပ်ခြင်းခံရပါသည်။
- သူမသည် ပြည်တွင်းပြည်ပကုမ္ပဏီများတွင် ၁၉ နှစ်ကျော် တာ ဝန်ယူလုပ်ကိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းပိုင်း ဆိုင်ရာတို့တွင် အဓိကကျွမ်းကျင်သူ တစ်ဦးဖြစ်ပါသည်။
- သူမသည် ယူအေဘီဘဏ်မှ ပြုစုပျိုးထောင်ပေးခဲ့သောအရည် အချင်းရှိသူဖြစ်ပြီး ၄ နှစ်တာ အချိန်ကာလအတွင်း ဌာနအကြီး အကဲနေရာသို့ ရောက်ရှိလာသူဖြစ်ပါသည်။ တစ်နည်းဆိုလျှင် သူမသည် ယူအေဘီဘဏ်မှ အရည်အချင်း ရှိသူများကိုပြုစုပျိုး ထောင်ပေးခြင်းကို သက်သေပြသလိုက်သည့် သာဓက တစ်ခုဟု လည်းဆိုနိုင်ပါသည်။

စီမံခန့်ခွဲမှုကော်မတီ

ဦးဌေးကျော်နိုင်
Head of Operations

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Associate degree in Machine Tools and Design Government Technical Institute (1996-1999)
- Bachelor of Arts (Business Management), Dagon University (2000-2003)
- Diploma in Logistics Management, Queensfield University Singapore (2009-2010)
- Diploma in Logistics Management, The Association of Manages and Administration (UK) (2009-2010)
- Master of Business Administration, Yangon University of Economics (2014-2016)

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- ဦးဌေးကျော်နိုင်သည် အဖွဲ့အစည်းများစွာတွင် နှစ် (၂၀) ကြာ Project Management၊ Administration၊ Logistics and Operations စသဖြင့် နယ်ပယ်ပေါင်းစုံတွင် Logistics Manager and General Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။
- ၂၀၁၅ ခုနှစ်၌ ယူအေဘီဘဏ်တွင် Assistant Director နှင့် Deputy Director ရာထူးများဖြင့် စတင် ထမ်းဆောင်လျက်ရှိပါသည်။
- ယခုလက်ရှိတွင် Head of Operations အနေဖြင့် ဘဏ်ခွဲ များ၊ ATM စက်များနှင့် Bank retail network များ၏ နေ့စဉ်လုပ်ငန်းစဉ်များအား အဓိက ကြီးကြပ်လုပ်ဆောင်လျက်ရှိပါသည်။

ဦးရွှေမောင်ဦး
Head of Technology

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Bachelor of Engineering (Information Technology), Yangon Technological University
- AGTI (Electrical Power)

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- ဦးရွှေမောင်ဦးသည် မော်ဘီနည်းပညာတက္ကသိုလ်နှင့် ပြည်နည်းပညာတက္ကသိုလ်တို့တွင် လက်ထောက်ကထိကအဖြစ် ၂၀၀၂ ခုနှစ်မှ ၂၀၁၀ ခုနှစ် အထိ လုပ်ကိုင်ခဲ့ပါသည်။
- ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အလွတ်တမ်း IT Engineer အဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီး Technology ပိုင်းတွင် အသိပညာ ဗဟုသုတများစွာ လေ့လာခဲ့ပါသည်။
- ၂၀၁၃ ခုနှစ်တွင် ယူအေဘီဘဏ်တွင် Deputy Manager ဖြင့် စတင်လုပ်ကိုင်ခဲ့ပြီးနောက် Director အဖြစ်ရာထူးတိုးမြှင့်ပေးခြင်းခံရပါသည်။
- ယခုလက်ရှိတွင် Head of Technology အနေဖြင့် ဘဏ်၏ technology infrastructure နှင့် banking software platform များကို အဓိကကြီးကြပ် လုပ်ဆောင်လျက်ရှိပါသည်။

ဒေါ်ယဉ်မင်းအေး
Head of Fintech and Digital

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Bachelor of Computer Science (Yangon University of Computer Studies)
- Certificate of Global Leaders for Innovation and Knowledge (Japan American Institute of Management Science)

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- ဒေါ်ယဉ်မင်းအေးသည် ၂၀၁၉ ခုနှစ်တွင် ယူအေဘီဘဏ်တွင် စတင် အလုပ်လုပ်ကိုင်ခဲ့ပြီး လက်ရှိတွင် Head of Fintech & Digital Department အဖြစ် လုပ်ကိုင်လျက်ရှိပါသည်။
- IT service Industry တွင် ၁၄ နှစ်တာ ကာလအတွင်း Projects၊ Products နှင့် restructuring systems များကို အောင်မြင်မှုများစွာဖြင့် လုပ်ကိုင်ခဲ့ပါသည်။
- လုပ်ငန်းနှင့်သက်ဆိုင်သည့် အတွေးအခေါ်အသစ်အဆန်းများ၊ တီထွင်ဖန်တီးမှုအသစ်များ၊ စီးပွားရေးဆိုင်ရာ မဟာဗျူဟာများ၊ ဈေးကွက်ထိုးဖောက်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးအမြတ် တိုးပွားရေးစသည့် လုပ်ငန်းနယ်ပယ်များတွင် အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။
- သူမ၏ Fintech and digital ပိုင်းရာတွင် အတွေ့အကြုံများစွာဖြင့် လက်ရှိအချိန်တွင် ယူအေဘီဘဏ်၏ digital ecos-ystem နှင့် အခြားကိစ္စများတွင် ဦးဆောင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးနေဝင်းမောင်
Head of Internal Audit

ပညာအရည်အချင်းနှင့် အခြားသော အဖွဲ့ဝင်အဖြစ်ပါဝင်မှုများ

- Bachelor of Administration, Dagon University, Myanmar
- Master of Public Administration, Yangon University of Economics, Myanmar

လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ

- ဦးနေဝင်းမောင်သည် ယူအေဘီဘဏ်၏ ကနဦးအစဖြစ်သော ၂၀၁၀ ပြည့်နှစ်တွင် ဝင်ရောက်လာသူများအနက် တစ်ဦးဖြစ်သည်။
- မြန်မာနိုင်ငံရှိ ဂုဏ်သတင်းကောင်းမွန်သော ဘဏ်များ၏ Operation နှင့် Compliance ကဏ္ဍများတွင် ၂၅ နှစ်ကျော် အတွေ့အကြုံရှိသူဖြစ်သည်။
- ဦးနေဝင်းမောင်သည် ယူအေဘီဘဏ်၏ ဘဏ်ခွဲအသစ်များဖွင့်လှစ်ခြင်း၊ ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း၊ ဘဏ်ခွဲများ၏ ဝန်ဆောင်မှု လုပ်ငန်းစဉ်များအား Head of Operations အနေ ဖြင့် တာဝန်ယူ ဆောင်ရွက်ပါသည်။
- ယခုလက်ရှိအချိန်တွင် လုပ်ငန်းလည်ပတ်မှုပိုင်းတွင် ရရှိခဲ့သော အတွေ့အကြုံများစွာဖြင့် Internal Audit ပိုင်းကိုအဓိကထားတာဝန်ယူဆောင်ရွက်နေပြီး ဘဏ်လုပ်ငန်းစဉ်များကို အဓိကထားပုံပိုး ကူညီဆောင်ရွက်လျက်ရှိပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၁ ခုနှစ်တစ်လျှောက်တွင် ကိုဗစ်-၁၉ကူးစက်ကပ်ရောဂါကြောင့် စိန်ခေါ်မှုအသစ်များကိုရင်ဆိုင်ခဲ့ရပါသည်။ ကြီးကြပ်ကွပ်ကဲသူများထံမှ ပိုမိုမြင့်မားလာသော မျှော်မှန်းချက်များ၊ ပတ်သက်ဆက်နွယ်သူများ တောင်းဆိုချက်များနှင့် အနာဂတ်အတွက် မသေချာမရေရာမှုများသည် ဒါရိုက်တာ အဖွဲ့၏ ဆုံးဖြတ်ချက်ချရေးလုပ်ငန်းစဉ်ကို ပိုမိုရှုပ်ထွေးစေခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များသည် ယခင်ကဲ့သို့ ရိုးရှင်းမှုမရှိတော့ပါ။ ကပ်ရောဂါမတိုင်ခင်က အချိန်ကာလများတွင် စီးပွားရေး ခေါင်းဆောင်များစွာအတွက် ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုသည်မှာ ဥပဒေကြောင်းအရလိုက်နာမှု၊ ပွင့်လင်းမြင်သာမှုနှင့် ရှယ်ယာရှင်များ၏ အကျိုးစီးပွားရေး ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ သည် လူအဖွဲ့အစည်း၏ လူမှုစီးပွားရေးဆိုင်ရာဖွံ့စည်းပုံကို ဆက်၍ပျက်စီးစေခဲ့သောအခါ ဒါရိုက်တာအဖွဲ့သည် အမှန်တရားအသစ်ကို လက်ခံလာကြပါသည်။

အမှန်တရားအသစ်ဆိုသည်မှာ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အချက်အလက်များစွာကို အခြေခံခြင်း (သို့) ရှယ်ယာရှင်၏ အကျိုးစီးပွားအပြင် ပတ်သက်ဆက်နွယ်သူများ အကျိုးရလဒ်အပေါ်တွင် အခြေခံပါသည်။ ထိုအမှန်တရား အသစ်ဆိုရာတွင် လည်းဒါရိုက်တာအဖွဲ့သည်ကြံ့ကြံ့ခံနိုင်သောခေါင်းဆောင်မှုအားထိန်းသိမ်းထားနိုင်သည့်အပြင် ရှယ်ယာရှင်နှင့်ပတ်သက်ဆက်နွယ်သူများ၏တန်ဖိုးအား မြှင့်တင်ပေးခြင်းကို ဆိုလိုပါသည်။

ကျွန်ုပ်တို့၏ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်မှု၊ လုပ်ငန်းတွင်း ထိန်းချုပ်မှု အကောင်းဆုံးဆုံးရှုံးနိုင်ခြေ ဧလေ့ထုံးစံ၊ တာဝန်ယူတက်မှုနှင့် ခိုင်မာသော အစီရင်ခံမှုပေါ်တွင် အခြေခံထားသော တည်ရှိဆဲဖြစ်သည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဘောင်သည် ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ဒါရိုက်တာအဖွဲ့၏ စဉ်းစားဆင်ခြင်နိုင်စွမ်းကို ထောက်ပံ့ပေးခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံတွင်ပါဝင်သော အကောင်းဆုံး အလေ့အကျင့်များ၊ မူဝါဒများနှင့် လမ်းညွှန်ချက်များကို သေချာစေရုံသာမက ယူအေဘီပတ်သက်ဆက်နွယ်သူများအတွက် တန်ဖိုးဖန်တီးမှုပေါ်တွင် အထောက်အကူပြုရုံသာမက လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများကိုလဲ အသစ်မြှင့်တင်ကာ ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ပေးပါသည်။

GOVERNANCE MODEL

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

ကျွန်ုပ်တို့၏ခေါင်းဆောင်မှုနှင့် ထိရောက်မှု

ကျင့်ဝတ်ကောင်းမွန်ခြင်း၊ တာဝန်သိတတ်ခြင်းနှင့် အတွေ့အကြုံရှိသော ခေါင်းဆောင်မှုများဖြင့် အဖွဲ့၏ရေရှည် တည်တံ့အောင်မြင်မှုကို တွန်းအားပေးရန်အတွက် ကောင်းမွန်မျှတသော၊ မတူကွဲပြားသည့် အတွေ့အကြုံရှိပြီး စည်းလုံးသောအဖွဲ့အစည်း အသင်းအဖွဲ့ရှိခြင်း၏ အရေးကြီးပုံကို ဘုတ်အဖွဲ့မှ အသိအမှတ်ပြုပါသည်။

တစ်နစ်တာ ကာလအတွင်းတွင် အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ ၃ ဦး၊ အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ ၂ ဦးနှင့် အလုပ်အမှုဆောင် ဒါရိုက်တာ ၁ ဦး တို့သည် ဘုတ်အဖွဲ့တွင် ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှုဆောင်အရာရှိချုပ်စသည့် ရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

ဒါရိုက်တာအဖွဲ့၏ဖွဲ့စည်းပုံ

လက်ရှိဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံသည် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် လိုအပ်သည့် စွမ်းဆောင်ရည်နှင့် ကုမ္ပဏီရေရှည်တည်တံ့မှုနှင့် ထိရောက်စွာလုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲမှုများကို ထိန်းညှိဆောင်ရွက်ပေးပြီး ဒါရိုက်တာအဖွဲ့တစ်ဦးချင်းစီ၏ မတူကွဲပြားသော ကျွမ်းကျင်မှု၊ အသိပညာနှင့် အတွေ့အကြုံများ (ဘဏ္ဍာရေးနှင့် ငွေကြေးမဟုတ်သော လုပ်ငန်းများနှင့် ပြည်တွင်းနှင့်နိုင်ငံတကာ အတွေ့အကြုံများ စသည့်) တို့ဖြင့် အုပ်ချုပ်မှုနှင့်ကြီးကြပ်မှု ဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။



Board Skills and Experience

ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍနှင့်တာဝန်များ

ကုမ္ပဏီအုပ်စု၏ နည်းဗျူဟာအောင်မြင်မှုသည် ကောင်းမွန်သော စီမံအုပ်ချုပ်မှုအပေါ်တွင် အဓိကအခြေခံသည်ဟု ယုံကြည်ပါသည်။

ခိုင်မာအားကောင်းသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်း ထိန်းချုပ်မှုဆိုင်ရာစနစ်တစ်ရပ်မှတဆင့် ကုမ္ပဏီအုပ်စု၏ တာဝန်ယူနိုင်သည့်ဆုံးရှုံးနိုင်ခြေရှိမှုများ(riskappetite)ကို သေချာစွာချမှတ်ပြီး ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကို ခွဲခြားသိရှိအကဲဖြတ်ပြီး ထိရောက်စွာစီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

အထက်လူကြီးများမှ ချမှတ်ထားသည့်လုပ်ငန်းတွင်းအထွေထွေကျင့်ဝတ်များ (tone from the top) ချမှတ်ခြင်းနှင့် ကုမ္ပဏီအုပ်စု၏အခြေခံစံနှုန်းများကို တည်ဆောက်ခြင်းများအပြင် ဒါရိုက်တာအဖွဲ့သည် စီမံခန့်ခွဲမှုအဖွဲ့၏ မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းနှင့် ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်များအား စောင့်ကြည့်တည့်မတ်ပေးပြီး ရေတိုရေရှည် ကာလအကြား မှန်ကန်သောဟန်ချက်ညီသည့် ပန်းတိုင်ဖြစ်အောင် ကြည့်ရှုထိန်းကျောင်းပေးလျက်ရှိသည်။

ဒါရိုက်တာအဖွဲ့သည်ကုမ္ပဏီအုပ်စုနှင့်ပတ်သက်ဆက်နွယ်သူများဖြစ်သည့် ဝန်ထမ်းများ၊ အစုရှယ်ယာရှင်များ၊ သုံးစွဲသူများနှင့် လူမှုအသိုက်အဝန်းအပေါ် တွင်တည်ရှိသော ဆုံးဖြတ်ချက်များချမှတ်ရာတွင်ဖြစ်ပေါ်လာသော အကျိုးဆက်များနှင့် တာဝန်ဝတ္တရားများ အပေါ်တွင်ပါထည့်သွင်း စဉ်းစားပါသည်။

ဒါရိုက်တာအဖွဲ့သည် ကူးစက်ရောဂါများပျံ့နှံ့နေသည့် အချိန်အတွင်းပင် ကျွန်ုပ်တို့နှင့် ပတ်သက်ဆက်နွယ်သူများအပေါ်တွင် တန်ဖိုးများ ဆောင်ကြဉ်းပေးနိုင်ရန်အတွက် ကတိကဝတ်ပြုခဲ့ပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် အရေးပါမှုကို ပိုမိုအရှိန်မြှင့်တင်စေခဲ့သော ကပ်ဘေးဒုက္ခကို သတိပြုခဲ့ပြီးနောက် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ ရေရှည်တည်တံ့ခိုင်မြဲသော တာဝန်ဝတ္တရားများဖြစ်သော သုံးစွဲသူများ၊ ဝန်ထမ်းများနှင့် လူမှုအသိုက်အဝန်းပေါ်တွင် ကူညီပံ့ပိုးနိုင်ရန် စီမံခန့်ခွဲမှုအဖွဲ့က သေချာစွာ အကောင် အထည်ဖော် ချမှတ်ထားသည့် ကိုဗစ် - ၁၉ ရှေ့ပြေးအစီအစဉ်များတွင်လည်းတက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ယခုနှစ်အတွင်းတွင် ဒါရိုက်တာအဖွဲ့သည် ကိုဗစ် - ၁၉ ကြောင့် ကုမ္ပဏီပေါ်တွင် အကျိုးသက်ရောက်နိုင်သည့် အချက်အလက်များအား စီမံခန့်ခွဲမှုအဖွဲ့နှင့် သေချာစွာအချိန်ယူတိုင်ပင် ဆွေးနွေးခဲ့ပါသည်။ ၎င်းတို့မှာ ကျွန်ုပ်တို့ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို စောင့်ရှောက်ပေးခြင်း၊ ဘဏ္ဍာရေးလုပ်ဆောင်ချက်များကို ပိုမိုတောင့်တင်းစေရန်နှင့် သုံးစွဲသူများကို စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပေးဆောင်ရာတွင် လိုအပ်သောနည်းလမ်းများ ချမှတ်ခြင်းတို့ ဖြစ်ပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

ဒါရိုက်တာအဖွဲ့ဝင်များ

- ကုမ္ပဏီအုပ်စု၏ ရေရှည်အောင်မြင်မှုအတွက်နှင့် ပတ်သက်ဆက်နွယ်သူများ၏ ရေရှည်တည်တံ့ ခိုင်မြဲသောတန်ဖိုးကို အကောင်အထည်ဖော်ပေးနိုင်မည့် မဟာဗျူဟာဆိုင်ရာလမ်းညွှန်မှုများကိုချမှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။
- ကုမ္ပဏီအုပ်စု၏ ထင်ရှားသောမူဝါဒများနှင့် မဟာဗျူဟာများကို သဘောတူလက်ခံခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။
- အဖွဲ့အစည်း၏ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ထုံးများကို ကြီးကြပ်ပေးခြင်း။
- အဓိကဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများကို ခွဲခြားသိမြင်ခြင်းနှင့် လိုအပ်သော သင့်တော်သည့်လုပ်ငန်းတွင်း ထိန်းချုပ်မှုဆိုင်ရာ စီမံချက်နှင့် ဆုံးရှုံးနိုင်မှုကို လျော့နည်းနိုင်စေ မည့်အစီအမံများကို သေချာစေရန်ချမှတ်စေခြင်း။
- ဒါရိုက်တာအဖွဲ့နှင့် အကြီးတန်းစီမံခန့်ခွဲသူများ၏ ရာထူးဆက်ခံခြင်းဆိုင်ရာအစီအစဉ်များ (Succession Plan)ကိုချမှတ်ခြင်း။
- ကုမ္ပဏီအုပ်စု၏စီမံအုပ်ချုပ်မှုမူဘောင်၊လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာမူဘောင်ကို ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲမှုအဖွဲ့မှ တင်ပြလာသော သတင်းအချက် အလက်၏ ပြည့်စုံလုံလောက်မှု (adequacy) နှင့် သမာသမတ်ကျမှု (integrity) ကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်းများအား ကုမ္ပဏီအုပ်စု၏ အရွယ်အစား၊ သဘောသဘာဝနှင့် ခက်ခဲရှုပ်ထွေးမှုတို့တွင် ကြီးမားသည့် အပြောင်းအလဲများ ဖြစ်လာလျှင် ဟန်ချက်မပျက်ရှိ နေစေရန် ဆောင်ရွက်ခြင်း။
- ကုမ္ပဏီအုပ်စု၏ ရေရှည်တည်တံ့ခိုင်မြဲမှုမူဘောင်ကို အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကြီးကြပ်ခြင်း။

ဥက္ကဋ္ဌ

- ဒါရိုက်တာအဖွဲ့အား ထိရောက်စွာလည်ပတ်စေခြင်းနှင့် ဥပဒေရေးရာနှင့် ကြီးကြပ်ကွပ်ကဲမှု ဆိုင်ရာတာဝန်ဝတ္တရားများကို အပြည့်အဝလိုက်နာစေခြင်း။
- ဒါရိုက်တာအဖွဲ့၏ ဆင်ခြင်စဉ်းစားမှုများအား ဦးဆောင်ခြင်း။
- ဒါရိုက်တာအဖွဲ့၏ စီမံခန့်ခွဲမှုအဖွဲ့အပေါ် ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကုမ္ပဏီအုပ်စုတစ်ရပ်လုံးအတွက် ယဉ်ကျေးမှု၊ စံနှုန်း၊ ကျင့်ဝတ်များကိုချမှတ်ခြင်းများအား ဦးဆောင်ခြင်း။
- ပတ်သက်ဆက်နွယ်သူများနှင့် ဒါရိုက်တာအဖွဲ့ဝင်များအကြား ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှုများရှိစေခြင်း။

အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာများ

- ချင့်တွက်သည့်အနေဖြင့် ဥက္ကဋ္ဌထံ ဝေဖန်ထောက်ပြသည့် ဒါရိုက်တာအဖွဲ့ဝင် (sounding board member) ဖြစ်သည်။
- စီမံခန့်ခွဲမှုအဖွဲ့၏ စွမ်းဆောင်ရည်ကို ကြည့်ရှုအကဲဖြတ်၍ စီမံခန့်ခွဲခြင်း။
- ဒါရိုက်တာအဖွဲ့နှင့် ဘုတ်အဖွဲ့ကော်မတီများထံသို့ တင်ပြလာသော အချက်အလက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် လွတ်လပ်၍ အမှီအခိုကင်းသော ဆုံးဖြတ်ချက်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှုဆောင်အရာရှိချုပ်

- စီမံခန့်ခွဲမှုအဖွဲ့အား ဦးဆောင်ခြင်း၊ ကုမ္ပဏီအုပ်စု၏ နေ့စဉ်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် မဟာဗျူဟာများအား အကောင်အထည်ဖော်ရန် တာဝန်ရှိခြင်း။
- ကုမ္ပဏီအုပ်စု၏ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေရန်နှင့် လုပ်ငန်းတွင်း ဆုံးရှုံးနိုင်ခြေဆိုင်ရာ ထိန်းချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများအား ထိရောက်မှုရှိစေခြင်းအပြင် နေ့စဉ်လုပ်ငန်းဆောင်တာများအား တာဝန်ယူဦးဆောင်ခြင်း။

ဘုတ်အဖွဲ့ကော်မတီများ

ဒါရိုက်တာအဖွဲ့သည်လုပ်ငန်းသတ်မှတ်ချက်များ (terms of reference) ကိုအခြေခံ၍ လုပ်ငန်းတာဝန်များအား ထမ်းဆောင်စေနိုင်ရန် ဘုတ်အဖွဲ့ကော်မတီများထံ လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည်။

ဘုတ်အဖွဲ့ကော်မတီတစ်ရပ်စီ၏ လုပ်ငန်းသတ်မှတ်ချက်များသည် ၎င်း၏တာဝန်ဝတ္တရားများ၊ အစည်းအဝေးအထမြောက်ရန်ဦးရေ၊ မဲပေးရန်လိုအပ်ချက်နှင့် ဘုတ်အဖွဲ့ကော်မတီဝင်အဖြစ် တင်မြှောက်ခြင်းများ အပါအဝင် အစည်းအဝေးများ ကျင်းပပုံနည်းလမ်းကို သတ်မှတ်ပေးထားသည်။ ဘုတ်အဖွဲ့ကော်မတီအတွက် မည်သည့် လုပ်ငန်းသတ်မှတ်ချက်များ ပြောင်းလဲမှုမဆို ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်လိုသည်။

အစည်းအဝေးများအတွင်း ချမှတ်ခဲ့ကြသည့် အဓိကဆွေးနွေးချက်များနှင့်ဆုံးဖြတ်ချက်များကို ပြုစုထားသည့် ဘုတ်အဖွဲ့ကော်မတီ အစည်းအဝေးမှတ်တမ်းများအား ဘုတ်အဖွဲ့ကော်မတီဝင်များ အားလုံးထံပေးပို့ဖြန့်ဝေသည်။ ဘုတ်အဖွဲ့ကော်မတီတစ်ရပ်စီ၏ဥက္ကဋ္ဌသည် အဆိုပါ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမခေါ်မီ ကျင်းပခဲ့သည့် ၎င်းတို့၏ ဘုတ်အဖွဲ့ကော်မတီအသီးသီးတွင် ဆွေးနွေးခဲ့ကြသည့် အရေးကြီးကိစ္စများအား ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် တင်ပြလေ့ရှိသည်။

ဒါရိုက်တာအဖွဲ့အစည်းအဝေးများ

ဒါရိုက်တာအဖွဲ့အစည်းအဝေးများ မစတင်မီ ဥက္ကဋ္ဌသည် ကုမ္ပဏီအုပ်စု၏ အမှုဆောင်အရာရှိချုပ် နှင့်အတူ အစည်းအဝေး အစီအစဉ်ပါ ဆွေးနွေးဖြေရှင်းရန် ကိစ္စရပ်များ သေချာစေရန် အဆိုပါအစည်းအဝေး အစီအစဉ်ချမှတ်ထားမှုကို အတည်ပြုကြည့်ရှုပေးသည်။



ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

အစည်းအဝေးအစီအစဉ်ကို လိုအပ်သည့်အခါတွင် လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းနိုင်ပါသည်။ ဘုတ်အဖွဲ့အစည်းအဝေးနှင့် ဘုတ်ကော်မတီ အစည်းအဝေးများတွင်တင်ပြသော အစည်းအဝေးတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် အကြောင်းအရာများကို ဘုတ်အဖွဲ့များအား ပေးအပ်ထားသည့် tablet များတွင် အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်သည့် လုံခြုံရေးမြင့်အွန်လိုင်းပေါ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့ ကြေညာစာတမ်း (Board Charter) တွင် အစည်းအဝေးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့်အကြောင်းအရာများအား အစည်းအဝေးမတိုင်မီတွင် ပေးပို့ပြီး လိုအပ်သော အချိန်နှင့် သက်ဆိုင်ရာကို ပြန်လည်သုံးသပ်နိုင်စေရန်အတွက်လဲ ဖော်ပြထားရှိပါသည်။

ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့် ဆွေးနွေးချက်များကို အစည်းအဝေးမှတ်တမ်းများဖြင့် အချိန်နှင့်တစ်ပြေးညီမှတ်တမ်းတင်ထားရှိပြီး စီမံခန့်ခွဲမှုအဖွဲ့မှ ဆက်လက်လုပ်ကိုင်ရန် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်ပါသည်။

အစည်းအဝေးမှတ်တမ်း မူကြမ်းကိုနောက်ကျင်းပသည့် အစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူပြီးနောက် ဥက္ကဋ္ဌမှ လက်မှတ်ရေးထိုးပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများအရ သော်လည်းကောင်း လိုအပ်သည့် အခြေအနေများအရ သော်လည်းကောင်း ဒါရိုက်တာအဖွဲ့မှ အစည်းအဝေးပြုလုပ်တွေ့ဆုံခဲ့ပါသည်။

ဒါရိုက်တာ အဖွဲ့အစည်းအဝေးများ၏ ရက်စွဲများကို ကြိုတင်သတ်မှတ်ထား ရှိခဲ့ပြီး ဘုတ်အဖွဲ့ဝင်များအားလုံး တက်ရောက်နိုင်ရန် စီစဉ်ပါသည်။ ကြိုတင်သတ်မှတ်စီစဉ်ထားသော အစည်းအဝေးများ အပြင်အထူးအစည်းအဝေးများကိုလည်းလိုအပ်ချက်အလိုက်စီစဉ်ပြီး ကျင်းပ လျက်ရှိပါသည်။ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ၏ ၉၀% အား ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ တက်ရောက်ခဲ့ပါသည်။

Covid-19 ကပ်ရောဂါဖြစ်ပွားနေချိန်တွင် သတ်မှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ (Standard Operation Procedure) များအရ အချို့သော ဘုတ်အဖွဲ့အစည်းများကို Lockdown ချမှတ်ထားသည့် ကာလအတွင်း အဖွဲ့ဝင်များ ကပ်ရောဂါဘေးမှ ကင်းဝေးနိုင်စေရန်နှင့် လုံခြုံစိတ်ချနိုင်စေရန်အတွက် virtual meeting များ အဖြစ် အသွင်ပြောင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

စီနီယာအုပ်ချုပ်မှု အဖွဲ့ဝင်အချို့အနေဖြင့် ဘုတ်အဖွဲ့ဝင်များလိုအပ်သည့် အချက်အလက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ဘုတ်အဖွဲ့အစည်းအဝေးများကို တက်ရောက်ကြပါသည်။ စီစဉ်ထားသော အစည်းအဝေးများတွင် အမှုဆောင်မဟုတ်သော ဒါရိုက်တာများမှလည်း အခြားသော စီနီယာ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့် အမှုဆောင် ဒါရိုက်တာများမပါဝင်ပဲ သီးခြားဆွေးနွေးသော ဖိုရမ်တစ်ခုလည်းရှိပါသည်။

ဘုတ်အဖွဲ့ဝင်များသည် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်၊ ဒုတိယအမှုဆောင်အရာရှိချုပ်တို့၏ စွမ်းဆောင်ရည်ကိုလဲ ပုံမှန်အကဲဖြတ်ပြီး ၎င်းတို့၏ ရာထူးဆက်ခံခြင်းဆိုင်ရာ အစီအမံများကိုလဲ ပြုလုပ်ဆောင်ရွက်ပေးပါ သည်။

ကျင့်ဝတ်သိက္ခာ အသိပေးတိုင်ကြားခြင်း ဆိုင်ရာမူဝါဒ

uab ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့ဝင်များအနေဖြင့် သုံးစွဲသူများ၊ လုပ်ငန်းဆက်စပ် ပတ်သက်နေသူများ၊ ကြီးကြပ်ကွပ်ကဲသူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အခြားသော ပတ်သက်ဆက်နွယ်နေသူများနှင့် ဆက်ဆံရာတွင် ဘုတ်အဖွဲ့များနှင့် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်သိက္ခာနှင့် အပြုအမူဆိုင်ရာစံနှုန်းများအား သတ်မှတ်ထားရှိပေးထားပါသည်။ ထိုကဲ့သို့သော ကျင့်ဝတ်သိက္ခာနှင့် အပြုအမူဆိုင်ရာ စံနှုန်းများသည် ဝန်ထမ်းများအနေဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များ လုပ်ဆောင်ရာတွင် လမ်းညွှန်မှုရရှိနိုင်ပါသည်။

		Board Audit Committee (BAC)	Board Credit Committee (BCC)	Board Risk Committee (BRC)	Board Nomination & Remuneration Committee (BNRC)	Board of Directors (BOD)
1.	U Nay Aye	Chairman (2/2)	NA	NA	Member (1/1)	Chairman (4/5)
2.	U Tint Thwin	Member (2/2)	Member (5/7)	Member (1/2)	Chairman (1/1)	Member (4/5)
3.	U Than Win Swe	Member (2/2)	Member (7/7)	Chairman (2/2)	Member (1/1)	Member (5/5)
4.	U Thant Zin	NA	Chairman (7/7)	Member (2/2)	NA	Member (5/5)
5.	Mr Christopher Loh	NA	NA	Member (2/2)	NA	Member (5/5)

Notes : Numbers in the bracket denote meeting attendance from 1 Oct 2021 to 31 Mar 2022

ထို့အပြင် ကျင့်ဝတ်သိက္ခာနှင့် အပြုအမူဆိုင်ရာစံနှုန်းများသည် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ ဖြစ်မှုများ၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုဝါဒများအား ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများ၊ သုံးစွဲသူများနှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုများ၊ အသိပေးတိုင်ကြားခြင်းဆိုင်ရာမူဝါဒ၊ လိမ်လည်မှုဆိုင်ရာ ကိစ္စရပ်များအား စီမံခန့်ခွဲမှုစသည့် သီးခြားမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် ပြန်လည်ရည်ညွှန်း အသုံးပြုနိုင်ပါ သည်။

ထို့အပြင် ဘုတ်အဖွဲ့၏ ဒါရိုက်တာများမှ ၄င်းတို့ တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် လိုက်နာရမည့် အခြေခံလမ်းညွှန်မှုများနှင့် စံနှုန်းများကို သတ်မှတ်ပေးထားသည့် ကျင့်ဝတ်သိက္ခာမူဝါဒကိုလည်း ချမှတ်ထားရှိခဲ့ပါသည်။

အသိပေး တိုင်ကြားခြင်းဆိုင်ရာ မူဝါဒအနေဖြင့် ကိစ္စရပ်များအား ဓမ္မမိဌာန်ကျကျ စုံစမ်းစစ်ဆေးပြီး ဖြေရှင်းရန်နည်းလမ်းများအား ချမှတ်ထားရှိပေးပါသည်။ ဤမူဝါဒသည် တစ်ဦးတစ်ယောက်ချင်းစီ၏ တရားမဝင်၊ ကျင့်ဝတ်သိက္ခာမဲ့ သို့မဟုတ် သံသယဖြစ်ဖွယ် အလေ့အကျင့်များနှင့် ပတ်သက်ပြီး ယုံကြည်စိတ်ချစွာနှင့် တခြားသော အန္တရာယ်များမရှိပဲ တိုင်ကြားချက်များပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ထိုမူဝါဒသည် ဝန်ထမ်းများ၊ ထောက်ပံ့ပေးသူများ၊ ရောင်းချပေးသူများ၊ ဆက်စပ်ပတ်သတ်သူများ နှင့် uab ၏ သုံးစွဲသူများအားလုံး ဆက်စပ်ပတ်သက် နေပါသည်။

ဆုကြေးနှင့် ခံစားခွင့်ဆိုင်ရာ မူဘောင်ဝါဒ

ဘုတ်အဖွဲ့အနေဖြင့် BNRC အား ရွေးချယ်ထားရှိပြီး ကုမ္ပဏီအား ရွေးချယ်ထားရှိပြီး ကုမ္ပဏီအုပ်စုအဖွဲ့ဝင်၏ ဆုကြေးနှင့် လစာခံစားခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး စီမံအုပ်ချုပ်မှုဆိုင်ရာ မူဘောင်များ၊ စီမံအုပ်ချုပ်မှုအလေ့အထများအား တိုင်းတာသည့် ဥပဒေသများ (Overarching Principles) နှင့် သတ်မှတ်ချက်ဘောင်များ (Parameters) အား ချမှတ်ရန်တာဝန်ကို BNRC ဘုတ်အဖွဲ့ကော်မ တီထံ အပ်နှင်းထားသည်။

ဝန်ထမ်းများ၏ ဆုကြေးနှင့် ခံစားခွင့်ဆိုင်ရာ ကိစ္စရပ်များတွင် ပုံသေသတ်မှတ်ထားရှိသည့် ခံစားခွင့်နှင့် ပုံသေမဟုတ်သည့် ခံစားခွင့် ဟူ၍ နှစ်ပိုင်းပါရှိပါသည်။

ပုံသေသတ်မှတ်ထားရှိသည့် ခံစားခွင့်နှင့် ပုံသေမဟုတ်သည့် ခံစားခွင့် ဟူ၍ နှစ်ပိုင်းပါရှိပါသည်။

- ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ အရည်အချင်း၊ တာဝန်နှင့် စွမ်းဆောင်ရည်အပေါ် အခြေခံ၍ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားလျက်ရှိပါသည်။

ပုံသေမဟုတ်သည့် ခံစားခွင့်နှစ်စဉ်ပေးအပ်သည့် ဆုကြေးငွေနှင့် အရောင်းစွမ်းအားပေါ်မူတည်၍ရရှိသည့် ဆုကြေးငွေ စသည်တို့ပါဝင်ပါသည်။

- ဝန်ထမ်းတစ်ဦးချင်းစီ၏ အလုပ်လုပ်နိုင်စွမ်းရည်၊ လုပ်ငန်းဌာနနှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ အပေါ်မူတည်ပြီး ကုမ္ပဏီအုပ်စု၏ အခြေခံအပေါ်လည်းမူတည်ပြီး အာမခံချက်မရှိသည့် ဆုကြေးငွေ။

ဆုကြေးငွေ။ အလုပ်စွမ်းဆောင်ရည် မြင့်မားသည့် ဝန်ထမ်းများအား အလုပ်လုပ်နိုင်စွမ်းအတွက် လှုံ့ဆောင်မှု၊ ဆုလာဘ်များဖြင့်ဆွဲဆောင်ပြီး ကုမ္ပဏီအုပ်စု၏ အောင်မြင်မှုကို အထောက်အပံ့ ဖြစ်နိုင်စေရန်အတွက်ဖြစ်ပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

စွမ်းဆောင်ရည်များကို တိုင်းတာခြင်း

အသင်းအဖွဲ့၏ စွမ်းဆောင်ရည်သည် မျှတသော ရမှတ်မှတ်တမ်း (scorecard)နှင့်အညီဆုံးဖြတ်ခြင်းဖြစ်ပြီး ထိုရမှတ်မှတ်တမ်း(scorecard)တွင် အဓိကအစီအမံများ၏အမြတ်အစွန်းများ၊ ကုန်ကျစရိတ်များ၊ အရင်းအနှီးများ၊ အလတ်စားမှစ၍ ရေရှည်စီမံကိန်းများ၏အစပျိုးမှုများ၊ ရေရှည်တည်တံ့မှု စွမ်းဆောင်ရည်များနှင့် အစပျိုးမှုများအပြင် ဆုံးရှုံးနိုင်ခြေရှိသည်များ၊ စာရင်းစစ်ကိစ္စရပ်များ နှင့် compliance positionsများလည်းပါဝင်သည်။

အဖွဲ့၏ အဓိကအစီအမံများမှာ လုပ်ငန်းယူနစ်များ၏ ရမှတ်မှတ်တမ်းများ (scorecard)၊ enabler functions များ၏ လိုက်လျောညီထွေရှိမှုနှင့် တစ်ဦးတစ်ယောက်ချင်းဆီ၏ ပန်းတိုင်များ စသည်တို့၏ နောက်ဆက်တွဲ လုပ်ဆောင်မှုများပါဝင်သည်။

ဝန်ထမ်းတစ်ဦးစီ၏ လုပ်ငန်းလုပ်ဆောင်ရွက်နိုင်စွမ်းကို တိကျမျှတစွာ ချမှတ်ထားရှိသည့် ရည်မှန်းချက်ပန်းတိုင်များဖြင့် တိုင်းတာစစ်ဆေးသုံးသပ်လျက်ရှိပါသည်။ ငွေကြေးဆိုင်ရာ ရည်မှန်းချက်များအပြင် ရမှတ်မှတ်တမ်းပါ ပန်းတိုင်များတွင် သုံးစွဲသူအတွေ့အကြုံများနှင့် ပတ်သက်၍အစီအမံများ၊ (သမိုင်းမှတ်တိုင်-milestone များတိုးတက်မှုအခြေအနေ သို့မဟုတ် ROIအား စောင့်ကြည့်စစ်ဆေးပေးနိုင်မည့်) ရေရှည်အတွက် မဟာဗျူဟာမြောက် အစပျိုးဆောင်ရွက်ခြင်းများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းစဉ်ထိန်းချုပ်မှုများ၊ စာရင်းစစ်နှင့် လိုက်နာကျင့်သုံးမှုဆိုင်ရာ တွေ့ရှိချက်များနှင့် ပြည်သူလူထုနှင့် နီးနွယ်သည့် အစီအမံများပါဝင်ပါသည်။

ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များသည် မျှတသောပန်းတိုင်များကို ချမှတ်ခြင်းများမှတစ်ဆင့် အခြေခံဖြစ်ပေါ်လာပါသည်။ ထပ်မံဖြည့်စွက်ချက်အနေဖြင့် ငွေရေးကြေးရေးဆိုင်ရာပြည့်မှီရန် ရည်မှန်းချက် ရမှတ်မှတ်တမ်း (scorecard) များတွင် အများအားဖြင့် သုံးစွဲသူများဆိုင်ရာအတွေ့အကြုံများ၊ ပဏာမခြေလှမ်းများ၊ ရေရှည်အစီအမံများ၊ (သမိုင်းမှတ်တိုင်များ သို့မဟုတ် ROI တိုးတက်မှုများကို စောင့်ကြည့်ခြင်း)၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းစဉ်ထိန်းချုပ်မှုများ၊ စာရင်းစစ်နှင့် ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်မှုတို့ ပါဝင်သည့်အပြင် နှစ်ကုန်တွင်ရမှတ်မှတ်တမ်းနှင့် အရည်အသွေးဆိုင်ရာတုံ့ပြန်ချက်များ (scorecard and qualitative feedback) ပါ တစ်ဦးချင်း အလိုက်ပန်းတိုင်များအား ဖြည့်ဆည်းပေးနိုင်မှုအပေါ် အခြေခံသည့် ကုမ္ပဏီအုပ်စု၏ စွမ်းဆောင်ရည်စီမံခန့်ခွဲမှု မူဘောင်မှတဆင့် လူတစ်ဦးချင်း၏ စွမ်းဆောင်ရည်ကို အကဲဖြတ်စိစစ်လျက်ရှိသည်။

အလားတူပင် ROE အသုံးစရိတ်၊ ဆုံးရှုံးနိုင်ခြေနှင့် ထိန်းချုပ်မှုများ၊ သုံးစွဲသူ အတွေ့အကြုံများနှင့် မဟာဗျူဟာမြောက် အစပျိုးဆောင်ရွက်ခြင်းများ၊ ဆိုင်ရာဆောင်ရွက်ချက်များ အကျုံးဝင်သည့် ရမှတ်မှတ်တမ်း တစ်ရပ်မှသည် ကုမ္ပဏီအုပ်စု၏ CEO အတွက် စွမ်းဆောင်ရည်အား တိုင်းတာထားသည်။ ယင်းသို့ရမှတ် မှတ်တမ်းဖြင့် အကဲဖြတ်စိစစ်မှုသည် ကုမ္ပဏီအုပ်စု CEO ၏ ပြောင်းလဲနေသော အခကြေးငွေအတွက် အခြေခံအကြောင်း ရင်းများကို သတ်မှတ်ပေးထားသည်။

၁။ ထိရောက်သော စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ

သီးခြားလွတ်လပ်သော ဒါရိုက်တာသည် BAC အား သဘာပတိမှုပြီး ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌမဖြစ်ရပါ။ BAC အဖွဲ့ဝင်များသည် သက်ဆိုင်ရာ စာရင်းကိုင် သို့မဟုတ် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူ သို့မဟုတ် ကျွမ်းကျင်ပိုင်နိုင်မှုရှိသူဖြစ်သည်။

BACသည် ၎င်းတို့ရည်ညွှန်းသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့၏ နိုင်မာအားကောင်း၍ ပွင့်လင်းသည့် စဉ်းစားဆင်ခြင်မှုများအား မြှင့်တင်နိုင်ရန်ရည်ရွယ်သည်။ ယူအေဘီ၏ ရေရှည်တည်တံ့ခိုင်မြဲမှု အစီအစဉ်အား တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကုမ္ပဏီအုပ်စုနှင့် ၎င်း၏ ပတ်သက်ဆက်နွယ်သူများအတွက် အရေးပါသည့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍရပ်များကို အလေးထားလျက် ဌာနတွင်းစာရင်းစစ်နယ်ပယ်တွင် စီးပွားရေး လုပ်ငန်းများ၊ ပတ်သက်ဆက်နွယ်သူများနှင့် ပတ်သက်၍ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို တည်ဆောက်စေသည်။

ယူအေဘီသည် ပြင်ပစာရင်းစစ်များကို ခန့်အပ်ခြင်းပြန်လည်ခန့်အပ်ခြင်းများကို ဗဟိုဘဏ်၏ မူဝါဒနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။ ပြင်ပစာရင်းစစ်များ၏ လွတ်လပ်မှု (independence)၊ ဓမ္မမိဌာန်ကျမှု (objectivity) နှင့် စွမ်းဆောင်ရည်ရှိမှု (performance) များအား ချင့်တွက်ရန်အတွက် ဗဟိုဘဏ်မှ ချမှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီမှုရှိစေရန် BAC က အကဲဖြတ်ပေးရသည်။

BAC သည် ပြင်ပစာရင်းစစ်များ၏ ဓမ္မမိဌာန်ကျမှု၊ လွတ်လပ်မှုနှင့် ထိရောက်မှုတို့အား ထိန်းညှိပေးရမည်ဖြစ်သည်။

ဆုံးရှုံးနိုင်ခြေနှင့်လုပ်ငန်းတွင်းထိန်းချုပ်မှုမူဘောင်

ဒါရိုက်တာအဖွဲ့သည် ယူအေဘီ၏ လုပ်ငန်းတွင်းထိန်းချုပ်မှုစနစ်အတွက်တာဝန်ရှိမှုများနှင့်ကြီးကြပ်မှုများကိုထည့်သွင်းစဉ်းစားလေ့ရှိပြီး ဆုံးရှုံးနိုင်ခြေနှင့် စီမံအုပ်ချုပ်မှု ကဏ္ဍရပ်များအတွက် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အဆက်မပြတ် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် ဒါရိုက်တာအဖွဲ့သည် ယူအေဘီ၏ မဟာဗျူဟာမြောက် ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေသည့် ပုံစံဖြင့် အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ယူအေဘီ၏ ရပိုင်ခွင့်များအား ကာကွယ်ရန် တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှု သတ်မှတ်ချက်အားဆုံးဖြတ်ခြင်း၊ အဓိကကျသော ဆုံးရှုံးနိုင်ခြေများအား ခွဲခြားစိစစ်စောင့်ကြပ်ခြင်းများတွင် ဆက်လက်ပါဝင် ဆောင်ရွက်လျက်ရှိသည်။

အထက်ပါ ရည်ရွယ်ချက်အတွက် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ ဌာနတွင်းထိန်းချုပ်မှုများနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်၍ ထိရောက်မှု၊ မှန်ကန်တိကျမှုနှင့် ခိုင်မာမှုများအား ပြန်လည်ဆန်းစစ်ရန်အတွက် စီမံအုပ်ချုပ်မှုနှင့်လုပ်ငန်းစဉ်များအား ချမှတ်ထားပါသည်။

ယူအေဘီ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် ကျရှုံးနိုင်ခြေများအား အပြီးပိုင်ဖယ်ရှားရန် မဖြစ်နိုင်သည့်အတွက် အဆိုပါ ဆုံးရှုံးနိုင်ခြေများအား ခွဲခြားသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထိရောက်စွာ ထိန်းချုပ်ခြင်းဖြင့် အဆိုပါ ဆုံးရှုံးနိုင်ခြေအားလျော့ပါးသက်သာစေရန် ဌာနတွင်းထိန်းချုပ်မှုစနစ်ကို ရေးဆွဲထားသည်။

ယင်းမူဘောင်သည်စီးပွားရေးလုပ်ငန်းမဟာဗျူဟာဆိုင်ရာအပြောင်းအလဲများအရ ဆုံးရှုံးနိုင်ခြေအချက်အလက်များ (risk profiles) များ၊ ပြင်ပပတ်ဝန်းကျင် (external environment) သို့မဟုတ် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ပတ်ဝန်းကျင် (regulatory environment) များအား ထည့်သွင်းစဉ်းစားပြီး၊ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့အတွက်တည်ရှိဆဲဖြစ်သော၊ ဖြစ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများ အားလုံးအတွက် ကြိုတင်မျှော်မှန်းပြင်ဆင်ရန်နှင့် စီမံခန့်ခွဲရန်နည်းလမ်းများကို စီစဉ်သတ်မှတ်ပေးထားသည်။

BRC သည် ယူအေဘီ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဝါဒများနှင့် တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုများ (risk appetite) ကိုဖော်ထုတ်သုံးသပ်ရန် တာဝန်ရှိသည်။ BRC သည် လိုက်နာကျင့်သုံးခြင်း ဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှုများ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့တံ ကြီးကြပ်ခြင်း၊ အကြံပေးခြင်းများလည်းပြုလုပ်ပေးလျက်ရှိသည်။

BRC သည် အဖွဲ့ဝင်လေးဦးဖြင့်ဖွဲ့စည်းထားပြီး၊ ၎င်းတို့အနက်(ဥက္ကဋ္ဌ အပါအဝင်) အဖွဲ့ဝင်သုံးဦးသည် သီးခြားလွတ်လပ်သော ဒါရိုက်တာများဖြစ်ကြသည်။

ကုမ္ပဏီအုပ်စု၏ လုပ်ငန်းတွင်းစာရင်းစစ် (Group Internal Audit - GIA) သည် BRC ထံ လွတ်လပ်စွာ အစီရင်ခံတင်ပြပြီး၊ စီမံခန့်ခွဲမှုအဖွဲ့မှဆောင်ရွက်သည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုများနှင့် အုပ်ချုပ်စီမံမှု လုပ်ငန်းစဉ်များ၏ ပြည့်စုံလုံလောက်မှု (adequacy)၊ ကျွမ်းကျင်မှု (efficiency) နှင့် ထိရောက်မှု (effectiveness) အပေါ် လွတ်လပ်သည့် အကဲဖြတ်ဆန်းစစ်မှုများပြုလုပ်သည်။ GIA သည် ကိုဗစ် - ၁၉ ကာလပြီးနောက် လုပ်ငန်းကိစ္စများ စီမံခန့်ခွဲစဉ် အပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနိုင်ခြေများ အပါအဝင် ဆုံးရှုံး နိုင်ခြေများအားလုံး အကျုံးဝင်လွှမ်းခြုံသည့် စာရင်းစစ်စီမံချက်တစ် ရပ်အား ကျင့်သုံးသည်။ BAC သည် ၎င်း၏ အခန်းကဏ္ဍအား ပြည့်စုံစွာဆောင်ရွက်နိုင်ရန် ဌာနတွင်း စာရင်းစစ်လုပ်ငန်းစဉ်အား ပုံမှန်သုံးသပ်လေ့ရှိသည်။

GIA သည် ထူးခြားခြင်း၊ အရေးပါလှသည့် တွေ့ရှိချက်များအား ပြုပြင်တည့်မတ်သည့်ဆောင်ရွက်ချက်များ (corrective actions) ဆိုင်ရာ အကြံပြုချက်များ နှင့်တကွ BAC ထံ အစီရင်ခံတင်ပြသည်။ စီမံခန့်ခွဲမှုအဖွဲ့သည်တင်ပြထားသည့်အားနည်းချက်များအပေါ် ပြုပြင်တည့်မတ်သည့် ဆောင်ရွက်ချက်များအား လျော်ကန်သည့် အချိန်ကာလ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်တာဝန်ရှိသည်။

ပြုပြင်တည့်မတ်သည့်ဆောင်ရွက်ချက်များအတွက် စီမံခန့်ခွဲမှုအဖွဲ့က ကတိပေးထားသည့် နောက်ဆုံးသတ်မှတ်ချိန်များအား အနီးကပ်စောင့်ကြပ်စစ်ဆေးပြီး၊ နောင့်နေးကြန့်ကြာမှုများအား BAC ၏ အတည်ပြုချက်ရယူနိုင်ရန် အကျိုးသင့်အကြောင်းသင့် ရှင်းလင်းတင်ပြသည်။

ပတ်သက်ဆက်နွယ်သူများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း

ကုမ္ပဏီအုပ်စုသည် ရပ်ရွာလူမှုဝန်းကျင်အပေါ်ရင်းနှီးမြှုပ်နှံမှုအတွက် ကော်ပိုရိတ်မဟာဗျူဟာများနှင့် ငွေကြေးဆိုင်ရာဒေတာများနှင့်ပတ်သက်သည့် ပွင့်လင်းမြင်သာသော သတင်းအချက်အလက်များအား အချိန်မီအသိပေး ဆောင်ရွက်နိုင်ရန် ရည်သန်ထားသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

ကျွန်ပ်တို့သည် တည်မြဲဆဲဖြစ်သည့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ချက်များအား ကုမ္ပဏီအုပ်စုနှင့် ၎င်းတို့၏ ပတ်သက်ဆက်နွယ်မှုများအကြား ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်း၏ သော့ချက်တစ်ခုအဖြစ် သုံးသပ်ရှုမြင်သည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေး

ဒါရိုက်တာအဖွဲ့သည် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ကြမည့် အစည်းအဝေးဆုံးဖြတ်ချက်များကို သုံးသပ်ဆင်ခြင်ရန် လုံလောက်သည့် အချိန်အတွင်း အသိပေးအကြောင်းကြားလေ့ရှိသည်။

နှစ်ပတ်လည် အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် သက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အစီရင်ခံစာများအပြင် အဆို ပြုလာသည့် အစည်းအဝေးဆုံးဖြတ်ချက် အသေးစိတ်တို့ပါဝင်သည်။ ယူအေဘီသည် ၁၁ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးမတိုင်မီ အစုရှယ်ယာရှင်များအား အကြောင်းကြားစာနှင့် အစီအစဉ်အားကြိုတင်ပေးပို့ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အဆိုပါ အစည်းအဝေးအား အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။ အစည်းအဝေး အကြောင်းကြားစာနှင့် အစီအစဉ်အား ယူအေဘီ၏ ဝက်ဆိုက်ဒ်စာမျက်နှာဖြစ်သည့် www.uab.com.mm တွင် ထုတ်ပြန်ကြေညာထားပြီး၊ ဥက္ကဋ္ဌမှ လက်မှတ်ရေးထိုးထားသည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

ဒါရိုက်တာအဖွဲ့၏ တာဝန်ရှိမှုများ

ဒါရိုက်တာအဖွဲ့သည် ယေဘုယျအားဖြင့် ခိုင်မာအားကောင်းသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်း ထိန်းချုပ်မှုဆိုင်ရာစနစ်တစ်ရပ်အား ကုမ္ပဏီအုပ်စုအတွင်း တည်ဆောက်ရန်မှာငင်းတို့၏ တာဝန်သာဖြစ်ကြောင်း အတည်ပြုကြပါသည်။ ဒါရိုက်တာအဖွဲ့၏ တာဝန်ရှိမှုများတွင် ကုမ္ပဏီအုပ်စု၏ ရည်ရွယ်ချက်များဖြစ်မြောက်အောင်ဆောင်ရွက်မှုအပေါ် အဟန့်အတားဖြစ်စေမည့်ဆုံးရှုံးနိုင်ခြေများအား ခွဲခြားခြင်း၊ အကဲဖြတ်ခြင်းနှင့် တုံ့ပြန်ခြင်းများ ဆောင်ရွက်ပြီး၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည့်စုံလုံလောက်မှုနှင့်ထိရောက်မှုများ အားသုံးသပ်ရန်ဖြစ်သည်။

စီးပွားရေးနှင့်မဟာဗျူဟာမြောက်ရည်ရွယ်ချက်များအရလက်ခံနိုင်လောက်သောဆုံးရှုံးနိုင်ခြေအဆင့်သတ်မှတ်ချက်နှင့်အမျိုးအစားများ အားရှင်းလင်းစွာ ထုတ်ဖော်ထားသည့် ကုမ္ပဏီအုပ်စုတာဝန်ယူနိုင်သည့်ဆုံးရှုံးနိုင်ခြေရှိမှုများ (risk appetite) အားချမှတ်ရန်မှာ ဒါရိုက်တာအဖွဲ့၏ အဓိကအခန်းကဏ္ဍများအနက်တစ်ခုအပါအဝင်ဖြစ်သည် ဤအခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့သည် အလားတူလိုက် လျောညီထွေ သောဆုံးရှုံးနိုင်ခြေများ (corresp-onding risks) အား အတည်ပြုပြီးတာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုများ (approved risk appetite) အဖြစ်လောက်စွာ လျှော့ချနိုင်စေမည်ဖြစ်ပြီး၊ ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာမြောက် ပန်းတိုင်များနှင့် စီမံချက်များတွင် တက်ကြွလှုပ် ရှားပါဝင်ကြ သည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှု စနစ်တစ်ရပ်၏ ရှိရင်းစွဲ ကန့်သတ်ချက်များအရ ဒါရိုက်တာအဖွဲ့သည် အဆိုပါစနစ်တစ်ရပ်သည်ကြီးမားသော ဘဏ္ဍာရေးဆိုင်ရာမှားယွင်း ဖော်ပြမှု၊ လိမ်လည်မှု သို့မဟုတ် ဆုံးရှုံးမှုများအတွက် အလုံးစုံအာမခံချက်မျိုးထက်လက်တွေ့ကျသော အာမခံချက်မျိုးသာဖြစ်ကြောင်း သိရှိလက်ခံကြပါသည်။

ထိရောက်သောဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့်လုပ်ငန်းတွင်းထိန်းချုပ်မှု၏ သဘောလက္ခဏာနှင့် ဖွံ့ဖြိုးမှုအတွက် အခရာကျသည့် အားကောင်းသော စီမံအုပ်ချုပ်မှုပုံစံတစ်ရပ် တည်ဆောက်ရာ၌ ဘုတ်အဖွဲ့သည် အရေးပါသည့် အခန်းကဏ္ဍမှရပ်တည်လျက်ရှိသည်။ ဒါရိုက်တာအဖွဲ့သည် ၎င်း၏ဆုံးရှုံးနိုင်ခြေနှင့် ထိန်းချုပ်မှုအပေါ် ကြီးကြပ်ရန်တာဝန်များအား ထိထိရောက်ရောက်ထမ်းဆောင်ရန် အလို့ငှာဆုံးရှုံးနိုင်ခြေ၊ ဥပဒေကြောင်းအရလိုက်နာဆောင်ရွက်မှုနှင့် ထိန်းချုပ်မှုအသီးသီးအားကွပ်ကဲရန် ဆုံးရှုံးနိုင်ခြေဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ (Board Risk Committee) နှင့် စာရင်းစစ်ဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ (Board Audit Committee) တို့အားဖွဲ့စည်း တည်ထောင်ပါသည်။

အဆိုပါ ဘုတ်အဖွဲ့ကော်မတီများသည် ၎င်းတို့ထံအပ်နှင်းထားသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်တာများ၊ အဓိကကျသောနှိုင်းချိန်မှုများနှင့် ဆုံးဖြတ်ချက်များအား အခါအားလျော်စွာ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်ရှိမှုများ

ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသည့် စီမံခန့်ခွဲမှုအဖွဲ့ ဆုံးရှုံးနိုင်ခြေနှင့် ထိန်းချုပ်မှုဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ စီမံခန့်ခွဲမှုအဖွဲ့ တာဝန်ဖြစ်သည်။ စီမံခန့်ခွဲမှုအဖွဲ့၏ အခန်းကဏ္ဍသည် ကုမ္ပဏီအုပ်စုစီးပွားရေး လုပ်ငန်းနှင့် သက်ဆိုင်သည့်ဆုံးရှုံးနိုင်ခြေများ၊ စီးပွားရေးအရရည်ရွယ်ချက်များနှင့် မဟာဗျူဟာများ ဖြစ်မြောက်အောင်မြင်ရေးများအား ခွဲခြားချင့်တွက်ခြင်း၊ ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာမြောက်မျှော်မှန်းချက်နှင့် ယေဘူယျတာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုများ (risk appetite) အရ ယင်းဆုံးရှုံးနိုင်ခြေ ရှိမှုများအား စီမံခန့်ခွဲရန် သက်ဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား ဖော်ထုတ်ရေးဆွဲခြင်း၊ ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်း ထိန်းချုပ်မှုစနစ်တစ်ရပ်အား စီစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဥပဒေကြောင်းအရလိုက်နာမှုလျော့နည်းခြင်းများ (Compliance Deficie-ncies) အားဖြေရှင်းရန်အတွက်ကုစားမှုများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့်ဆုံးရှုံးနိုင်ခြေများ ပြောင်းလဲခြင်း သို့မဟုတ်ဖြစ်ပေါ်ခြင်း၊ အမှားပြင်ဆင်မှုနှင့် လျှော့ချမှုဆိုင်ရာလုပ် ဆောင်ချက်များ (corrective and mitigationactions) အားဘုတ်အဖွဲ့ထံ သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ဆုံးရှုံးနိုင်ခြေအဖွဲ့သည်ကုမ္ပဏီအုပ်စုတစ်စုလုံးအတွက်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအား ဆုံးရှုံးနိုင်ခြေ မဟာဗျူဟာများ၊ မူဘောင်များ နှင့် မူဝါဒများချမှတ်ကာ ဆုံးရှုံးနိုင်ခြေစိန်ခေါ်မှုများအား လုံးအားသီးခြားလွတ်လပ်သော စိစစ်အကဲဖြတ်ခြင်းများနှင့် စောင့်ကြည့်လေ့လာ ခြင်းများ ပြုလုပ်၍ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း ဆုံးရှုံးနိုင်ခြေအဖွဲ့သည် တန်ဖိုးများဖန်တီးခြင်း၊ ကုမ္ပဏီအုပ်စုအား ၎င်း၏ မဟာဗျူဟာနှင့် စီးပွားရေးအရရည်ရွယ်ချက်များသို့ ပေါက်ရောက်ရန် ပံ့ပိုးကူညီခြင်းတို့အား ဆက်လက်၍အလေးပေးဆောင်ရွက်လျက်ရှိသည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဘောင်

ဆုံးရှုံးနိုင်ခြေအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာနှင့်စီးပွားရေးအရ ရည်ရွယ်ချက်များသို့ ပေါက်ရောက်ရန်အတွက် ကုမ္ပဏီအုပ်စုမှရင်ဆိုင်နေရသည့်အရေးပါသော ဆုံးရှုံးနိုင်ခြေများအား အမျိုးအစားခွဲခြားခြင်း၊ စိစစ်အကဲဖြတ်၍တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်းများ ဆောင်ရွက်နိုင်ရန်ရည်သန်၍ ဒါရိုက်တာအဖွဲ့မှ အတည်ပြုထားသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်တစ်ရပ်အား ချမှတ်ဆောင်ရွက်ပါသည်။



ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

ဆုံးရှုံးနိုင်ခြေဆိုင်ရာစီမံအုပ်ချုပ်မှုနှင့်ကြီးကြပ်မှု

ဒါရိုက်တာအဖွဲ့သည် ဆုံးရှုံးနိုင်ခြေဆိုင်ရာစီမံအုပ်ချုပ်မှုဖွဲ့စည်းပုံအရ အမြင့်ဆုံးနေရာ၌ပါဝင်ပြီး၊ အခြေခံအားဖြင့် ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ၊ တာဝန်ယူနိုင်စွမ်း၊ မူဘောင်များနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များ ကြီးကြပ်မှုတို့အတွက် တာဝန်ရှိသည်။

ဒါရိုက်တာအဖွဲ့ထံ တိုက်ရိုက်အစီရင်ခံတင်ပြရသည့် ဆုံးရှုံးနိုင်ခြေဆိုင်ရာဘုတ်အဖွဲ့ကော်မတီသည် ကုမ္ပဏီအုပ်စု၏ ယေဘုယျဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာအယူအဆ၊ မူဘောင်များ၊ မူဝါဒများနှင့် စံနမူနာများ၊ ကုမ္ပဏီအုပ်စု၏ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်ပြီး ထူးခြားသည့် ဆုံးရှုံးနိုင်ခြေကိစ္စရပ်များအား ဒါရိုက်တာအဖွဲ့က ပြန်လည်သုံးသပ်နိုင်ရန်လိုအပ်သည့် ကြီးကြပ်မှုများ၊ ပံ့ပိုးကူညီမှုများပြု လုပ်ပေးသည်။

နေ့စဉ် စီးပွားရေးလုပ်ငန်း၏ဆုံးရှုံးနိုင်ခြေနှင့် မတည်ငြေရင်းကိစ္စရပ်များ စီမံခန့်ခွဲခြင်းအား ကြီးကြပ်ရန်တာဝန်အား ကုမ္ပဏီအုပ်စုအကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအဖွဲ့ကော်မတီ (Management Risk Committee) ထံအပ်နှင်းထားကာ သက်ဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီနှင့် ကုမ္ပဏီအုပ်စုစီမံခန့်ခွဲမှု ကော်မတီ (Group Management Committee) ထံ အစီရင်ခံ တင်ပြရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကုမ္ပဏီအုပ်စု၏ ပေးရန်တာဝန်နှင့် ရရန်ဂိုဏ်ခွင့်များကော်မတီ (Group Asset and Liability Committee) သည် စျေးကွက်အရဆုံးရှုံးနိုင်ခြေ၊ ငွေဖြစ်လွယ်မှုဆုံးရှုံးနိုင်ခြေနှင့် လက်ကျန်ငွေ စီမံခန့်ခွဲမှုအား ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

တာဝန်ယူနိုင်သည့်ဆုံးရှုံးနိုင်ခြေရှိမှု

ကုမ္ပဏီအုပ်စု၏ တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုသည်ဒါရိုက်တာအဖွဲ့၏အထက်မှအောက်သို့ ခေါင်းဆောင်မှု (top-down Board leadership)၊ စီမံခန့်ခွဲမှုအဖွဲ့၏ အောက်မှအထက်သို့ ပူးပေါင်းပါဝင်မှု (bottom-up Management involvement) တို့ဖြင့် ဝန်ထမ်း အဆင့်ဆင့်အလိုက် ဖော်ဆောင်မောင်းနှင်ထားသည့်ခိုင်မာအားကောင်းသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်အတွက် အခြေခံကျသော အစိတ် အပိုင်းတစ်ရပ်ပင်ဖြစ်သည်။

တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုဟူသည် မဟာဗျူဟာနှင့်စီးပွားရေးလုပ်ငန်းအရရည်ရွယ်ချက်များကိုလိုက်၍ ကုမ္ပဏီအုပ်စုမှ လက်ခံနိုင်သည့် ဆုံးရှုံးနိုင်ခြေပမာဏနှင့်အမျိုးအစားကိုဆိုလိုသည်။

သို့ရာတွင် ဆုံးရှုံးနိုင်မှုကို လက်ခံနိုင်သည့်အတိုင်းအတာ (risk tolerance) သည် ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာနှင့် စီးပွားရေးလုပ်ငန်းရည်ရွယ်ချက်များ အောင်မြင်ရေးအပေါ် နှိုင်းယှဉ်ချက်အရ အပြောင်းအလဲများကို လက်သင့်ခံနိုင်သည့် အဆင့်သတ် မှတ်ချက်အဖြစ်ရှိသည်။



တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုသည် ဒါရိုက်တာအဖွဲ့နှင့်အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့တို့အား ကုမ္ပဏီအုပ်စု၏ စီးပွားရေးလုပ်ငန်းနှင့် မဟာဗျူဟာမြောက်ပန်းတိုင်များ နှင့်ပတ်သက်၍ လက်ခံလိုသည့် ဆုံးရှုံးနိုင်ခြေအမျိုးအစား နှင့် အဆင့်သတ်မှတ်ချက်များကို အသုံးပြု ဆက်သွယ် နိုင်စေမည်ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် ကုမ္ပဏီအုပ်စုသည်အရေးစိုက် အလေးပေးရသည့်ပတ်ဝန်းကျင်အတွင်း ကန့်သတ်ချက် ဘောင်များအားထည့်တွက် ဆင်ခြင်မြဲဖြစ်သည်။

ကုမ္ပဏီအုပ်စု၏တာဝန်ယူနိုင်သည့်ဆုံးရှုံးနိုင်ခြေရှိမှုသည်ကျွန်ပ်တို့၏ ငွေရေးကြေးရေး အရဆုံးရှုံးနိုင်မှု လက်ခံနိုင်စွမ်းကိုသတ်မှတ်ပေးပြီး၊ ယင်းလက်ခံနိုင်စွမ်းများသည် ကျွန်ပ်တို့၏ ဆုံးရှုံးနိုင်ခြေ အချက်အလက် (risk profile) ကို ပုံမှန်တိုင်းတာ၍ အကဲဖြတ်စိစစ်ရန် အတွက် လိုအပ်သည့် ဆုံးရှုံးနိုင်ခြေ ကန့်သတ်ချက်များနှင့် လက်ခံနိုင်သည့် အတိုင်းအတာများအား လမ်းညွှန်ပေးလျက်ရှိသည်။

သတ်မှတ်ထားသော တာဝန်ယူနိုင်သည့်ဆုံးရှုံးနိုင်ခြေနှင့် ၎င်းအား လက်ခံနိုင်သည့် အတိုင်းအတာသည် မဟာဗျူဟာမြောက်စီမံချက်

လုပ်ငန်းစဉ်များနှင့် အတူဒွန်တွဲလျက်ရှိပြီး၊ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့က ကုမ္ပဏီအုပ်စုစီးပွားရေးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာများနှင့် စျေးကွက်အခြေအနေများအပေါ် လိုက်၍လည်းကောင်း၊ ပတ်သက်ဆက်နွယ်သူများ၏ မျှော်မှန်းချက်များနှင့် လုပ်ငန်းတွင်းစွမ်းဆောင်ရည်များစသည့်လုပ်ငန်းလည်ပတ်မှုဝန်းကျင်အပေါ်လိုက်၍လည်းကောင်း အခါအားလျော်စွာသုံးသပ် ပေးသည်။

အဆိုပါသုံးသပ်ချက်၌ စီးပွားရေးအဖွဲ့အစည်းအတွက် တာဝန်ယူနိုင်သည့်ဆုံးရှုံးနိုင်ခြေရှိမှုကိုတိုင်းတာရန် ပုံစံအသစ် ရေးဆွဲချမှတ်ခြင်းဖြစ်စေ၊ ဆက်လက်ကျင့်သုံးရန် အဆင်မပြေသည့် ပုံစံများအားဖယ်ရှားခြင်း သို့မဟုတ် ကုမ္ပဏီအုပ်စု၏တာဝန်ယူနိုင်သည့်ဆုံးရှုံးနိုင်ခြေရှိမှုဆိုင်ရာစံနှုန်းများအား စီးပွားရေးလုပ်ငန်းဆိုင်ရာမဟာဗျူဟာ နှင့် ဆုံးရှုံးနိုင်ခြေအတွက် ရပ်တည်ချက်များနှင့် အညီမွမ်းမံခြင်းဖြစ်စေ၊ ပြုပြုပြင်ဆောင်ရွက်ခြင်းများပါဝင်သည်။

တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုဆိုင်ရာ သုံးသပ်ချက်အရ စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရှိရင်းစွဲ အဓိကဆုံးရှုံးနိုင်ခြေများတွင် ကြီးကြပ်ကွပ်ကဲမှု အတွက်လိုက်နာ ကျင့်သုံးမှုဆိုင်ရာ

ဆုံးရှုံး နိုင်ခြေ (regulatory compliance risk)၊ ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေ (credit risk)၊ စျေးကွက်နှင့်ငွေဖြစ်လွယ်မှု ဆိုင်ရာဆုံးရှုံးနိုင်ခြေ (market and liquidity risk)၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (operational risk) နှင့် နည်းပညာနှင့် ဆိုက်ဘာဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (technology and cyber risk)များအားလုံး အကျုံးဝင်သည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

ဆုံးရှုံးနိုင်ခြေယဉ်ကျေးမှု

စီးပွားရေး လုပ်ငန်းများအပေါ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုပုံစံနှင့် စီမံအုပ်ချုပ်မှုအတွက် အုတ်မြစ်ချသည့် ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာကျင့်သုံးမှု ဆိုင်ရာယဉ်ကျေးမှုကို တည်ဆောက်ထားသည်။ ကုမ္ပဏီအုပ်စုတစ်ခွင်လုပ်ငန်းဆောင်တာ အရပ်ရပ်တွင်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့် သဘောထားများအား ပုံဖော်ထားသည့် မျှော်မှန်းထားသည့်စံတန်ဖိုးနှင့်မှုများအား စွဲကိုင်ထားနိုင်ရန်လည်း ရည်ရွယ်သည်။ ထို့အပြင် uabian တစ်ဦးစီ၏တာဝန်ပင်ဖြစ်သည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုသည် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းဌာနများအတွက်အဓိက တာဝန်ပင်ဖြစ်သည်။

ဆုံးရှုံးနိုင်ခြေများအား အမျိုးအစားခွဲခြားခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် လျော့ချခြင်းများအား ပျိုးထောင်ပေးသည့် ခိုင်မာအားကောင်းသော ယဉ်ကျေးမှုတစ်ရပ်အား တည်ဆောက်ရန် ကုမ္ပဏီအုပ်စုမှတဆင့် ဆုံးရှုံးနိုင်ခြေနှင့် ကျင့်သုံးလိုက်နာမှု မူဝါဒများအားရှင်းလင်းစွာချမှတ်ခြင်း၊ တစ်သတ်မှတ်တည်း ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် စည်ဆက်မပြတ် ဆက်လက်ထောက်ပံ့ပေးခြင်းများပြုလုပ်ပါသည်။

ဆုံးရှုံးနိုင်ခြေနှင့် ကျင့်သုံးလိုက်နာမှုအဖြစ် ကုမ္ပဏီအုပ်စု၏ဒါရိုက်တာအဖွဲ့၊ အကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများသည်သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ လိုအပ်ချက်များကို လေးစားလိုက်နာမည်ဖြစ်ကြောင်း ကတိပြုကြပါသည်။ ယင်းကတိပြုခြင်းအား လိုက်နာကျင့်သုံးရန် ပျက်ကွက်မှုများအားစီမံခန့်ခွဲခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများအဖြစ်မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ထိန်းချုပ်မှုများအားချမှတ်ခြင်း၊ အားကောင်းလာစေခြင်းများဖြင့် လက်တွေ့ဆောင်ရွက်ကြပါသည်။

ဆုံးရှုံးနိုင်ခြေယဉ်ကျေးမှုနှင့် အမြင်ဖွင့်အစီအစဉ်များ (Risk Culture and Awareness Programmes) အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဝန်ထမ်းများ အားလုံးကိုလည်း လုပ်ငန်းဝင်အစီအစဉ်များ (induction programmes)၊ ခန့်အပ်ပွဲများ (engagement sessions)၊ အွန်လိုင်း သင်ယူခြင်း (e-learning)၊ ဆုံးရှုံးနိုင်ခြေကြေညာချက်များ (Risk Bulletins) နှင့် ဥာဏ်သစ်လောင်းသင်တန်းများ (refresher courses) ပုံပြိုးစီစဉ်ပေးလျက်ရှိသည်။ တစ်နေရာတည်းမှာပင် ဆုံးရှုံးနိုင်ခြေ ထိန်းချုပ်ခြင်းများ၊ လိုက်နာကျင့်သုံးရန်များနှင့် စီမံအုပ်ချုပ်မှုကိစ္စရပ်များအား အလုံးစုံကြည့်ရှုရန်အတွက် ပေါင်းစည်းထားသည့်ထိန်းသိမ်းမှုပလက်ဖောင်း (integrated assurance platform) တစ်ရပ်ကိုလည်း တပ်ဆင်ထားရှိသည်။

ဤသို့တပ်ဆင်ထားသဖြင့် ဝန်ထမ်းများအားလုံးသည် အဖွဲ့အစည်းရေရှည်တည်တံ့ရေးအတွက် သုံးစွဲသူအတွေ့အကြုံ (customer experience) အား မြှင့်တင်ခြင်း၊ ယုံကြည်မှုနှင့် ကုမ္ပဏီအုပ်စု၏ အမှတ်တံဆိပ်တန်ဖိုးတည်ဆောက်ခြင်းများပြုရာ၌ ဆုံးရှုံးနိုင်ခြေအား အမှန်တကယ် ထည့်သွင်းစဉ်းစားကြောင်း သေချာစေသည်။ အားကောင်းသည့် ဆုံးရှုံးနိုင်ခြေယဉ်ကျေးမှုမည်သည် ကုမ္ပဏီအုပ်စုအပေါ် သို့ဂုဏ်သတင်းဆိုင်ရာသက်ရောက်မှုအပါအဝင်ငွေရေးကြေးရေးနှင့် ငွေရေးကြေးရေးမဟုတ်သော ဆုံးရှုံးနိုင်ခြေအန္တရာယ် ရိုက်ခတ်လာမှုများအား တဖြည်းဖြည်း နည်းနိုင်သမျှနည်းစေသည်။

ထို့အပြင် ကုမ္ပဏီအုပ်စုသည် ကြိုတင်တွေးဆ၍ ဆုံးရှုံးနိုင်ခြေနှင့် ဥပဒေကြောင်းအရ လိုက်နာမှုစီမံခန့်ခွဲခြင်းအား ချဉ်းကပ်ရန်နှင့်အားကောင်းသည့် ဆုံးရှုံးနိုင်ခြေယဉ်ကျေးမှု ကိုတည်ဆောက်ရန် ရည်သန်လျက် ဆုံးရှုံးနိုင်ခြေနှင့် ဥပဒေကြောင်း အရလိုက်နာမှုဆိုင်ရာ အရာရှိ (Risk & Compliance Officer - RCO) အစီအစဉ်အား ဆောင်ရွက်ထားသည်။ ဤအစီအစဉ်သည် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းနှင့်လက်တွေ့ကျသည့်လုပ်ငန်းဌာနများတွင် ဆုံးရှုံးနိုင်ခြေနှင့် ဥပဒေကြောင်းအရ လိုက်နာမှုဆိုင်ရာ ကိစ္စရပ်များအတွက် အဓိကကျသော ဆက်ဆံရေးတာဝန်ခံအဖြစ် လှုပ်ရှားပါဝင်ရန် RCOခန့်အပ်ခြင်းဖြစ် သည်။

ဆုံးရှုံးနိုင်ခြေအားမှတ်တမ်းတင်ခြင်း

ကုမ္ပဏီအုပ်စုသည် စာရွက်စာတမ်းများ မှတ်တမ်းတင်နိုင်မှုနှင့် အခြေခံ အဆောက်အအုံရှိမှုများ အားကောင်းစေခြင်းဖြင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုစနစ်နှင့် လုပ်ငန်းစဉ်အား ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင် နိုင်မည်ဖြစ်ကြောင်း ယုံကြည်လက်ခံထားသည်။ ယင်းရည်ရွယ်ချက်အလို့ငှာ ကုမ္ပဏီအုပ်စုသည် ရှင်းလင်းစွာသတ်မှတ်ထားသည့် အလေ့အထများနှင့် လုပ်ငန်းစဉ်များအား ကုမ္ပဏီအုပ်စုအတွင်း အမှန်တကယ် တညီတညွှတ်တည်းကျင့်သုံး ဆောင်ရွက်မှု ရှိစေရန် မူဘောင်များ၊ မူဝါဒများနှင့် အခြားသက်ဆိုင်ရာ ထိန်းချုပ်မှု မှတ်တမ်း မှတ်ရာများ ချမှတ်ထားသည်။

ဆုံးရှုံးနိုင်ခြေအဆောက်အအုံ

ကုမ္ပဏီအုပ်စုသည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ဆောင်ရွက်ချက်များ အားပံ့ပိုးကူညီလိုသည့်အနေဖြင့် ရည်မှန်းနှစ်မြှုပ်ထားသည့်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များအတွက် ၎င်း၏အရင်းအမြစ်နှင့် ပင်ကိုစွမ်းရည်များအား စနစ်တကျစုစည်းစေပြီး၊ အချက်အလက် စီမံခန့်ခွဲမှုအပါအဝင် နည်းပညာကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံထားသည်။



Quadrant	Description
Material	These are the risk events that would have higher chance of occuring and if occur, it has severe impact on banks financially and/or non-financially and would impact the Group almost immedaitely.
Significant	These are the tail risk events-low frequency but with relatively high impact/high velocity or high frequency but with low impact/low velocity.
Moderate	These are the normal risk events that do not happen very often and if occur, it has no servere impact on banks or would not impact the Group immediatley. These are to be recognised and managed as day-to-day business operations.
Insignificant and Immaterial	These are the risk events that do not happen often, do not have severe impact on banks and would only impact the Group after one year (or a month for technology risk events). These are to be recognised and managed as day-to-day business operations.

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

ဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်မှု

ကုမ္ပဏီအုပ်စုသည် ဆုံးရှုံးနိုင်ခြေယူရသည့်အဆင့်တိုင်းတွင် ဆုံးရှုံးနိုင်ခြေ အမျိုးအစားသတ်မှတ်ခြင်းအတွက် အခြေခိုင်သည့် အလုံးစုံလွှမ်းခြုံသော လုပ်ငန်းစဉ်တစ်ရပ်အား ကုမ္ပဏီအုပ်စုနှင့် ၎င်း၏သက်ဆိုင်ရာ ဌာနအသီးသီးက လက်ကိုင်ထားသည်။

အစီရင်ခံထားသည့်လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေသုံးသပ်ဆောင်ရွက်မှု (Operational Risk Loss Event) နှင့် အကြောင်းအရာ အလိုက်အချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း (Portfolio thematic analysis) များမှတဆင့် ဆုံးရှုံးနိုင်ခြေများအား အမျိုးအစား သတ်မှတ်ခွဲခြားပါသည်။

ကုမ္ပဏီအုပ်စု၏ ပုံမှန်အားဖြင့် ပြုလုပ်မှုအရအရေးပါသည့် ဆုံးရှုံးနိုင်ခြေ စိစစ်အကဲဖြတ်မှု (material risk assessment) ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကုမ္ပဏီအုပ်စုသည် အရေးပါသည့် ဆုံးရှုံးနိုင်ခြေ အမျိုးအစားနှင့် လက္ခဏာရပ်များကို သုံးသပ်လေ့လာကာ အရေးပါမှု အတိုင်းအတာပမာဏ (quantum of materiality) နှင့် သီးခြား လွတ်လပ်သော ဆန်းစစ်ချက်များအပါအဝင် သုံးသပ်ပြီးတို့ပြန်မှုများ အား ထည့်သွင်းစဉ်းစားထားသည့် လုပ်ငန်းစဉ်များအားပြင်ဆင်မွမ်းမံခြင်းအား တွက်ချက်ဆုံးဖြတ်ကြသည်။

အရေးပါသည့်ဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်မှုအား ဖြစ်နိုင်ခြေအလားအလာ (occurrence probability) ဆိုးရွားပြင်းထန်သည့် သက်ရောက်မှု (severity impact) ရှုထောင့်များအရ တိုင်းတာသည်။ ထပ်လောင်း၍ဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်မှုတွင် လုပ်ငန်းခွင်အတွင်း ထိန်းချုပ်မှုများ ထိရောက်မှုပမာဏ၊ ငွေရေးကြေးရေးအပြင် ဂုဏ်သတင်း ဆိုင်ရာဆုံးရှုံးနိုင်ခြေကဲ့သို့ ငွေရေးကြေးရေးမဟုတ်သော ညွှန်းကိန်းများအပေါ် သက်ရောက်မှုပမာဏများကိုလည်း ထည့်သွင်းစဉ်းစားသည်။ ဆုံးရှုံးနိုင်ခြေ၏အရေးပါမှုနှုန်းကို သိသာစေရန်ညွှန်းကိန်းများအား heat map matrix ပုံစံဖြင့်ဇယားတွင် ဖော်ပြထားသည့်အတိုင်းဖြန့်စီထားသည်။

အထက်ပါ matrix ပုံစံအားဆုံးရှုံးနိုင်ခြေသိမြင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူဖြစ်စေရန် အတွက်ရိုးရှင်းလွယ်ကူသောယန္တရားတစ်ရပ်အဖြစ်အသုံးပြုပါသည်။ ကုမ္ပဏီအုပ်စုသည် အနီရောင်ဇုန်အတွင်း ကျရောက်သည့်ဆုံးရှုံးနိုင်ခြေများအား ငွေရေးကြေးရေးအရဖြစ်စေ၊ ငွေရေးကြေးရေး မဟုတ်သည့် သဘောအရဖြစ်စေ၊ ၎င်းထံဆိုးကျိုးများသက်ရောက်လာနိုင်သည့် "အရေးကြီး" အဆင့်ရှိ ဆုံးရှုံးနိုင်ခြေများ ဟုမှတ်ယူသည်။

အရာရောက်သည့် အားထုတ်ကြိုးပမ်းမှုဖြင့် အဆိုပါဆုံးရှုံးနိုင်ခြေများ အား စီမံခန့်ခွဲခြင်း သို့မဟုတ် လျှော့ချခြင်းများဆောင်ရွက်သွားမည် ဖြစ်သည်။

အဓိကကျသော လုပ်ငန်းတွင်းထိန်းချုပ်မှုဖြစ်စဉ်များ

ကုမ္ပဏီအုပ်စု၏ လုပ်ငန်းတွင်းထိန်းချုပ်မှုစနစ်အား ကုမ္ပဏီအုပ်စု၏ ပန်းတိုင်နှင့် ရည်ရွယ်ချက်များအောင်မြင်ရန် ဆောင်ရွက်ခြင်းများအား အဟန့်အတားဖြစ်စေမည့်ဆုံးရှုံးနိုင်ခြေများကိုစီမံခန့်ခွဲရန်နှင့်လျှော့ချ ရန်တို့အတွက် စီစဉ်ရေးဆွဲထားသည်။

ထိုစနစ်တွင် လုပ်ငန်းပိုင်းဆိုင်ရာထိရောက်မှုများ၊ သင့်လျော်သည့် ဘဏ္ဍာရေးအစီရင်ခံခြင်းများနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းတွင်းမူဝါဒများအားလိုက်နာကျင့်သုံးမှုတို့နှင့်ပတ်သက်သည့် ကုမ္ပဏီအုပ်စု၏ ရည်ရွယ်ချက်များအောင်မြင်စေရန် အကောင်အထည်ဖော်ရမည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံ များနှင့် အခြားထိန်းချုပ်မှုဆိုင်ရာယူဆချက်များဖြင့်ပါဝင်ဖွဲ့စည်းထားသည်။

လုပ်ငန်းတွင်းထိန်းချုပ်မှု စနစ်အတွက်ထိရောက်သည့် စီမံအုပ်ချုပ်မှု နှင့်ကြီးကြပ်မှုပုံစံများအတွက် ဒါရိုက်တာအဖွဲ့ကချမှတ် ထားသည့် အဓိကကျသောလုပ်ငန်းစဉ်များ၌ အောက်ပါအကြောင်း အရာများပါ ဝင်သည်။

၁။ ထိန်းချုပ်မှုဝန်းကျင်နှင့် ထိန်းချုပ်မှုဆောင်ရွက်ချက်များ

ကုမ္ပဏီဖွဲ့စည်းပုံ

ကုမ္ပဏီအုပ်စုသည် တရားဝင်ဖွဲ့စည်းပုံတစ်ရပ်အား ရှင်းလင်းတိကျသောတာဝန်ယူတာဝန်ခံမှု၊ တာဝန်ရှိမှု၊ လုပ်ပိုင်ခွင့်ကန့်သတ်မှုနှင့် အစီရင်ခံတင်ပြမှုများဖြင့် သတ်မှတ်ထားသည်။ ဤဖွဲ့စည်းပုံသည် ကုမ္ပဏီအုပ်စု၏ စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုများ အဆင်ပြေချောမွေစွာ ဆောင်ရွက်နိုင်ရန်နှင့် နေ့စဉ်လုပ်ငန်း ဆောင်တာများနှင့် တာဝန်ယူတာဝန်ခံမှုများ အပေါ်ထိရောက်စွာ ကြီးကြပ်နိုင်ရန် ထိန်းချုပ်မှု နယ်ပယ်အကျယ်အဝန်း (span of control) အား ပုံဖော်သတ်မှတ်ရန် အခြေခံကျသည့် မူဘောင်အား ချမှတ်ပေးသည်။

ရေရှည်တည်တံ့စေခြင်းဆိုင်ရာစီမံခန့်ခွဲမှု

ဒါရိုက်တာအဖွဲ့သည် သင့်လျော်သည့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ (Environmental, Social and Governance – ESG) ကဏ္ဍရပ်များအား ကုမ္ပဏီအုပ်စု၏ စီးပွားရေးမဟာဗျူဟာများ၊ လုပ်ငန်းလည်ပတ်မှုများနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုများတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်စေရန် ကုမ္ပဏီအုပ်စု၏ ရေရှည်တည်တံ့စေခြင်းဆိုင်ရာ အလေ့အထများအား ကြီးကြပ်ပေးသည်။ ထိုကဲ့သို့ကြီးကြပ်ရာတွင် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ ရေရှည်တည်တံ့စေခြင်း ဆိုင်ရာအလေ့အထများအား ကုမ္ပဏီအုပ်စု

၏ ရေရှည်မဟာဗျူဟာမြောက် ဦးတည်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ကုမ္ပဏီအုပ်စု၏ ရေရှည်တည်တံ့စေခြင်းဆိုင်ရာ မူဘောင်သည် အရေးပါသည့် ကိစ္စရပ်များစီမံခန့်ခွဲခြင်း၊ ဆိုးကျိုးသက်ရောက်မှုများ လျှော့ချခြင်းနှင့် စည်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက်ပါဝင် ဆောင်ရွက်ခြင်းများအား ချဉ်းကပ်သွားမည်ဖြစ်သည်။ ယင်းမူဘောင်သည် ရေရှည်တည်တံ့စေခြင်း ဆိုင်ရာမဏ္ဍိုင် (thematic sustainability pillars) သုံးရပ်ပါဝင်သည်။ ၎င်းတို့မှာ ရေရှည်တည်တံ့၍တာဝန်ယူမှုရှိသော ဘဏ်လုပ်ငန်း (Susutainable and Responsible Bnaking)၊ ကောင်းမွန်သော အလေ့အထများစွဲမိုင်နေခြင်း (Embedding Good Practices) နှင့် ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ကြွယ်ဝချမ်းသာစေခြင်း (Enriching and Empowering Communities) တို့ဖြစ်ကြသည်။

မဏ္ဍိုင်တစ်ရပ်စီတွင် ကုမ္ပဏီအုပ်စုသည် စီးပွားရေးနှင့်လုပ်ငန်းလည်ပတ်မှု၊ ၎င်း၏ပတ်သက်ဆက်နွယ် သူများအတွက် အရေးကြီးသည့် အဓိကနယ် ပယ်များအား ခွဲခြားသတ်မှတ်ထားသည်။

မူဝါဒများနှင့် လမ်းညွှန်ချက်များ

ကုမ္ပဏီအုပ်စု၏ စီးပွားရေးနှင့်လုပ်ငန်း လည်ပတ်မှုများအား ထိန်းချုပ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များအားကုမ္ပဏီအုပ်စုတစ်ခွင်လုံးတွင် မှတ်တမ်းတင်ချိတ်ဆက်ထားရှိပြီး၊ မီဒြမ်းကိုးကား၍ လိုက်နာကျင့်သုံးရလွယ်ကူသည့် ကုမ္ပဏီအုပ်စု၏ အင်တရာနက် (intranet) မှတဆင့် ဝန်ထမ်းများအားလုံးထံ ရောက်ရှိအောင် ဆောင်ရွက်ထားသည်။

အဆိုပါမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်လုပ်ငန်းစဉ်များအားဥပဒေနှင့် နည်းဥပဒေ အပြောင်းအလဲအရဖြစ်စေ၊ စီးပွားရေးနှင့်လုပ်ငန်း လည်ပတ်မှုအတွက် ဆီလျော်မှုအရ ဖြစ်စေလိုအပ်သဖြင့် သက်ဆိုင်ရာဌာန အသီးသီးက စနစ်ကျသည့်ဆန်းစစ်မှုနှင့် အတည်ပြုမှုများမှ တဆင့် သုံးသပ်ပြင်ဆင်ကြသည်။

လုပ်ပိုင်ခွင့်ကန့်သတ်မှုများ

ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း (Delegation of Authority – DOA) အား ချမှတ်ထားသည်။ ၎င်းသည် ကုမ္ပဏီအုပ်စုတွင်း စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အတွက် ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်များအား သတ်မှတ်ထားကာ စီမံခန့်ခွဲမှုအဖွဲ့သည် ၎င်း၏ ဆုံးဖြတ်ဆောင်ရွက်မှုများအတွက် တာဝန်ခံမှုနှင့် တာဝန်ရှိမှုများအား အပ်နှင်းထားလျက်ရှိသည်။

ကုမ္ပဏီဖွဲ့စည်းပုံ၊ လုပ်ငန်းပတ်ဝန်းကျင် သို့မဟုတ် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ၏ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် ကုမ္ပဏီအုပ်စု၏ DOA အား ပုံမှန်ဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ကြသည်။

သတင်းအချက်အလက်နည်းပညာ (Information Technology – IT) ဆိုင်ရာ လုံခြုံရေး ကုမ္ပဏီအုပ်စုသည် ကုမ္ပဏီအုပ်စု၏ သတင်းအချက်အလက် ပိုင်ဆိုင်မှုများနှင့် အခြေခံအဆောက်အအုံများ အတွက် လျှို့ဝှက်ထိန်းသိမ်းခြင်းများ (confidentiality)၊ ခိုင်မာစေခြင်းများ (integrity) နှင့် ရယူသုံးစွဲနိုင်ခြင်းများ (availability) သေချာစေရန် IT လုံခြုံရေးအား အလွန်အရေးကြီးသည့် ဦးစားပေးအနေဖြင့် မှတ်ယူထားသည်။

လူပုဂ္ဂိုလ်များ၊ လုပ်ငန်းစဉ်နှင့် နည်းပညာများအတွက် အကာအကွယ်ပေးသည့် ဆုံးရှုံးနိုင်ခြေအခြေပြု ထိန်းချုပ်နည်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီအုပ်စုတွင်း IT လုံခြုံရေးအား ဖန်တီးယူသည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

IT လုံခြုံရေးမူဝါဒများ၊ စံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအား မှန်ကန်အပ်စပ်သည့် ဖွဲ့စည်းပုံများနှင့်အတူ ပြည့်စွမ်းသည့်အရင်းအမြစ်များဖြင့်ကောင်းစွာချမှတ်ပုံပိုးထားသည်ဆိုက်ဘာကာကွယ်ရေးနိယာမ defence in depth strategy ကို လက်ကိုင်ကျင့်သုံး၍ IT လုံခြုံရေးအလွှာအဆင့်ဆင့်ထိန်းချုပ်မှုများကို IT အခြေခံအဆောက်အအုံ စနစ်မှတဆင့် အကျိုးသက်ရောက်စေသည်။

သို့သော် နည်းပညာနှင့် လုပ်ငန်းစဉ်ထိန်းချုပ်မှုများ နည်းတူအရေးကြီးသည်မှာ ဝန်ထမ်းအဆင့်ဆင့်၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အခြားနည်းပညာဝန်ဆောင်မှုပေးသူများအတွက် လုံခြုံရေးအသိရှိမှု (security awareness) ရေရှိန်တိုးမြင့်လာစေမည့် အလျဉ်မပြတ်သော အစီအစဉ်များ ပြုလုပ်ခြင်းဖြစ်သည်။

ထို့အပြင် ဒစ်ဂျစ်တယ်အသွင်အား ရုတ်ခြည်းကူးပြောင်းခြင်းသည် သမားရိုးကျ on-premises computing system တွင် ဆုံးရှုံးနိုင်ခြေမြင့်တက်စေခြင်းအား ဦးတည်လာသည်။ ဤသို့ပေါ်ထွက်လာသည့် ဆုံးရှုံးနိုင်ခြေအားဖြေရှင်းရန် ကုမ္ပဏီအုပ်စုသည် multi-prong-ed approach အားကျင့်သုံးထားသည်။

- တိုးပွားလာသည့်လုံခြုံရေး အခြေခံအဆောက်အအုံအတွင်းရင်းနှီးမြှုပ်နှံမှုနှင့်အတူ ဒစ်ဂျစ်တယ်ဖြေရှင်းမှုများ တဖြည်းဖြည်းအသုံးပြုခြင်း၊ ဒစ်ဂျစ်တယ်လိမ်လည်မှုနှင့် cloud လုံခြုံရေးအတွက်ကျွမ်းကျင်သူများ ငှားရမ်းခြင်း၊
- ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးခြေလှမ်း (digitalisation initiative) အဖြစ် လုံခြုံရေးအရ ထိန်းချုပ်မှုအားကောင်းစေရန် ရည်ရွယ်ကာမူဝါဒများမိတ်ဆက်ခြင်းကဲ့သို့ဆောင်ရွက်ချက်များ ပါဝင်သည့် ဒစ်ဂျစ်တယ်အသုံးပြု စီမံခန့်ခွဲမှုအတွက် သင့်တင့်လျောက်ပတ်သည့် စီမံအုပ်ချုပ်မှုအား တည်ဆောက်ခြင်း
- အခြားတတိယပုဂ္ဂိုလ်၏ ဆိုက်ဘာလုံခြုံရေး ရပ်တည်ချက်များနှင့်လက်ရှိဆိုက်ဘာလောကအခြေအနေ(cyberlandscape)အား ပိုမိုရှုမြင်နိုင်စွမ်းအတွက် ခြိမ်းခြောက်မှုစုံစမ်းထောက်လှမ်းရေးဝန်ဆောင်မှု (threat intelligence service)အား ဝယ်ယူထားရှိခြင်းများအပေါ် အဆက်အပြတ်သော စိစစ်အကဲဖြတ်မှု
- ဆိုက်ဘာတိုက်ခိုက်မှု သို့မဟုတ် ခုခံနိုင်မှုအားနည်းခြင်းများအား အကောင်းဆုံးကာကွယ်ရန် ဆော့ဖ်ဝဲများအားမည်ကဲ့သို့ ကုဒ်ရေးဆွဲထားပုံနှင့် သိရန်မလွယ်သည့် ကုဒ်အဖြစ် ပြောင်းလဲထားပုံများ (coding and encryption) အပေါ် လုံခြုံရေးအရထည့်သွင်းစဉ်းစားချက် များပါဝင်သည့် လုံခြုံစိတ်ချရသော coding practicesများအားကျင့်သုံးခြင်း

ဘတ်ဂျတ်ချထားခြင်း ရသုံးငွေသတ်မှတ်ခြင်း

အားကောင်းသည့် ဘတ်ဂျတ်ချထားခြင်းဖြစ်စဉ်တွင် ကုမ္ပဏီအုပ်စုအတွက် လုပ်ငန်းလည်ပတ်စေသည့် အဓိကဌာနများ အားလုံးသည် သက်ဆိုင်ရာ ဘုတ်အဖွဲ့များ၏ ခွင့်ပြုချက်ရယူရန် နှစ်စဉ်အသုံးစရိတ်နှင့် လုပ်ငန်းစီမံချက်များအား ပြင်ဆင်ရန်လိုအပ်သည်။

ချမှတ်ထားသော တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုများအား အလေးထားလျက် ကုမ္ပဏီအုပ်စု၏ အသုံးစရိတ်နှင့်လုပ်ငန်းစီမံချက်များ၊ မဟာဗျူဟာမြောက် ခြေလှမ်းများအား ကုမ္ပဏီအုပ်စု အသုံးစရိတ်များ ဆွေးနွေးတင်ပြသည့် ဘုတ်အဖွဲ့ထံသို့ မတင်ပြမီ စီမံခန့်ခွဲမှုအဖွဲ့နှင့် ပြဿနာရပ်များ အဖြေရှာသည့်ဆွေးနွေးမှု (challenged session) ပြုလုပ်ကြသည်။

လူသားအရင်းအနှီးစီမံခန့်ခွဲမှု

လုပ်ငန်းတွင်း ထိန်းချုပ်မှုစနစ်အတွက် သော့ချက်အစိတ်အပိုင်းတစ်ရပ်မှာ အဆိုပါစနစ်၏ လူပုဂ္ဂိုလ်များဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုသည်တာဝန်ရှိမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ဝန်ထမ်းများ၏ မိမိအလုပ်နှင့် ပတ်သက်လျှင် လျော်ကန်သင့်မြတ်သည့် ဝေဖန်ပိုင်းခြားနိုင်မှုများ အပေါ်တည်မှီနေသည်။ ဤအကြောင်းကြောင့် ကုမ္ပဏီအုပ်စုသည် လူသစ်စုဆောင်းခြင်း၊ ခန့်အပ်ခြင်း၊ စွမ်းဆောင် ရည်စီမံခန့်ခွဲခြင်း၊ ဆုချီးမြှင့်ခြင်းများအပြင် စည်းကမ်းကျနခြင်း၊ ရပ်စဲခြင်းနှင့် ထုတ်ပယ်ခြင်းဆိုင်ရာ ကိစ္စများအား ထိန်းချုပ်မည့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား သတ်မှတ်သည်။

ကုမ္ပဏီအုပ်စုသည် စဉ်ဆက်မပြတ် တိုးတက်မှုအတွက် ကုမ္ပဏီအုပ်စုသည် လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှု၊ ပင်ကိုယ်စွမ်းရည် စီမံခန့်ခွဲမှုနှင့် ရာထူးဆက်ခံမှု အစီအအမံများအပေါ် အလေးထားဆောင်ရွက်သည်။

ဝန်ထမ်းများ၏ အရည်အချင်းပြည့်မီမှုများမြှင့်တင်ရန် နှစ်စဉ်စွမ်းဆောင်ရည် စိစစ်အကဲဖြတ်မှုများအရ ရွေးထုတ်ထားသည့် ၎င်းတို့ ၏ လိုအပ်ချက်အပေါ်အခြေခံ၍စနစ်ကျသောပညာရပ်ဆိုင်ရာ သင်တန်းများ၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးသည်။

ပင်ကိုယ်စွမ်းရည် စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဖော်ပြရလျှင် အနာဂတ်ခေါင်းဆောင်မှု အခန်းကဏ္ဍအတွက် အဆက်အပြတ်သော ဖြည့်စွမ်းခြင်းအဖြစ် မြင့်မားသည့် အလားအလာကောင်းများနှင့် သင့်တော်သည့် ရာထူးဆက်ခံသူများအား ကူညီပံ့ပိုးထောက်မပေးသည့် အနေဖြင့် ကုမ္ပဏီအုပ်စုအတွင်း ပင်ကိုယ်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရန် ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Leadership Development Programme)၊ တစ်ဦးချင်းအလိုက် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Individual Development Plan) နှင့် လမ်းညွှန်ပြသခြင်း (mentoring) များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကုမ္ပဏီအုပ်စု၏ကျင့်ဝတ်များ

ကုမ္ပဏီအုပ်စု၏ ကျင့်ဝတ်များသည် ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်အတွင်း စောင့်ထိန်းရမည့် ပညာသည်ပီသ၍ ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသော စံသတ်မှတ်ချက်များ (high standard of ethical and professional conduct) ပင်ဖြစ်သည်။ ကုမ္ပဏီအုပ်စု၏ ဝန်ထမ်းများအားလုံး သိရှိနားလည် သတိပြုရမည့် လိုအပ်ချက်တစ်ရပ်လည်းဖြစ်သည်။

ကုမ္ပဏီအုပ်စုအတွင်းသို့ ဝင်ရောက်ပါဝင်ခြင်းမပြုမီ ဝန်ထမ်းသစ်များအား အဆိုပါကျင့်ဝတ်များ အကြောင်းရှင်းလင်း မှာကြားပြီး၊အလုပ်သမား၏လိုက်နာကျင့်သုံးခြင်းဆိုင်ရာ ကြေညာချက်ပုံစံ (Employee Declaration of Compliance Form) တွင် လက်မှတ်ရေးထိုးစေမည်ဖြစ်သည်။

ကုမ္ပဏီအုပ်စုသည် လက်ဆောင်မွန်များနှင့် ဇည့်ဝတ်ကျေပွန်မှု ဆိုင်ရာ လမ်းညွှန်ချက်ချမှတ်ထားရှိပြီး၊ လက်ဆောင်များပေးကမ်းလက်ခံခြင်းများအတွက် သမာဓိနှင့် ပွင့်လင်းမြင်သာမှုများအား လုစ်ဟပြသရန် ရည်ရွယ်သည်။ အဆိုပါ လမ်းညွှန်ချက်သည် ကျင့်ဝတ်များချိန်ဆထားပြီး ကုမ္ပဏီအုပ်စုနှင့် ဝန်ထမ်းများအား လက်ဆောင်များ ပေးကမ်းလက်ခံခြင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ကော်ပိုရိတ်အရ သမာဓိနှင့် ပွင့်လင်းမြင်သာမှု ရှိခြင်းအားထိန်းသိမ်းရန် တာဝန်ကို နားလည်စေမည်ဖြစ်သည်။

ကုမ္ပဏီအုပ်စု၏လာဘ်ပေးလာဘ်ယူပယောက်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါ

ကုမ္ပဏီအုပ်စုသည် လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုတို့အား အသေးအဖွဲမျှ ပင်လက်မခံသည့် (Zero Tolerance) မူဝါဒအား ကုမ္ပဏီအုပ်စု၏ အဓိကမျှဝေထားသည့် ဘုံတန်ဖိုးထားမှုများ (core shared values) နှင့် ကုမ္ပဏီအုပ်စု၏ ဝန်ထမ်းကျင့်ဝတ်များ (Group Code of Ethics and Conduct) နှင့်အညီ ကျင့်သုံးဆောင်ရွက်သည်။ ကုမ္ပဏီအုပ်စုသည် အချိန်နှင့်တစ်ပြေးညီတိကျပြတ်သားသည့် ဆုံးဖြတ်ချက်များဖြင့် စီမံခန့်ခွဲသတင်းပို့ရန် နှစ်မြှစ်ထားသည်။ လိမ်လည်မှုကျူးလွန်သည့် ဝန်ထမ်းများအားစည်းကမ်းသေဝပ်စေရန် တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုပြုလုပ်လျက်ရှိသည်။

ဂုဏ်သတင်းဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု

ကုမ္ပဏီအုပ်စုသည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေအားစီမံခန့်ခွဲရာတွင် အစဉ်သတိရှိ၍ အကျိုးဆက်အပေါ် ဆင်ခြင်နိုင်မှုအား အထိုင်ကျစေရန် အလုံးစုံခြုံငုံသည့် ချဉ်းကပ်မှုဖြင့် သင့်လျော်သည့် စီမံအုပ်ချုပ်မှုတစ်ရပ်ကို ကျင့်သုံးထားသည်။ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းတစ်ရပ်အား မောင်းနှင်ရာတွင် မိမိဂုဏ်သတင်းအား ကာကွယ်ခြင်းသည် လွန်စွာပမာနကျသည့် ကိစ္စရပ်ဖြစ်သည်။ ယုံကြည်မှုများတည်ဆောက်၍ ပိုမိုကောင်းမွန်သည့် သုံးစွဲသူအတွေ့အကြုံနှင့် လုံခြုံရေးစနစ်ဖန်တီးခြင်းသည်လည်း ငွေရေးကြေးရေးအဖွဲ့ အစည်းတစ်ခုအတွက် မဖြစ်မနေဆောင်ရွက်သင့်သည့် တာဝန်ဝတ္တရားတစ်ခုအဖြစ် ကျွန်ုပ်တို့လက်ခံထားသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီအုပ်စုသည် လူမှုကွန်ယက်မီဒီယာများ၏ ရပ်တည်ချက် သဘောထားများအား စောင့်ကြည့်မှတ်သားခြင်း ကဲ့သို့သော လုပ်ဆောင်ချက်များ အပါအဝင် ထိရောက်သည့် ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအား ဖြည့်ဆည်းရန်နှင့် တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေဘောင်အတွင်း ဆုံးရှုံးနိုင်ခြေထိတွေ့မှုများအား စစ်ဆေးရန်တို့အတွက် အဓိကပတ်သက်ဆက်နွယ်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ရှိမှုများအတွက် မူဝါဒတစ်ရပ်အား ကိုင်ဆွဲထားသည်။

၃.၁ စီးပွားရေးလုပ်ငန်းဆက်လက်ရှင်သန်ရေးစီမံခန့်ခွဲမှု

ကုမ္ပဏီအုပ်စုသည် အနောင့်အယှက်ကင်း၍ အတိမ်းအစောင်းပင်မခံသည့်ဝန်ဆောင်မှုများအား သုံးစွဲသူများထံ ဆောင်ယူနိုင်ရန်၊ ၎င်းတို့၏ ဝန်ထမ်းများလုံခြုံရေးအတွက် တာဝန်ယူနိုင်ရန်၊ ဒေတာအချက်အလက်အပါအဝင်ရရန် ရပိုင်ခွင့်များအားကာကွယ်ရန်နှင့် အဖွဲ့အစည်းအလားအလာ ကောင်းမွန်မှုအတွက် သေချာစေမည့် အဓိကပတ်သက်ဆက်နွယ်သူများ၏ အကျိုးစီးပွားအား ကာကွယ်ရန်တို့ အတွက် လိုအပ်ချက်မှန်သမျှအား ဆောင်ရွက်မည်ဖြစ်ကြောင်း အပြည့်အဝ အသိအမှတ်ပြု လက်ခံထားသည်။ ထို့ကြောင့် ကုမ္ပဏီအုပ်စုသည် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ကြံ့ကြံ့ခံနိုင်မှု ပျိုးထောင်ရန်အတွက် ခိုင်မာအားကောင်းသည့် စီးပွားရေးလုပ်ငန်း ဆက်လက်ရှင်သန်ရေး စီမံခန့်ခွဲမှုမူဘောင်နှင့် အစီအစဉ် (Business Continuity Management (BCM) Framework and Programme) တစ်ရပ်သည်လည်းကောင်း၊ အဓိကပတ်သက် ဆက်နွယ်သူများ အကျိုးစီးပွား၊ ကုမ္ပဏီအုပ်စု၏ ဂုဏ်သတင်းနှင့် အမှတ်တံဆိပ်တို့အား ကာကွယ်ရန် ထိရောက်သည့်တုံ့ပြန်မှုနှင့် ကုစားမှုယန္တရားတစ်ရပ်သည်လည်း ကောင်းအရေးပါကြောင်း သိရှိနားလည်ထားသည်။

ကုမ္ပဏီအုပ်စု၏ BCM အစီအစဉ်သည် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းဆက်လက်ရှင်သန်စေရေး အလေ့အထားများ၊ ISO ဘဏ္ဍာ၏ အခြားကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် နိုင်ငံတကာစံနှုန်းများအပေါ်အခြေခံလျက်ရှိသည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

ကောင်းမွန်သော BCM အစီအစဉ်သည် အလွန်အရေးပါသည့် စီးပွားရေးလုပ်ငန်းစဉ်များအား အဖျက်အနှောင့်များအကြားမှ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဦးမော့တည်မတ်ရန် ကုမ္ပဏီအုပ်စုအတွင်း ဆောင်ရွက်ပေးထားသည်။ စီးပွားရေးလုပ်ငန်း ပြန်လည်ဦးမော့တည့်မတ်ရေးအတွက် ပြည့်ဝကုံလုံမှု၊ ထိရောက်မှုနှင့် အရန်သင့်ရှိမှုများ သေချာစေရန်အလို့ငှာ BCM အစီအစဉ်၏ ဆန်းစစ်သုံးသပ်မှုများ၊ စိစစ်အကဲဖြတ်မှုများ၊ အခြေအနေအရပ်ရပ်အား တင်ပြချက်များ နှင့် စမ်းသပ်မှုများအား ပုံမှန်ဆောင်ရွက်ကြသည်။

နောင့်ယှက်မှု ဖြစ်ရပ်ပေါ်ပေါက်သည့်အခါ အရေးပါသည့်စီးပွားရေးလုပ်ငန်းစဉ်များအား အချိန်မီပြန်ထေမိစေရန်ဝန်ထမ်းများစွမ်းရည်နှင့် လိုအပ်သည့် ဆောင်ရွက်ချက်များအား ရင်းနှီးလာစေရန်အရေးပေါ် အခြေအနေဆိုင်ရာများ နှင့် သဏ္ဌာန်တူ လေ့ကျင့်မှုများအား စီမံဆောင်ရွက်ထားသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ်ကာလများသည်လည်း စိန်ခေါ်မှုများပြည့်နှက်နေသည့် ကာလဖြစ်သည်။ စီမံခန့်ခွဲမှုအဖွဲ့သည် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများအား မလစ်ဟင်းစေဘဲ၊ ရောဂါပြန့်ပွားမှုနှင့် ကူးစက်မှုအန္တရယ် အားထိန်းချုပ်လျှော့ချရန် ကြိုတင်တွေးဆ၍ ကာကွယ်မှုအတွက် အစီအမံများအား ဆောင်ရွက်ထားသည်။

ကုမ္ပဏီအုပ်စုသည် ကုမ္ပဏီအုပ်စု၏ စီးပွားရေးလုပ်ငန်းတာဝန်များ အားလုံးအတွက် သီးခြားလုပ်ငန်းများအား သီးခြားအုပ်စုဖွဲ့ဆောင်ရွက်ခြင်းနှင့် နေအိမ်မှအလုပ်လုပ်စေခြင်း (Work From Home) နှင့် အစည်းအဝေးများအတွက် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ အသုံးပြုခြင်းစသည့် အစီအမံများ သတ်မှတ်ထားသည့် ကမ္ဘာ့ကပ်ရောဂါဆိုင်ရာမဟာဗျူဟာအဖြစ် စီးပွားရေးလုပ်ငန်းဆက် လက်ရှင်သန်ရေး အစီအစဉ် (Business Continuity Plan - BCP) အားကျင့်သုံးဆောင်ရွက်ထားရှိခဲ့ပြီး၊ ယူအေဘီဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ဆိုင်ရာလုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (COVID-19 Standard Operating Procedures - SOP) နှင့်ပတ်သက်၍ အကြံပေးခြင်းနှင့် နောက်ဆုံးရ အခြေအနေများအား ရှင်းပြခြင်းများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ကိုဗစ်-၁၉ အတွက် ပူးပေါင်းဆောင်ရွက်ခြင်းများ တက်ညီလက်ညီ ဆောင်ရွက်လျက် BCM အစီအစဉ်မြှင့်တင်ခြင်း ခြေလှမ်းများအား လည်း အစပြုခဲ့သည်။ ကုမ္ပဏီအုပ်စုသည် အကျပ်အတည်းအပေါ်တို့ပြန်မှုများ မြန်ဆန်ရန်နှင့် လုပ်ငန်း၏ ခံနိုင်ရည်ရှိမှုများသေချာစေပြီး သက်ရောက်မှုများအား တတ်နိုင်သမျှလျော့နည်း စေရန်အကြောင်းပြု၍ အကျပ်အတည်း ကာလစီမံခန့်ခွဲမှု (crisis management) လုပ်ငန်းစဉ်များအား အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကုမ္ပဏီအုပ်စုသည် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုနှင့် ပတ်သက်၍ စီမံခန့်ခွဲခြင်းနှင့် တို့ပြန်ဆောင်ရွက်ခြင်းအပေါ် အကဲဖြတ်စိစစ်မှုများ ပြုလုပ်ပြီး ပေါ်ပေါက်လာသည့် ထိန်းချုပ်မှု အစီအမံများအား မြှင့်တင်ရန် အတွေ့အကြုံမှနေ၍ သင်ခန်းစာယူကြသည်။

ပစ္စည်းဝယ်ယူခြင်းဆိုင်ရာလက်စွဲ နှင့် ကြွေးမြီကင်းရန်ကန့်သတ်ခြင်း

ကုမ္ပဏီအုပ်စု၏ ပစ္စည်းဝယ်ယူခြင်းဆိုင်ရာ လက်စွဲကိုကုမ္ပဏီအုပ်စုတွင်း ပစ္စည်းဝယ်ယူခြင်း လုပ်ငန်းဆောင်တာများအတွက် ထိရောက်စွာ အသုံးချနိုင်ရန် ရေးဆွဲပြုစုထားသည်။ အဆိုပါလက်စွဲသည် ပစ္စည်းဝယ်ယူခြင်း လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများအရ မျှော်မှန်းထားသည့် ကောင်းမွန်သော စီမံခန့်ခွဲမှုအလေ့အထများအတွက် လမ်းညွှန်ချက်များအဖြစ်လည်း မှတ်ယူသည်။

ဘတ်ဂျတ်လျာထားသည့် သို့မဟုတ် လျာထားခြင်းမရှိသည့် အသုံးစရိတ် တောင်းဆိုမှုများအတွက် အတည်ပြုပိုင်ခွင့်သည် လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း (Delegation of Authority – DOA) နှင့်အလားတူဖြစ်သည့်သက်ဆိုင်ရာအတည်ပြုချက်ပေးပိုင်ခွင့်ရှိသူဆိုင်ရာမူဝါဒများ (approval authority policies) နှင့် ကိုက်ညီလျက်ရှိသည်။ DOA သည် ပစ္စည်းဝယ်ယူခြင်း၊ ရရန်ပိုင်ခွင့်များရယူခြင်းနှင့် စွန့်လွှတ်ခြင်းများ၊ လုပ်ငန်းပိုင်းဆိုင်ရာ စာရင်းပယ်ဖျက်မှုများ၊ အလှူဒါနမှုများနှင့် အထွေထွေလုပ်ငန်း အသုံးစရိတ်များအား အတည်ပြုရန်တို့အတွက် ဘုတ်အဖွဲ့မှ အတည်ပြုထားသည့် လုပ်ပိုင်ခွင့် ကန့်သတ်ချက်များကို သတ်မှတ်ပေးထားသည်။

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး

စွမ်းဆောင်ရည်ဆန်းစစ်ခြင်း

စီမံခန့်ခွဲမှုအဖွဲ့သည် ဒါရိုက်တာအဖွဲ့မှ အတည်ပြုသည့် မဟာဗျူဟာမြောက်စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံချက်နှင့်နှစ်စဉ်ရသုံးငွေစာရင်းများနှင့်ပတ်သက်၍ မိမိ၏စွမ်းဆောင်ရည် အားစောင့်ကြပ်ကြည့်ရှုရန် အလုံးစုံလွှမ်းခြုံသည့် သတင်းအချက်အလက်များအား အချိန်မှန်ပေးပို့စီးဆင်းစေသည်။ သတင်းအချက်အလက်များဟုဆိုရာတွင် နှစ်တစ်နှစ်အတွက် အဓိကကျသောငွေရေးကြေးရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အညွှန်းကိန်းများနှင့် ကုမ္ပဏီအုပ်စုမှ တာဝန်ယူဆောင်ရွက်သည့် မဟာဗျူဟာမြောက် ပဏာမခြေလှမ်းများ အားလုံးအကျုံးဝင်သည်။

ဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုကော်မတီ (Group Management Committee - GMC) သည် ဘဏ္ဍာရေးရှင်းတမ်းများအား လက်ခံသုံးသပ်သည်။ အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများတွင် အတည်ပြုပြီး ရည်မှန်းချက်များ targets နှင့် ပတ်သက်သည့်ကုမ္ပဏီအုပ်စု၏ လစဉ်နှင့် သုံးလတစ်ကြိမ် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်များ၊ သိသိသာသာ အရေးပါသည့် ကွဲလွဲချက်များရှိလျှင် ယင်းကွဲလွဲချက်များအတွက် အကြောင်းပြုချက်များအပြင် အထက်ပါရည်မှန်းချက်များ target ပြည့်မီရန်လိုအပ်သည့် အစီအမံများစသည့် ကိစ္စရပ်များပါဝင်သည်။

ကုမ္ပဏီအုပ်စုရှိ အဓိကကျသည့် စီးပွားရေးလုပ်ငန်းဆောင်တာများအတွက် သက်ဆိုင်ရာအကြီးအကဲများသည် ၎င်းတို့စီမံခန့်ခွဲမှုဆိုင်ရာအစီရင်ခံစာများကို GMC ထံလစဉ်အစည်း အဝေးများတွင် တင်ပြရသည်။ ၎င်းအစီရင်ခံစာများတွင် ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်ရည်များ၊ အဓိကကျသည့် လုပ်ငန်းဆောင်ရွက်ချက်ရလဒ်များ နှင့် GMC ၏ဆုံးဖြတ်ချက် အရဖြစ်စေ၊ သတင်းအချက်အလက်များ အရဖြစ်စေ၊ ပေါ်ပေါက်လာသည့် အသစ်ဖြစ်သော စီးပွားရေးလုပ်ငန်း အဆိုပြုချက် သို့မဟုတ် လုပ်ငန်းစဉ်များစသည့် ကဏ္ဍရပ်များ ပါဝင်စေမည်ဖြစ်သည်။

ကုမ္ပဏီအုပ်စု၏ အသိပေးတိုင်ကြားခြင်းဆိုင်ရာမူဝါဒ

uab သည် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျင့်ဝတ်သိက္ခာနှင့် ဖြောင့်မတ်တည်ကြည်မှုများကို လေးစားတန်ဖိုးထားသည်။

ကုမ္ပဏီအုပ်စု၏ ထုတ်ဖော်ပြောဆိုမှု မူဝါဒသည် uab အတွင်းကျင့်ဝတ်နှင့် လျော်ညီ၍ တာဝန်ယူမှုပြည့်ဝသည့် လုံခြုံမှုရှိသော အသိပေးတိုင်ကြားခြင်းဆိုင်ရာ အလေ့အထများ ကိန်းဝပ်စေရန် စီမံအုပ်ချုပ်မှုနှင့် စံနှုန်းသတ်မှတ်ချက်များအား အနှစ်ချုပ်အားဖြင့် လိုတိုရှင်းဖော်ပြထားသည်။

အသိပေးတိုင်ကြားခြင်းဆိုင်ရာ ဆက်သွယ်ရေး လမ်းကြောင်းများသည် အလုပ်သမားများနှင့် အစိုးရဝန်ထမ်းများအတွက် သဘောရိုးဖြင့် မလျော်ကန်သည့်အပြုအမူများနှင့် ပတ်သက်၍ နောက်ဆက်တွဲဆိုးကျိုး တစ်စုံတစ်ရာအတွက် စိုးရိမ်ပူပန်ခြင်းမရှိစေဘဲ သတင်းပေးပို့နိုင်ရန်အတွက် သင့်လျော်သည့် ယန္တရားနှင့်လုံခြုံစိတ်ချရသော လမ်းကြောင်းများသာဖြစ်သည်။ အသိပေးတိုင်ကြားသည့် သတင်းအချက်အလက်များအား ရယူနိုင်မှုကို တင်းကျပ်စွာလျှို့ဝှက် ထားရှိသည်။



ဖြစ်ရပ်များစီမံခန့်ခွဲမှုအစီရင်ခံတင်ပြခြင်း

ကုမ္ပဏီအုပ်စု၏ လုပ်ငန်းတွင်းထိန်းချုပ်မှုအား စောင့်ကြည့်လေ့လာရန် အလုံးစုံလွှမ်းခြုံသည့် ဖြစ်ရပ်များစီမံခန့်ခွဲမှု အစီရင်ခံတင်ပြခြင်းဆိုင်ရာလမ်းညွှန် ချက်တစ်ရပ်ကို အကောင်အထည် ဖော်လျက်ရှိသည်။ ၎င်းလမ်းညွှန်ချက်သည် ဆိုးရွားပြင်းထန်မှု အဆင့်သတ်မှတ်ချက်အရ ဖြစ်ရပ်များအတွက် မှန်ကန်သည့် စီမံခန့်ခွဲမှုအား အရှိန်မြှင့်ဆောင်ရွက်ရန် ရည်ရွယ်သည်။

ချမှတ်ထားသည့်ဖြစ်ရပ်များ စီမံခန့်ခွဲမှုအစီရင်ခံတင်ပြခြင်း လုပ်ငန်းစဉ်သည် အရေးကြီးသည့်ဆုံးရှုံးနိုင်ခြေနှင့် ဆုံးရှုံးမှုများပါဝင်သည့် ဖြစ်ရပ်များအားလုံးအား မဆိုင်းမတွေအကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့နှင့် ဘုတ်အဖွဲ့ထံ အချိန်ကန့်သတ်ချက်အတွင်း ဖြစ်နိုင်ခြေရှိသည့် ဆုံးရှုံးနိုင်ခြေအား လျော့ချရန်လိုအပ်သည့် ကိစ္စရပ်များနှင့်အတူ တင်ပြဆောင်ရွက်စေနိုင်မည်ဖြစ်ကြောင်း သေချာစေသည် အဆုံးအဖြတ်မပြုမီဖြစ်ရပ်များနှင့် ပတ်သက်၍ ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းနှင့် နောက်ဆုံး အခြေအနေများအပေါ် အသိပေးတင်ပြခြင်းများက ဆုံးဖြတ်ချက်ချသူများအား အချက်အလက်ပြည့်စုံသည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ရန် ကူညီပေးသည့်အပြင် မျက်မှောက်အခြေအနေအပေါ် မျက်ခြေမပျက်ရှိစေပြီး၊ ဆုံးရှုံးနိုင်ခြေများအားလည်း ထိရောက်စွာ စီမံခန့်ခွဲစေနိုင်သည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်

၁။ စောင့်ကြည့်စစ်ဆေးခြင်း

ဘုတ်အဖွဲ့ကော်မတီများ

ဒါရိုက်တာအဖွဲ့သည် ၎င်း၏ကိုယ်စား လုပ်ငန်းတာဝန်များအား ကြီးကြပ်ရန် ဘုတ်အဖွဲ့ကော်မတီများဖွဲ့စည်းထားရှိသည်။ ဘုတ်အဖွဲ့ကော်မတီများမှာ ဆုံးရှုံးနိုင်ခြေဘုတ်အဖွဲ့ကော်မတီ၊ စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ၊ ချေးငွေဘုတ်အဖွဲ့ကော်မတီနှင့် အမည်တင်သွင်းခြင်းနှင့် လစာချီးမြှင့်ရေး ဘုတ်အဖွဲ့ကော်မတီ တို့ဖြစ်ကြသည်။

ဘုတ်အဖွဲ့ကော်မတီများထံ သက်ဆိုင်ရာ လုပ်ငန်းသတ်မှတ်ချက်များ (Terms of Reference - TOR) ၎င်းအရ သတ်မှတ်ထားသည့် တာဝန်ရှိမှုများအတွင်း ကိစ္စရပ်အဝဝကို သုံးသပ်ဆုံးဖြတ်ရန် သီးခြားတာဝန်များ အပ်နှင်းထားရှိသည်။

ကုမ္ပဏီအုပ်စု၏စီမံခန့်ခွဲမှုအဖွဲ့ကော်မတီ

GMCတွင်ကုမ္ပဏီအုပ်စု၏ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်သည် သဘာပတိအဖြစ်ဆောင်ရွက်ပြီး၊ ကုမ္ပဏီအုပ်စု၏ အဓိက အကြီးတန်းစီမံခန့်ခွဲမှု အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။

GMC သည် ဒါရိုက်တာအဖွဲ့က အတည်ပြုထားသည့် မဟာဗျူဟာများနှင့် မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ခေါင်းဆောင်မှုနှင့် ညွှန်ကြားမှုများပြုလုပ်ပြီး ကုမ္ပဏီအုပ်စု၏ လုပ်ငန်းလည်ပတ်မှုအပေါ် သက်ရောက်သည့် မဟာဗျူဟာရေးရာများအား လစဉ်တွေ့ဆုံ၍ ဆွေးနွေးဆုံးဖြတ်ကြသည်။

စီမံခန့်ခွဲမှုအဖွဲ့၏စာရင်းစစ်ကော်မတီ

စီမံခန့်ခွဲမှုအဖွဲ့၏ စာရင်းစစ်ကော်မတီ (MAC) သည် စာရင်းစစ်တွေ့ရှိချက်များ (audit findings) နှင့် ကုမ္ပဏီတွင်း စာရင်းစစ်များ၊ ပြင်ပစာရင်းစစ်များနှင့် ကြီးကြပ်ကွပ်ကဲသူများ ထောက်ပြသည့် အရင်းခံအကြောင်းတရားများ (underlying causes) အား အချိန်မီပြင်ဆင်ရန် တာဝန်ရှိသည်။

အရင်းခံအကြောင်းတရားများအား ကျေကျေညက်ညက် ဖြေရှင်းရန် စီမံခန့်ခွဲမှု အဖွဲ့ကဆောင်ရွက်သည့် စာရင်းစစ်တွေ့ရှိချက်များအား လုံးနှင့် သက်ရောက်မှုလျှော့ချရေး လုပ်ငန်းအစီအစဉ်များ (mitigat-ion action plans) ပြုစုဆောင်ရွက်ခြင်းကို MAC သည် အစည်းအဝေးတိုင်းတွင် စောင့်ကြည့်စစ်ဆေးသည်။

သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဌာနအသီးသီးမှ အကြီးတန်းအဆင့်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် MAC တွင် ကုမ္ပဏီအုပ်စု၏ ဒုတိယအမှုဆောင်အရာရှိချုပ်က သဘာပတိအဖြစ်ဆောင်ရွက်သည် MAC အားလစဉ်ခေါ်ယူပြီး၊ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ အတွက် သတင်းအချက်အလက်များ တင်ပြခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ညွှန်ကြားခြင်းများအား BAC မှ ဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာစာရင်း စစ်အစီရင်ခံစာများနှင့်တကွ အစည်းအဝေးမှတ်တမ်းများအား ဆက်လက်အဆိုပြုတင်ပြ သည်။



ကုမ္ပဏီအုပ်စု၏လိုက်နာကျင့်သုံးမှု

ကုမ္ပဏီအုပ်စု၏ ဒါရိုက်တာအဖွဲ့၊ အကြီးတန်းစီမံခန့်ခွဲမှု အဖွဲ့နှင့် ဝန်ထမ်းတစ်ဦး တစ်ယောက်ချင်းစီအတွက် စုပေါင်းတာဝန်ယူမှုသည် ကုမ္ပဏီအုပ်စု၏ လိုက်နာကျင့်သုံးမှု (Compliance) ပင်ဖြစ်သည်။ လိုက်နာကျင့်သုံးခြင်းဆိုင်ရာ လုပ်ငန်းတာဝန်သည် ကုမ္ပဏီအုပ်စု ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှု မူဘောင်တို့၏ အစိတ်အပိုင်းတစ်ရပ် အဖြစ်ပါဝင်သည်။

ခိုင်မာအားကောင်းသည့် လိုက်နာကျင့်သုံးမှုဆိုင်ရာ ယဉ်ကျေးမှုသည် မြင့်မားသည့် ကိုယ်ကျင့်တရားနှင့် ဖြောင့်မတ်တည်ကြည်မှုတို့အား အလေးပေးသော ကော်ပိုရိတ်ယဉ်ကျေးမှုစနစ် တစ်ရပ်ကိုထင်ဟပ်နေပေရာ တစ်ဦးချင်းအလိုက် ကိုယ်ကျင့်တရားဆိုင်ရာနိယာမများနှင့် အမှုအကျင့်ကောင်းများကို စောင့်ထိန်းကာ မိမိကိုယ်မိမိစည်းကမ်းထိန်းသိမ်းစေခြင်း (self-regulation) အားမြှင့်တင်ရန်နှင့် မိမိ၏ပြုမူဆောင်ရွက်ချက်များအား တာဝန်ယူတာဝန်ခံမှုရှိစေရန် ယုံကြည်မျှော်လင့်သည်။

နေ့စဉ်စောင့်ကြည့် စစ်ဆေးခြင်းများအပြင် အားကောင်းသည့် လိုက်နာကျင့်သုံးမှုဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်အား ကုမ္ပဏီအုပ်စုအတွင်း သွတ်သွင်းရန် ခိုင်မာတောင့်တင်းသည့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာမူဘောင်အား တည်ဆောက်ထားသည်။ အဆိုပါမူဘောင်တွင် အလုံးစုံလွှမ်းခြုံသည့် လိုက်နာကျင့်သုံးခြင်းဆိုင်ရာ မူဝါဒများအကောင်အထည်ဖော်ခြင်း၊ မကြာခဏသုံးသပ် ဆန်းစစ်ခြင်း၊လုပ်ငန်းအဖွဲ့၊ အလုပ်ဌာနများနှင့် ဘဏ်ခွဲများအား ပံ့မှန်တွေ့ဆုံဆွေးနွေးခြင်း၊ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နယ်ပယ်များအား ခွဲခြားသတ်မှတ်ရန် နှစ်စဉ်လိုက် နာကျင့်သုံးခြင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ် စိစစ်ခြင်းနှင့် ဝန်ထမ်းများအားလုံးအား နောက်ဆုံးကြီးကြပ်ကွပ်ကဲမှု ဆိုင်ရာ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များအား အစဉ်သတိချပ်နေစေရန် သင်တန်းပေးခြင်းစသည့် ကိစ္စရပ်များထည့် သွင်းထားသည်။

ထို့အပြင် ကုမ္ပဏီအုပ်စု၏ လိုက်နာကျင့်သုံးမှုဆိုင်ရာ အခြေအနေနှင့် ပတ်သက်၍ အခါအားလျော်စွာတင်သွင်းရသည့် လိုက်နာကျင့်သုံးမှုဆိုင်ရာ အစီရင်ခံစာမှတဆင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြီးတန်းစီမံခန့်ခွဲမှု အဖွဲ့ဝင်များအား နှိုင်းချင့်သုံးသပ်ပါသည်။

ကုမ္ပဏီအုပ်စု၏ဌာနတွင်းစာရင်းစစ်

ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ဌာနတွင်းထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်သည့် စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များ လုံလောက်မှုနှင့် ထိရောက်မှုရှိသည်၊ မရှိသည်ကို သီးခြား အကဲဖြတ်ဆန်းစစ်ချက်များ ပြုစုရန် ကုမ္ပဏီအုပ်စု၏ စာရင်းစစ်အဖွဲ့(Group Internal Audit - GIA) အား တည်ထောင်ထားသည်။

ဌာနတွင်း စာရင်းစစ်တွင် ကုမ္ပဏီအုပ်စု၏ ဘဏ်ခွဲများ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ လက်အောက်ခံကုမ္ပဏီများနှင့် ၄ားရမ်းလုပ်ကိုင်ခြင်းဆိုင်ရာလူပ်ရှားမှုများ (outsourced activities) အပါအဝင် အဓိက လုပ်ငန်းကိစ္စရပ်များအားလုံးခြုံငုံပါဝင်သည်။

GIA သည် ၎င်း၏ ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်ခြင်းနည်းလမ်း (risk assessment methodology) အရ ခွဲခြမ်းစိတ်ဖြာသည့် ကုမ္ပဏီအုပ်စု၏အရေးပါသော ဆုံးရှုံးနိုင်ခြေများ၊ မဟာဗျူဟာများနှင့်အလေးပေးဆောင်ရွက်သည့် ကဏ္ဍရပ်များအပေါ်လိုက်၍ စာရင်းစစ်နိုင်သည့် ယူနစ်များ (auditable units) နှင့် စာရင်းစစ်အကြိမ်ရေများ (frequ-ency of audits) အားဆုံးဖြတ်ရာတွင် ဆုံးရှုံးနိုင်ခြေအခြေပြုသည့် ချဉ်းကပ်မှုအသွင် (risk-based appraoch) အား ကျင့်သုံးသည်။

ဆုံးရှုံးနိုင်ခြေအခြေပြုသည့် ဌာနတွင်းစာရင်းစစ် စီမံချက်အားနှစ်စဉ် BAC မှ အတည်ပြုသည်။ စာရင်းစစ်တွေ့ရှိချက်များ၊ အခြေခံအကြောင်းရင်းနှင့် သက်ရောက်မှုများ၊ GIA ၏ မှတ်ချက်နှင့် အကြံပြုချက်များအား အသေးစိတ်ဖော်ပြထားသည့် စာရင်းစစ်အစီရင်ခံစာများနှင့် စီမံခန့်ခွဲမှုအဖွဲ့၏ တုံ့ပြန်ဆောင်ရွက်ချက်များအား MACs နှင့် BACထံသို့ လစဉ်ပုံမှန် တင်ပြဆွေးနွေးသည်။

GIA ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ကုမ္ပဏီအုပ်စုတွင်း အခြားသော ဌာနများ၏ လူပ်ရှားမှုနှင့် လုပ်ငန်းလည်ပတ်မှုများအပေါ် မှီခိုခြင်းမရှိဘဲ သီးခြားလွတ်လပ်စွာတည်ရှိသည်။

GIA အား ကုမ္ပဏီအုပ်စု၏ ဌာနတွင်းစာရင်းစစ်ချုပ်က ဦးဆောင်ကြီးကြပ်ပြီး၊ အဆိုပါစာရင်းစစ်ချုပ်သည် လုပ်ငန်းသဘောအရ BAC ထံသို့ လည်းကောင်း၊ စီမံခန့်ခွဲမှုသဘောအရ ကုမ္ပဏီအုပ်စု၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ လည်းကောင်း၊ တင်ပြအစီရင်ခံသည်။

နိဂုံး

BAC နှင့် BRC မှတဆင့် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုစနစ်၏ ပြည်မီလုံလောက်မှုနှင့် ထိရောက်မှုအခြေအနေများကို သုံးသပ်အတည်ပြုပါသည်။

ဘုတ်အဖွဲ့ကော်မတီအသီးသီး၏လစဉ်နောက်ဆုံးရအခြေအနေတင်ပြချက်များနှင့် စီမံခန့်ခွဲမှုအဖွဲ့ထံမှရရှိသည့် အာမခံချက်များအပေါ် အခြေခံ၍ ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုစနစ်သည် ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားနှင့် ကုမ္ပဏီအုပ်စု၏ ရရန်ပိုင်ခွင့်များအား ကာကွယ်နိုင်ရန်အတွက် ထိရောက်လုံလောက်စွာ လည်ပတ်လျက်ရှိပါကြောင်း ဒါရိုက်တာအဖွဲ့သည် ဤထုတ်ဖော်ကြေညာချက်အား ပြင်ဆင်ပြုစုသုံးသပ်စဉ်အတွင်းယူဆသည်။

အစဉ်ရွှေ့လျားပြောင်းလဲနေသော စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသည့် စီးပွားရေးရပ်ဝန်းကြီးအလယ်၊ အထူးသဖြင့် ကမ္ဘာ့ကပ်ရောဂါကိုစစ်-၁၉ ကာလများအတွင်း ကုမ္ပဏီအုပ်စုသည် ၎င်းစီးပွားရေးလုပ်ငန်းနှင့်မဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်ရာတွင်လည်းကောင်း ရင်ဆိုင်နေရသော သိသာထင်ရှားသည့်ဆုံးရှုံးနိုင်ခြေများအားအမျိုးအစားခွဲခြားပြီး စိစစ် အကဲဖြတ်စောင်ကြည့်ကာ စီမံခန့်ခွဲတုံ့ပြန်နိုင်သည်ဖြစ်၍ ဒါရိုက်တာ အဖွဲ့ကမျှော်မှန်းထားသည့်အတိုင်း ကိုက်ညီလျက်ရှိကြောင်း တွေ့ရပေသည်။

လူစွမ်းအားအရင်းအမြစ်ဆိုင်ရာ

အစီရင်ခံစာ

လူစွမ်းအားအရင်းအမြစ်ဆိုင်ရာအစီရင်ခံစာ

၂၀၂၁ ဘဏ္ဍာနှစ်သည် စတင်ဖွဲ့စည်းပြီးကတည်းက အလှူပ်အခတ်အရှိဆုံးနှစ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကိုဗစ် - ၁၉ ကပ်ရောဂါသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပထမလှိုင်း၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဒုတိယလှိုင်းအဖြစ် ရိုက်ခတ်ပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အခြေအနေ တည်ငြိမ်လာခဲ့ပြီးသကာလ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံရေးအကြပ်အတည်းကြားဝယ် ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်လာခဲ့သည်။ ထပ်လောင်း၍လည်း ကိုဗစ် - ၁၉ တတိယလှိုင်း၏ ရိုက်ခတ်မှုကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင်လည်း ကြုံတွေ့ရပြန်ပါသည်။

အကြပ်အတည်းကာလ တစ်လျှောက်လုံးတွင် ယူအေဘီဘဏ်သည် စီးပွားရေးအရေးပေါ်စီမံချက် (Business Contingency Plan) ကိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းစီးပွားရေးအရေးပေါ် စီမံချက်သည်အာမခံချက်အပြည့်အဝပေးပြီး တစ်ဦးတည်းအုပ်ချုပ်ကွပ်ကဲတာဝန်ယူမှု (single command structure) အောက်တွင် ယူအေဘီဝန်ထမ်းများ၏ တာဝန်သိတတ်မှု၊ တာဝန်ခံမှု၊ စွမ်းဆောင်ရည်နှင့် သစ္စာစောင့်သိမှုတို့ကြောင့် အကြပ်အတည်းတစ်ခုထပ်ကိုပိုသော သုံးကြိမ်ဆက်တိုင်တိုင် အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ခဲ့သည်။

A desire to **connect.** The passion to **create.** The courage to lead **change**

ထိုကဲ့သို့သော စိန်ခေါ်မှုများရှိခဲ့သော်လည်း ကျွန်ုပ်တို့ဝန်ထမ်းများသည် သုံးစွဲသူများထံ ပေးအပ်ထားသော ကတိကဝတ်များကို မပျက်ကွက်အောင် အာရုံစိုက်ပြီး ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းကို အဆက်အသွယ်မပြတ်အောင် ချိတ်ဆက်ထားခဲ့သည်။ အစုရှယ်ယာရှင်များ၏ အမြတ်အစွန်းများကို ကာကွယ်ပေးပြီး စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များ၏ လမ်းညွှန်ချက် နှင့်ကိုက်ညီမှုရှိအောင် ကျင့်ကြံကာတစ်ဦး နှင့် တစ်ဦးအပြန်အလှန် လေးစားမှုလမ်းစဉ်ကို ကျင့်သုံးခဲ့ကြသည်။

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များသည် ဘဏ်အား အနာဂတ်ကို အာရုံစိုက်ပြီး၊ ဖွံ့ဖြိုးတိုးတက်ဖို့အမျိုးမျိုး တွေးတောစေလျက် အဆက်မပြတ်သော အနှောင့်အယှက်များနှင့် လိုက်လျောညီထွေဖြစ်စေကာ အနာဂတ်မှာ မျှော်လင့်မထားသော အပြောင်းအလဲယူဆောင်လာနိုင်ပါသည်။ ကမ္ဘာကြီးပြောင်းလဲနေမှုနှင့် ဘဏ်အနေဖြင့် လိုက်လျောညီထွေစွာမှုရှိအောင် ကြိုးစားကျင့်ကြံရမည်ဖြစ်သည်။ အခက်အခဲ အနှောင့်အယှက်များသည်လည်း တဖြည်းဖြည်း တိုးများလာပြီး ဆက်သွယ်ရေးတွင်သာမက ဒေတာသိမ်းဆည်းခြင်းနှင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှုတွင်ပါ လိုက်လျောညီထွေဖြစ်အောင် ဦးတည်အားထုတ်ရမည်ဖြစ်သည်။

အဖြစ်အပျက်တွေက ကျွန်ုပ်တို့၏တာဝန်များကို မီးမောင်းထိုးပြနေပြီး သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုပန်းတိုင်များရောက်ရှိအောင် ဦးတည်တည်ဆောက် သွားရန် အလေးအနက်ထားပြသနေသည်။ ကျွန်ုပ်တို့၏ကတိကဝတ်သည် ကျွန်ုပ်တို့၏ လုပ်သားအင်အားကို ညွှန်ကြားရန်ဖြစ်ပြီး၊ နှစ်ဦးနှစ်ဖက်အတွက် ရေရှည်တည်တံ့သော အနာဂတ်ကိုတည်ဆောက်ရန် ဖြစ်သည်။

ကိုဗစ် - ၁၉ ကပ်ရောဂါနှင့်နိုင်ငံရေးအကြပ်အတည်း ကာလ

- ဘဏ္ဍာနှစ် ၂၀၂၁ တွင် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲ အတားအဆီးများမှာ
- ကိုဗစ် - ၁၉ ဒုတိယလှိုင်း - စက်တင်ဘာလလယ် ၂၀၂၀ မှ နိုဝင်ဘာလ ၂၀၂၀ အထိ
- နိုင်ငံရေးအကြပ်အတည်းကာလ - ဖေဖော်ဝါရီ ၂၀၂၁ မှ မေလ ၂၀၂၁ အထိ
- ကိုဗစ် - ၁၉ တတိယလှိုင်း - ဇူလိုင်လ ၂၀၂၁ မှ သြဂုတ်လ ၂၀၂၁ အထိ

ကျွန်ုပ်တို့ယူအေဘီဘဏ်အနေဖြင့် ကိုဗစ် - ၁၉ ဒုတိယလှိုင်းကို ကိုင်တွယ်နိုင်ခဲ့သည်။ ကျွန်းမာရေးအာဏာပိုင် အသီးသီးနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ကိုဗစ် - ၁၉ ရောဂါရှိသူများနှင့် အနီးကပ်တွေ့ဆုံခဲ့ရသော uabians များနှင့် ၎င်းတို့၏ မိသားစုဝင်များကို သတ်မှတ်ထားသော ဟိုတယ်များတွင် လုံလောက်စွာသီးသန့်ခွဲ (Quarantine) ထားရှိခြင်း၊ ရောဂါပိုးတွေ့ရှိပါက အစိုးရသီးသန့်ခွဲနေရာ (Quarantine Center) များတွင် ထားရှိခြင်းတို့ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့၏ ဘဏ်အနေဖြင့် မိမိတို့ဝန်ထမ်းများအား လုံလောက်စွာ ကာကွယ်ပေး နိုင်ရေးအတွက် မြန်မာငွေကျပ် ၃၈.၆ သန်းသုံးစွဲခဲ့သည်။

ကိုဗစ် - ၁၉ ဒုတိယလှိုင်း ရိုက်ခတ်မှုကာလအတွင်း ဘဏ်ခွဲ ၈ ခု ပိတ်ခဲ့ရသော်လည်း ကျွန်ုပ်တို့ဝန်ထမ်းများသည် ၎င်းကာလတစ်လျှောက်လုံးတွင် သုံးစွဲသူများအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ပေးလျက်ရှိသည်။

ကိုဗစ် ၁၉ ဒုတိယလှိုင်းရိုက်ခတ်မှု ငြိမ်သက်ပြီး မကြာမီ ၂၀၂၁ ဖေဖော်ဝါရီလတွင် နိုင်ငံရေးအရေးအခင်းနှင့် ကြုံခဲ့ရပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအားလုံးအတွက် အနှောက်အယှက်ဖြစ်စေခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလ မှ ၂၀၂၁ မတ်လ တစ်လျှောက်လုံး ကသောင်းကနင်းဖြစ်ခဲ့သော်လည်း ဘဏ်၏ အခရာကျသော ဝန်ထမ်းအဖွဲ့မှာမူ သုံးစွဲသူများအတွက် နေ့စဉ်လိုအပ်သော ဝန်ဆောင်မှုများကို ဆက်လက်ပေးခဲ့ပြီး ဘဏ်ခွဲများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်စတင်ခဲ့သည်။

နိုင်ငံရေးအကျပ်အတည်းများအကြား လူမှုရေးမငြိမ်မသက်မှုနှင့် ရင်ဆိုင်ခဲ့ရသော ဝန်ထမ်းအချို့လည်း အလုပ်သို့ပြန်လာကြပြီး မေလ ၂၀၂၁ တွင် ဘဏ်အနေနှင့် ၎င်း၏ ဘဏ်ခွဲများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ကိုဗစ် - ၁၉ တတိယလှိုင်းသည် ဒုတိယလှိုင်းနှင့် မတူဘဲ ကျွန်ုပ်တို့အတွက် ထိခိုက်ဆုံးရှုံးမှုများခဲ့သည်။ ၂၀၂၁ ဇူလိုင်လမှ သြဂုတ်လအတွင်း ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် မောင်နမ ၅ ယောက်ဆုံးရှုံးခဲ့ရသည်။ ကျွန်ုပ်တို့၏ ဘဏ်ခွဲများအနက်မှ ဘဏ်ခွဲ ၈၀ခန့်အား ၂ ပတ်မှ ၃ ပတ်အထိ ပိတ်ထားခဲ့ရသည်။ ယခုကဲ့သို့ ရင်ဆိုင်ကြုံတွေ့မှုများ အကြားတွင် uabians များသည် အောက်ဆီဂျင် ကိရိယာများနှင့် ဆေးများ၊ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အားပေးကူညီမှုများ ပေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး တတ်နိုင်သည့်ဘက်မှ ရှင်းပင်းကူညီခဲ့ကြသည်ကို တွေ့ကြရပါသည်။ uabians အများအပြားလည်း ၎င်းတို့၏ လုပ်ငန်းခွင်များသို့ ပြန်လာကြပြီး သုံးစွဲသူများအတွက် မဖြစ်မနေ လိုအပ်သောဝန်ဆောင်မှုများကို ဆက်လက်ပေးဆောင်နိုင်ရန် ဆောင်ရွက်ကြသည်။

ကျွန်ုပ်တို့၏ ဘဏ်အနေဖြင့် Quatantine နေရာ လိုအပ်သူများအတွက် ရန်ကုန်မြို့တွင် ကယ်ဆယ်ရေးစင်တာများ ဖွင့်လှစ်ခြင်းအပါအဝင် ဆေးဖက်ဆိုင်ရာပံ့ပိုးမှု အပါအဝင် မြန်မာကျပ်ငွေ ၁၃.၄ သန်းသုံးစွဲခဲ့သည်။

တို့ပြန်မှုများနှင့် လူများ၏ထိတွေ့ဆက်ဆံမှုများ

အောက်ဖော်ပြပါများကတော့ ဘဏ်နှင့် ဝန်ထမ်းများ၏ အရေးပေါ်ကာလ အခြေအနေအပေါ် တို့ပြန်မှုများပင်ဖြစ်သည်။

- အရေးပေါ်ထိန်းချုပ်မှုဗဟိုအဖွဲ့ (Centralised Crisis Control Unit) ကို ဖွဲ့စည်းတည်ဆောက်နိုင်ခဲ့ပြီး ကြိုးပမ်းအားထုတ်မှုနှင့် ဆုံးဖြတ်ချက်တို့ကို ပေါင်းစပ်ညှိနှိုင်းပြီး အခက်အခဲကာလ ၃ ကြိမ်စလုံးကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။ ပိုမိုရှင်းလင်းသော ဦးတည်ချက်နှင့် ဆက်စပ်မှုများကို ပံ့ပိုးပေးခဲ့သည်။
- တစ်ချိန်တည်းမှာပင် ဗဟိုချုပ်ကိုင်မှုအား လျော့ချခဲ့ပြီး သက်ဆိုင်ရာဌာနမှူးနှင့် ဘဏ်ခွဲမန်နေဂျာ အဆင့်ဆင့်တွင် ၎င်းတို့၏ယုံနှစ်အား သီးခြားလွတ်လပ်စွာ စီမံအုပ်ချုပ်ခွင့်ကို ပေးထားပြီး အလုပ်လုပ်ရန် စွမ်းဆောင်ရည်ကို အကောင်းမြင်စိတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်မြင့်မားအောင်စွမ်းဆောင်နိုင်ခဲ့သည်။
- သင့်တော်သော Solfware/Hardware များကို သုံးစွဲခဲ့ကြပြီး အလုပ်ပြီးမြောက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် အိမ်ကနေအလုပ်လုပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ Laptopsများ ထောက်ပံ့ပေးခြင်း၊ Learning and Development ကိုကြည့်ရှုရန်အတွက် Mobile Phone Accessများ ပေးခြင်းတို့ဆောင်ရွက်ခဲ့သည်။ Microsoft Office 365နှင့် Zoomကို အများဆုံး အသုံးပြုခဲ့ကြသည်။
- ဝန်ထမ်းများအနေဖြင့်အလှည့်ကျအလုပ်ဆင်းခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများအမှတ်မထင် ကိုဗစ် ၁၉ ကပ်ရောဂါ ကူးစက်မှုများမှ ကာကွယ်ရန် သတ်မှတ်အကွာအဝေးထားရှိစေခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော အရေးပေါ် အခြေအနေများကို ထိန်းချုပ်ကာကွယ်ခဲ့သည်။
- လုံခြုံမှုနည်းလမ်းများဖြစ်သော လက်သန့်ဆေးရည်များ သုံးစွဲခြင်း၊ Mask တပ်ဆင်ခြင်း နှင့် ဝန်ထမ်းများ၊ သုံးစွဲသူများ၊ ဧည့်သည်များအား သတ်မှတ်အကွာအဝေး သတ်မှတ်ခြင်းစသော အစီအမံများကို လေ့ကျင့်စေခြင်းတို့ပြုလုပ်ခဲ့သည်။
- ကူးစက်ခံရသော ဝန်ထမ်းများနှင့် ၎င်းတို့ မိသားစုဝင်များအား အောက်စီဂျင် ကိရိယာများနှင့် ဆေးများ၊ အစားအစာများကို ထောက်ပံ့ပေးခြင်း၊ ကိုဗစ် ၁၉ ကပ်ရောဂါ ကာကွယ်ရေးစင်တာများကို တည်ဆောက်ပေးခဲ့သည်။
- ၂၀၂၁ သြဂုတ်လနှင့် စက်တင်ဘာလတွင် ကိုဗစ်ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ဝန်ထမ်းတစ်ယောက်ခြင်းစီကို ကိုဗစ် ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်အထိ ထိုးခွင့်ရရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။
- ဝန်ထမ်းများ၏ စွမ်းဆောင်မှုကို မြှင့်တင်နိုင်ရန်အတွက် သင့်လျော်သော လေ့ကျင့်ရေး ဗီဒီယိုများကို uabians Facebook Community page တွင် အပါတ်စဉ်တင်ဆက်လေ့ရှိသည်။

လူစွမ်းအားအရင်းအမြစ်ဆိုင်ရာအစီရင်ခံစာ

Statistics



uab bank is an equal opportunity employer and the gender balance remained unchanged over FY 2021 and FY 2022.

Gender Balance by Job Type



ကျွန်ုပ်တို့၏ကိုယ်ရေးအချက်အလက်

ရိုက်ခတ်မှုအသီးသီးကြောင့် သုံးစွဲသူ၏လုပ်ရှားဆောင်ရွက်မှုများနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များသည် လျော့နည်းလာခဲ့ရသည်။ ဘဏ်သည် ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းဦးရေ ၁၈၃၅ မှ ၁၇၂၂ ထိ လျော့ချခဲ့ရပြီး၊ ၂၀၂၂ ဘဏ္ဍာနှစ်တွင်မူ စီးပွားရေးတည်ငြိမ်မည့်အလားအလာရှိ၍ ဝန်ထမ်းဦးရေ ပြန်လည်တိုးမြင့်ရန် မျှော်မှန်းထားသည်။

Age Distribution By Gender



၄၂ ရာခိုင်နှုန်းသော ဝန်ထမ်းအင်အားမှာ အသက်၃၀ အောက်လူငယ်များဖြစ်ပြီး လူငယ်လုပ်သားအင်အားကို ပြုလျက်ရှိကာ ၁၉% နှင့် အထက်မှာ ၄၁ နှစ်အထက်အရွယ်များဖြစ်သည်။

ယူအေဘီဘဏ်သည် မတူကွဲပြားမှုများနှင့် ပတ်သက်ဆက်နွယ်မှုများမှတစ်ဆင့် လူသားတို့အား ၎င်းတို့၏ စွမ်းဆောင်ရည်ကို အပြည့်အဝ အသုံးချနိုင်ခွင့်ကို အာမခံပေးသည်။ မတူကွဲပြားခြားနားမှုများနှင့် အမျိုးမျိုးသော လုပ်အားမှအဆင့်မြင့်သော ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သည့် လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် စင်ကာပူရှိ မြန်မာကျောင်းသားများ အဖွဲ့အစည်းနှင့် webinar တွေ့ဆုံမှုကို ကျင်းပခဲ့ပြီး၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ထိုင်းကျောင်းသားများအဖွဲ့အစည်း နှင့် webinar စီစဉ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် Virtual Career Day ကို ဇန်နဝါရီလ ၂၃ နှင့် ၂၄ ရက်နေ့များတွင် ကျင်းပနိုင်ခဲ့သည်။ Virtual Career Day ကို မြန်မာနိုင်ငံတွင် ပထမဆုံး စီစဉ်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် မတူညီသော စွမ်းဆောင်ရည်များနှင့်အတူ ကျွန်တော်တို့ ဘဏ်ပုံရိပ်ကို ကြီးမားကျယ်ပြန့်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

သင်ယူလေ့လာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်

အနောင့်အယှက် အခက်အခဲကာလများအကြား သင်ယူလေ့လာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်အရေးပေးခဲ့ပြီး ၂၀၂၀ ဘဏ္ဍာနှစ်တွင် လေ့ကျင့်ရေးနာရီပေါင်း ၁၃၁၅၇ နာရီရှိခဲ့ရာ ၂၀၂၁ ဘဏ္ဍာနှစ်တွင် လေ့ကျင့်ရေးနာရီပေါင်း ၂၂၁၇၆ နာရီအထိ တိုးမြင့်လာခဲ့သည်။ ထိုကဲ့သို့ တိုးမြင့်လာရခြင်း အကြောင်းအရင်းများမှာ ဝန်ထမ်းများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ပေးနိုင်သော အွန်လိုင်းသင်တန်းပို့ချခြင်း အစီအစဉ်ကိုစတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော ကြောင့်ပင်ဖြစ်သည်။

လုပ်ငန်းခွင်လည်ပတ်မှုအား အထိုင်ကျစေရန် ၂၀၂၂ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းများအတွက် သင်ယူလေ့လာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုဖန်တီးသွားရန်ဖြစ်သည်။

ကျွန်ုပ်တို့၏ အနာဂတ်အတွက် အရေးပေးမှုမဟာဗျူဟာကို ဖော်ဆောင်ရာတွင် ဒေသန္တရစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်ုပ်တို့၏ အခြေခံအုတ်မြစ်နှင့် ခေါင်းဆောင်မှုစွမ်းရည်ကို တည်ဆောက်ရာတွင် အရေးပါအရာရောက် အဓိကကျသည့် အချက်ပင်ဖြစ်ပါသည်။ ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဝန်ထမ်းဦးရေ (၂၂၀) ဦးအား ရာထူးတိုးမြှင့်ပေးခဲ့ပြီး လက်လီဘဏ်လုပ်ငန်းအား ကူညီထောက်ပံ့ရေးနိုင်ရန်အတွက် ဇရိယာမန်နေဂျာ (၆) ဦးအား ခန့်အပ်ထားရှိခဲ့ပါသည်။ ခေါင်းဆောင်နိုင်မှု စွမ်းရည်ရှိသည့်ဝန်ထမ်းများအား ရွေးချယ်ပြီး ရှေ့ဆက်လှမ်းလျှောက်ရမည့် လမ်းကြောင်းအတွက် ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အခွင့်အလမ်းများအားပြုလုပ်ပေးခြင်း နှင့် လေ့ကျင့်သင်ကြားပေးခြင်းများ ပြုလုပ်ပေးလျက်ရှိပါသည်။ ခေါင်းဆောင်မှုဆက်ခံခြင်းအတွက်ကျွန်ုပ်တို့အနေဖြင့် ဌာနတွင်းနှင့်ပြင်ပမှ အရည်အချင်းရှိ သူများအားရွေးချယ် ခန့်ထားပေးလျက်ရှိပါသည်။

လူမှုအသိုင်းအဝိုင်းအားဖန်တီးပုံဖော်ခြင်း

မြန်မာနိုင်ငံအဂှမ်းရှိ uabians (uab ဝန်ထမ်းများ) ဆုံဆည်းရာ နေရာအဖြစ် Facebook စာမျက်နှာတွင် uabians Community ဟူသော အဖွဲ့ကိုပြုလုပ်ခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဌာနခွဲ ဘဏ်ခွဲ အလိုက်ပြုလုပ်သော လူပ်ရှားမှုများအား အချိန်နှင့် တပြေးညီသိရှိနိုင်ရန်အတွက် သတင်းဖြန့်ချိခြင်းများပြုလုပ်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ခံစားရမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ဝန်ထမ်းများအပေါ် ဝမ်းနည်းကြေကွဲမှု နှင့် ၎င်းတို့ အသက်ရှင်နေစဉ်အတွင်း အတူတကွ အလုပ်လုပ်ကိုင်ကူညီစောင့်ရှောက်ခဲ့ရမှုများအပေါ် ကျေးဇူးတင်ရှိကြောင်းပြောကြားနိုင်ရန်နှင့် ဝမ်းနည်းကြေကွဲမှုအား ဖော်ထုတ်နိုင်ရန် အထိမ်းအမှတ်နေရာ တစ်ခုအား စီစဉ်ထားရှိပေးခဲ့ပါသည်။

ထို့ပြင် လူမှုကွန်ရက်စာမျက်နှာမှ တဆင့်အောင်မြင်မှုများ၊ အရောင်းကိစ္စကြိုးပမ်းမှုများနှင့် ဝန်ထမ်းများ သင်ယူလေ့လာနိုင်မည့် သင်ခန်းစာများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း တည်ဆောက်ရာတွင် ၁၀ နှစ်ကြာ တာဝန်ထမ်းဆောင်လျက်ရှိသည့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များမှ ဘဏ်ဝန်ထမ်းများ စုစုပေါင်း (၂၁၉) ဦးအားအသိအမှတ်ပြုဆုတံဆိပ်နှင့် ရွှေဒဂါးပြားများအား ချီးမြှင့်ပေးခဲ့ပါသည်။ ယခုလူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းအားပိုမိုကောင်းမွန်သည့်အခြေအနေနှင့် ကောင်းမွန်သည့်ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ရောက်ရှိအောင် တဖြည်းဖြည်းပြောင်းလဲလုပ် ဆောင်သွားမည်ဖြစ်ပါ သည်။

သင်ယူလေ့လာခြင်းသည် ယခင်သတ်မှတ်ထားသည့် ပုံစံမျိုးမဟုတ်ဘဲ ဖွဲ့စည်းပုံ ပုံစံပြောင်းလဲလာပြီ ဖြစ်ပါသည်။ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းသည် လူအချင်းချင်း ကူညီရှိင်းပင်းပြီးအတူတကွသင်ယူလေ့လာပြီး ပေါင်းသင်းဆက်ဆံရေးကိုပါ ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

လူစွမ်းအားအရင်းအမြစ်ဆိုင်ရာအစီရင်ခံစာ

ကျွန်ုပ်တို့၏ ဆုကြေးနှင့် ခံစားခွင့်များ

ဘဏ်၏ ဆုကြေးနှင့် ခံစားခွင့်ဆိုင်ရာ အစီအစဉ်တွင် အဓိကအားဖြင့် Fixed Payနှင့် Variable Payဟူ၍ အစိတ်အပိုင်း(၂)ခုပါရှိပါသည်။ ထို့ပြင်ဝန်ထမ်းများ၏ တစ်ဦးချင်းစီရောင်းအား အပေါ်မူတည်၍ ခံစားခွင့်များကိုလည်း ထားရှိခြင်းဖြင့် ဝန်ထမ်းများ အရောင်းစွမ်းရည်တိုးတက်နိုင်သော လုံ့ဆော်မှုများရရှိနိုင်ပါသည်။ စွမ်းဆောင်ရည်မြင့်မားသော အရောင်းဝန်ထမ်းများအတွက် ကောင်းမွန်သည့် စနစ်အသစ်အားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ဝန်ထမ်းများ အနေဖြင့်ရရှိသည့် ခံစားခွင့်များအား အဘက်ဘက်မှနေ၍ တရားမျှတမှုရှိစွာ ဆုံးဖြတ်ပေးအပ်ထားရှိခဲ့ပြီး ထိုကဲ့သို့ခံစားခွင့်များ ပေးအပ်ခြင်းသည် ပုံပိုးကူညီမှုများအတွက် ဆုလက်ဆောင်ပေးအပ်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း တိုးတက်အောင် အားပေးရာရောက်ခြင်းနှင့် အရည်အချင်းများအား ပိုမိုတိုးတက်အောင် ကြိုးစားချင်စိတ်ရှိအောင် ထောက်ပံ့ပေးနိုင်ရန် အတွက်အဓိက ထားရည်ရွယ်ပါသည်။

ထို့ပြင် ဒါရိုက်တာဘုတ်အဖွဲ့နှင့် အကြီးတန်းအရာရှိများမှ လျော်ကြေးမူဝါဒနှင့် လျော်ကြေးပေးခြင်းဆိုင်ရာ ကျင့်ထုံးများနှင့် အစီအစဉ်များသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ နှင့် အခြားသောပြင်ပမှ လုပ်ဆောင်နေမှုများနှင့် ကိုက်ညီမှုရှိ၊ မရှိစသည်တို့ကို ပုံမှန်သုံးသပ်ချက်များ ပြုလုပ်ပေးလျက်ရှိပါသည်။ လစာဆုကြေးငွေများ၊ လျော်ကြေးများ စသည်တို့သည် ရေတိုဘဏ္ဍာရေးဆိုင်ရာ တိုင်းတာမှုများဖြစ်ပြီး ယင်းတို့အပြင် ရေရှည်တည်တံ့နိုင်မှုရည်မှန်းချက်မှုများကိုလည်း ကြည့်ရှုဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

